
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ မှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**



# ၁

တကယ်တော့ ကလောမြို့ကို ထွက်လာခဲ့ရသော ခရီးစဉ်ကို 'ဒေါ(န်)( Down )–(အရှက်ဦး)' ဘယ်လိုမှ စိတ်မပါခဲ့ပါ။

အမေဖြစ်တဲ့သူ တဂျိဂျိလုပ်နေတာကြောင့်သာ ထွက်လာခဲ့ရသော ခရီးဖြစ်ပါသည်။

"သမီးပဲ စဉ်းစားကြည့်လေ 'မဦး'တို့ သမီးကိုဖိတ်နေတာ ဘယ်လောက်ကြာခဲ့ပြီလဲ... သမီးပဲ နေ့ရွှေ့ညရွှေ့လုပ်နေတာနဲ့ ခများများ ပါးစပ်ပိတ်နေခဲ့ရရှာတာ"

ဟုတ်ပါသည်။ မေမေက 'မဦး'ဟု ခေါ်သော 'အန်တီ



www.burmeseclassic.com

www.burmeseclassic.com



မေဦး'သည်'ဒေါ(န်)' ကို ကလောမြို့ကိုလာလည်ဖို့ ဖိတ်နေခဲ့တာနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပါပြီ။

ဒါပေမဲ့ 'ဒေါ(န်)'ရဲ့အလုပ်တွေက ဘယ်တော့မှအားတယ်မရှိတာကြောင့်လည်း သွားလည်ဖို့စိတ်ကူးမပေါ်ပေါက်ခဲ့ပါ။

ခု အန်တီ'မေဦး' အိပ်ရာထဲလဲနေပြီဆိုတော့ 'ဒေါ(န်)' လုံးဝမငြင်းသာတော့ပါချေ။

"'ခွန်'လည်း ကလောကိုပြန်ရောက်နေပြီတဲ့"

'ဒေါ(န်)' မေမေ့စကားကြောင့် သက်ပြင်းကိုမသိမသာချလိုက်မိပါသည်။

'ခွန်'ဟု မေမေပြောနေသော 'ခွန်ထွန်းနိုင်'နှင့် 'ဒေါ(န်)' တို့ကို ငယ်စဉ်ကတည်းက လူကြီးတွေသဘောကူထားခဲ့ကြသည်။

အရွယ်ရောက်လာတော့ 'ဒေါ(န်)'ကလည်း ကိုယ့်အလုပ်နှင့်ကိုယ် 'ကိုခွန်ထွန်း'လည်း သူ့အလုပ်နှင့်သူမို့ လူချင်းမဆုံဖြစ်ခဲ့ကြပါ။

တလောက အန်တီ'မေဦး' ရန်ကုန်ကို ဆေးလာကုရင်း 'ဒေါ(န်)' တို့အိမ်ကိုရောက်လာခဲ့သည်။ အန်တီ 'မေဦး'နှင့်အတူ





'ကိုခွန်ထွန်း'လည်း အန်တီ 'မေဦး'နှင့်အတူ ပါလာခဲ့သည်။

ထိုအချိန်မှ 'ဒေါ(န်)'နဲ့ 'ကိုခွန်ထွန်း'နဲ့ ကောင်းကောင်းပြန်တွေ့ခဲ့ကြရတာဖြစ်သည်။

အသက်က 'ဒေါ(န်)'နဲ့မှ အရွယ်တူ သုံးဆယ်ကျော်လောက်ရှိသော 'ကိုခွန်ထွန်း'ပုံစံသည် ရိုးသားအေးဆေးတည်ငြိမ်သော လူရွယ်တစ်ဦးပုံစံမျိုးပါ။

အိမ်ကိုရောက်လာပြီဆိုတော့လည်း 'ဒေါ(န်)' နှုတ်ဆက်စကားဆိုရပါသည်။

BURMESE CLASSIC .com

"လုပ်ငန်းတွေ အဆင်ပြေရဲ့လား 'ကိုခွန်ထွန်း'"

သစ်သီးခြံနှင့် လိမ္မော်ခြံပေါင်းများစွာ ပိုင်ဆိုင်သူမို့ အချိုရည်နှင့် စည်သွပ်ဘူးကုမ္ပဏီထောင်ကာ အိပ်(စ်)ပို့လုပ်ဖို့ကြိုးစားနေသည်ဟု မေမေတို့ဆီက ကြားထားရသည်။

"ကြိုးစားနေတုန်းပါပဲ... Fresh အချိုရည်လုပ်ငန်းကတော့ ပြည်တွင်းဈေးကွက်မှာ ခိုင်ခိုင်မာမာနေရာရနေပါပြီ"

တစ်ခါတလေ အားလပ်လျှင် တီဗွီထိုင်ကြည့်ဖြစ်တာကြောင့် Fresh အချိုရည်ကြော်ငြာကို မှတ်မိနေပါသည်။

"နိုင်ငံခြားကိုပို့မှာ အချိုရည်လား... အသီးအနှံလား"

"အချိုရည်က ပြည်တွင်းဈေးကွက်အတွက် အဓိကပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထုတ်လုပ်တာပါ… အသီးအနှံကို တင်ပို့မှာပါ… ဟိုက ကျွန်တော်တို့ရဲ့ အသီးအနှံကို အရမ်းသဘောကျတယ် ခက်တာက ပို့ရင် အလေအလွင့်များတာပဲ"

"အအေးခန်း ကွန်တိန်နာတွေ မသုံးဘူးလား"

"အခု စလုပ်နေပါပြီ… ထုပ်ပိုးမှုကိုလည်း အသေအချာ ကိုင်တွယ်နေပါပြီ အစီက တင်ပို့ချင်တာက စည်သွပ်ဘူးတွေပါ… ကျွန်တော်တို့ မြန်မာပြည်မှာက အသီးအနှံမျိုးစုံထွက်တော့ ဒီအတိုင်း ကုန်ကြမ်းကိုတင်ပို့တာထက် ကုန်ချောထုတ်လုပ်ပြီးမှ တင်ပို့ရင် ပိုအကျိုးအမြတ်များလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်"

နိုင်ငံခြားမှ အမ်ဘီအေ ဘွဲ့ရခဲ့တာကြောင့် 'ကိုခွန်ထွန်း'ရဲ့ အစီအစဉ်တွေက စနစ်ကျလှသည်။

"အခု စည်သွပ်ဘူးစက်ရုံဆောက်ပြီးလို့ လုပ်ငန်းလည်း လည်ပတ်နေပါပြီ"

"စည်သွပ်ဘူး စက်ရုံက ဘယ်မှာဆောက်တာလဲ"

"အောင်ဘန်းမှာပါ… လှိုင်သာယာမှာလည်း စက်ရုံခွဲတစ်ခုဆောက်ဖို့ လုပ်နေပါပြီ"

အလုပ်ကြီးအကိုင်ကြီးများကို လုပ်ကိုင်နေသူမို့ 'ကိုခွန်ထွန်း'စကားတွေက အားမာန်အပြည့်ဖြစ်နေပါသည်။





"ဒါဆို 'ကိုခွန်ထွန်း'က ဟိုတစ်လှည့် ဒီတစ်လှည့်ကူးနေရတာပေါ့"

"ဟုတ်ပါတယ်… ဟိုမှာက ဖေဖေတို့ လေးလေးတို့ ကြီးကြပ်နေတော့ တော်သေးတယ်… ဒီမှာ ကိုယ်မရှိရင် လုံးဝဖြစ်တာမဟုတ်ဘူး"

လူငယ်ချင်းတွေသည်ဆိုတော့လည်း ပြောသောစကားအားလုံးက အလုပ်အကြောင်းတွေချည်းပါပဲ။

"ကျွန်တော့်ကိုသာ မေးနေတယ်… 'ဒေါ(န်)'အလုပ်တွေကကော တလောက ဟောင်ကောင်သွားသေးတယ်ဆို မဂ္ဂဇင်းထဲမှာ ဆောင်းပါးဖတ်လိုက်ရသေးတယ်"

BURMESE CLASSIC .com

စီးပွားရေး လုပ်ငန်းရှင်ဖြစ်တဲ့အပြင် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းတွင်ဝင်ထားတာကြောင့် ကျောက်မျက်လုပ်ငန်းနှင့်ပတ်သက်ကာ ပြပွဲများအတွက် နိုင်ငံခြားကိုအကြိမ်ကြိမ်သွားရောက်ခဲ့ရပါသည်။

သွားခဲ့တဲ့အခေါက်တိုင်းအတွက်လည်း ခရီးသွားဆောင်းပါးလေးတွေကို မကြာခဏရေးဖြစ်ခဲ့သည်။

"ဟုတ်တယ်… ကိုယ်မရောက်ဖူးတဲ့ ဒေသသစ်တစ်ခုကိုရောက်တိုင်း မရောက်ဘူးသေးတဲ့လူတွေကို ပြန်ရေးပြချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပဲလေ… အားတာနဲ့ ရေးဖြစ်တယ်”

“မေမေကတောင် ‘ဒေါ်(န်)’ စာတွေဖတ်ပြီး ကျွန်တော်တို့ စည်သွပ်ဘူးစက်ရုံကို လာလေ့လာဖို့ပြောနေသေးတယ်”

‘ဒေါ်(န်)’ ရယ်လိုက်မိပါသည်။ ဝါသနာအရ စာရေးတာကလွဲလျှင် စာရေးစားဖို့ ‘ဒေါ်(န်)’ ဝါသနာမပါ,ပါ။

“ဟောင်ကောင်မှာ ဘယ်လောက်ကြာခဲ့လဲ ‘ဒေါ်(န်)’”

“ဟုတ်ကဲ့ ဟိုမှာ ပြပွဲသွားလုပ်တာဆိုတော့ နှစ်လလောက်ပဲကြာခဲ့ပါတယ်”

“အဆင်ရောပြေခဲ့ရဲ့လား”

“မဆိုးဘူး ပြောရမှာပါပဲ”

‘မင်းစိုးရာဇာ’ ကျောက်မျက်ရတနာ လုပ်ငန်းသည် ‘ဒေါ်(န်)’မိဘတွေလက်ထက်ထဲက လုပ်ကိုင်လာခဲ့သော ရတနာလုပ်ငန်းကြီးတစ်ခုဖြစ်ပါသည်။

သည်ရတနာလုပ်ငန်းထဲမှာပဲ ကြီးပြင်းလာခဲ့ရသော ပတ္တမြား၊ နီလာ၊ စိန်ထည်၊ ကျောက်စိမ်း စတဲ့ ရတနာတွေက ‘ဒေါ်(န်)’ နဲ့ အပေါင်းအသင်းလို ရင်းနှီးနေခဲ့ပါသည်။

ဘယ်အပွင့်လေးကဖြင့် အရေချိုတယ်၊ ဘယ်အပွင့်လေးကဖြင့် အပြစ်ကင်းတယ်၊ ဘယ်အပွင့်လေးကို ဘယ်လိုသွေးလိုက်





လျှင် ကျောက်ကပုံကလှပြီး လူစိတ်ဝင်စားလာမှာပဲ စသည့်ဖြင့် ‘ဒေါ်(န်)’ငယ်စဉ်ကတည်းက သိနေခဲ့ပါသည်။

မေမေတို့က ကျောက်ဆိုလျှင် ဒုံးရောင်းလျှင်ရောင်း မရောင်းလျှင် ကျောက်ထည်ကပ်ခါ လက်ဝတ်လက်စားအဖြစ်လောက်ပဲ ရောင်းချကြပေမယ့် ‘ဒေါ်(န်)’ လက်ထက်မှာတော့ မေမေတို့ထက် ပိုအမြင်ကျယ်လာခဲ့ပါသည်။

နိုင်ငံခြားမှ ကက်တလောက်တွေမှာကာ သမရိုးကျရွှေထုထည် ထုထူကြီးနဲ့လက်ဝတ်လက်စားတွေအစား နိုင်ငံခြားသားတွေပိုနှစ်သက်သော ကျောက်ကိုပိုဦးစားပေးတဲ့ လက်ရာဒီဇိုင်းတွေကို တည်ထွင်ထုတ်လုပ်ခဲ့သည်။

ကိုယ်တိုင်လည်း ဘန်ကောက်ကိုသွားကာ လက်ဝတ်ရတနာဒီဇိုင်းသင် တန်းတွေ တက်လိုက်သေးသည်။ မိဘရိုးရာလက်ပန်းထိမ်လုပ်ငန်းအပြင် ပိုမိုခေတ်မီဆန်းသစ်သော စက်ပန်းထိမ်ကိုပါ တည်ထောင်လိုက်သေးသည်။

သည်တော့ မေမေတို့လက်ထက်ကထက် ‘ဒေါ်(န်)’ လက်ထက်တွင် ‘မင်းစိုးရာဇာ’ကျောက်မျက်ရတနာလုပ်ငန်းက ပိုမိုတွင်ကျယ်လာခဲ့သည်။

သည်လို တွင်ကျယ်လာအောင်လည်း ‘ဒေါ်(န်)’ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမှုတွေအများကြီးလုပ်ခဲ့ရသည်။

ဧည့်လမ်းညွှန်တွေနှင့် ခင်မင်ရင်းနှီးအောင်ပေါင်းကာ လာသမျှ တိုးရစ်တွေကို ဆိုင်ကိုလာချင်အောင်ဆွဲဆောင်ရသည်။

သူတို့အကြိုက်ကို မေးမြန်းစုံစမ်းရသည်။

သူတို့အကြိုက်ကို သိလျှင် 'ဒေါ(န်)'က လိုအပ်သမျှ ထပ်မံဖြည့် ဆည်းရသည်။

ခုဆိုလျှင် 'ဒေါ(န်)'ရဲ့ 'မင်းစိုးရာဇာ' ကျောက်မျက်ရတနာလုပ်ငန်းသည် ဆိုင်ခွဲသုံးဆိုင် ဖွင့်လှစ်ခဲ့ပြီဖြစ်သလို 'ဒေါ(န်)' ကိုယ်တိုင်လည်း ရတနာလုပ်ငန်းနှင့်ပတ်သက်ကာ ဘန်ကောက် မလေးရှား၊ စင်္ကာပူနှင့် ဟောင်ကောင်တို့ကို အကြိမ်ကြိမ်သွားရောက်ခဲ့ပြီးပါပြီ။

လုပ်ငန်းထဲ စိတ်ကိုလုံးဝနှစ်ထားတာမို့ အသက်ပင်ဘယ်လို သုံးဆယ်ကျော်သွားခဲ့မှန်း မသိလိုက်ပါ။

သည်အချိန်မှာတော့ မေမေတို့က 'ဒေါ(န်)'ကိုတစ်ယောက်တည်း လွှတ်မထားချင်တော့ပါ။

တစ်ဦးတည်းသော သမီးလေးမို့ နှောင်ရေးစိတ်အေးရအောင် အိမ်ထောင်ရေးကိစ္စကို စဉ်းစားစေချင်ကြသည်။

'ဒေါ(န်)'ဘက်မှာ သည်လိုပြဿနာတွေဖြစ်ပေါ်နေချိန်





'ကိုခွန်ထွန်း'ဘက်မှာလည်း 'ဒေါ(န်)'လိုပင် ဖိအားတွေများလာခဲ့ပါသည်။

နှစ်ဦးလုံးက အောင်မြင်သောစီးပွားရေးသမားတွေဖြစ်နေလေတော့ အိမ်ထောင်ရေးကိစ္စကို သိပ်အလေးမထားချင်ကြပါ။

ပိုဆိုးတာက 'ဒေါ(န်)'။

"မေမေကလည်း ဒီအတိုင်းနေတော့ ဘာဖြစ်မှာကြနေတာပဲ"

"ဟဲ့... သမီး ကညာအရွယ်ရောက်လာရင် အခါမလင့်ရဘူးဆိုတာ မကြားဖူးဘူးလား... အခါလင့်ရင် ယုတ်သောသူနဲ့ရတတ်သတဲ့"

"အဲဒါ ရှေးခေတ်ကပဲ... ခုခေတ်မှာ ယုတ်သောသူကိုယ်လည်း 'ဒေါ(န်)'က ကြိုက်ပါ့မလား... 'ဒေါ(န်)' ကလေးမဟုတ်တော့ပါဘူး မေမေရဲ့"

"အေးလေ... ကလေးမဟုတ်လို့လည်း ဒီလောက်ပြောနေရတာပေါ့... ပညာရှိသတိဖြစ်ခဲ့သတဲ့"

မေမေ့စကားအတွက် 'ဒေါ(န်)'စိတ်ပျက်သလို မျက်ခုံးရှုံ့လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ(န်)'လို နိုင်ငံတကာပတ်ပြီး စီးပွားရေးလုပ်နေတဲ့ မိန်းမက သ်တီဖြစ်ခဲဆိုတာ ဖြစ်နိုင်မတဲ့လား"

"ခု 'မဦး' မမာပြီး အိပ်ရာထဲလဲပြီဆိုတော့ မေမေတို့မှာ တာဝန်ရှိသလို ခံစားရတယ်... သူ့ခမျာ သမီးနဲ့ သူ့သားကိုအရမ်း မျှော်လင့်ထားတာ"

'ဒေါ(န်)'သက်ပြင်းကို ပိုမိုပြီးလေးလံစွာချလိုက်မိပါသည်။ အန်တီ 'မဦး'ကိုတော့ 'ဒေါ(န်)'အားနာပါသည်။ ဒါပေမဲ့ အားနာတာနဲ့ပဲ 'ဒေါ(န်)'ဘဝတစ်ခုလုံးကို 'ကိုခွန်ထွန်း' ရင်ခွင်တွင်းသို့ တိုးဝင်ရတော့မှာလား။

ပြီးတော့ 'ဒေါ(န်)'က သာမန်မိန်းမတစ်ယောက်လည်း မဟုတ်ခဲ့ပါ။

သာမန်မိန်းမတစ်ယောက်ဆို သာမန်အိမ်ရှင်မဘဝကို လွယ်လွယ်ကူကူ တိုးဝင်နိုင်မှာသေချာပေမယ့် 'ဒေါ(န်)'က နာမည်ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပါ။

'ဒေါ(န်)' ဘယ်လိုနည်းနဲ့မှ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့သြဇာကို နာခံနိုင်မည်မထင်ပါ။

"နင့်ကြောင့်တော့ ခက်ပါတယ် 'ဒေါ(န်)'ရယ်... ဒီလိုနဲ့ပဲ ငါတို့ လူကြီးတွေလည်း မျက်နှာပျက်ရတော့မယ်နဲ့တူပါရဲ့"





မေမေ 'ဒေါ(န်)'အပါးက ညည်းညူကာထွက်သွားခဲ့ပါသည်။

'ဒေါ(န်)' ဘယ်လိုလုပ်ရပါ့မလဲ။ အရေးကြုံတော့ 'ဒေါ(န်)' အရေးကြုံတော့ 'တာရာ့'ကို သတိရမိပါသည်။

'တာရာ'သည် 'ဒေါ(န်)' တက္ကသိုလ်ရောက်တဲ့နှစ်မှတွဲခဲ့သော သူငယ်ချင်းဖြစ်ပေမယ့်လည်း ငယ်သူငယ်ချင်းအရင်းတွေလို 'ဒေါ(န်)'ကိုချစ်သော သူငယ်ချင်းတစ်ယောက်ပါ။

မိဘများက လျှပ်စစ်ပစ္စည်းများရောင်းချကာ ကုမ္ပဏီကြီးဖွင့်ထားတာကြောင့် 'ဒေါ(န်)'လိုပင် စီးပွားရေးအမြင်ရှိသော သူငယ်ချင်းကောင်းတစ်ဦးလည်း ဖြစ်ပြန်သည်။

'ဒေါ(န်)'နဲ့ ပိုပြီးတွဲဖြစ်ရတဲ့အကြောင်းက 'တာရာ'ကိုယ်တိုင်လည်း စီးပွားရေးတွင် စိတ်ရောကိုယ်ပါနှစ်ထားသော အပျိုကြီးတစ်ဦးပါပဲ။

'ဒေါ(န်)'က မိန်းမဆန်ဆန်လုပ်ပြီး ခေတ်မီသွက်လက်သလောက် 'တာရာ'က ယောကျ်ားဆန်ဆန် ရဲရဲရင့်ရင့် ထက်ထက်မြက်မြက် ရှိလှသော မိန်းကလေးချောလေးတစ်ဦးပါပဲ။

'ဒေါ(န်)'ဆိုသည်က ဖုန်းနှိပ်သည်ဆိုသည်နှင့် 'တာရာ့' အသံခပ်ပြတ်ပြတ်က ထွက်ပေါ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲဆို မိန်းမ... ဘာကိစ္စလဲ"

"လင် ကိစ္စဟေ့"

"အသက်ပဲကြီးနေပြီ... ဒီဇာတ်လမ်းက မပြီးသေးဘူးလား"

'ဒေါ(န်)'နဲ့ 'ကိုခွန်ထွန်း'ရဲ့အကြောင်း အားလုံးကို သိပြီးသားမို့ မေးလိုက်တာဖြစ်ပါသည်။

"အေးဟယ်... သူတို့လူကြီးတွေ စိတ်ထဲမှာ အသက်ကြီးလာတာကိုပဲ အပြစ်မြင်နေသလိုပါပဲ"

"ဒါဆိုလဲ... ယူလိုက်ပေါ့ဟယ်... ဘာခက်လို့လဲ"

"နင် ယူပါလား"

တစ်ဖက်မှ ရယ်သံလွင့်လွင့်ပေါ်လာပါသည်။ 'တာရာ'ကလည်း စီးပွားရေးပဲ ဦးစားပေးနေသူမို့ ယောကျ်ားယူဖို့ စိတ်ကူးသူ မဟုတ်ပါ။ ပြီးတော့ ယောကျ်ားတွေကိုလဲ သိပ်အထင်မကြီးတတ်သူ တစ်ဦးဖြစ်ပြန်သည်။

"အခု... နင် ဘာလုပ်နေတာလဲ"

"ဒီနေ့ ရောက်တဲ့ မော်ဒယ်အသစ် တီဗွီတွေကို စာရင်းသွင်းနေတာ"

"ဘာလဲ... ဝမ်းတန်း တွေလား"





"နို း နို း brand new တွေ"

"ဆိုနီတို့ တိုရှီဘာတို့လား..."

"အစုံပဲ... ဆမ်ဆောင်းကော ရှပ်ပ် ကော"

"နင် မအားဘူးပေါ့..."

"မအားလည်း နင့်အပူငါ့အပူပဲပေါ့ ပြော... အခု ဘာဖြစ်နေလဲ"

"ကလောကိုသွားမလို့တဲ့"

"ဘာဖြစ်လဲ လိုက်သွားလိုက်ပေါ့... နင်လည်းအခုအလုပ်ပါးနေတာပဲ... မဟုတ်ဘူးလား"

ပွင့်လင်းရာသီမရောက်သေးတာကြောင့် 'ဒေါ(န်)'ရဲ့အလုပ်တွေလည်း ယာယီနားရတဲ့အချိန်ပါ။

"လိုက်မသွားဘဲ ကျိကျမှုနေသေးတယ်... လိုက်သွားပြီးအကျိုးသင့်အကြောင်းသင့်ရှင်းပြတာ ပိုမကောင်းဘူးလား... ဘာနဲ့သွားမှာလဲ"

"ငါ့ကားနဲ့ပဲ"

"နင်မောင်းမှာလား..."

"ငါ့အမေစီးရဲမယ်မထင်ဘူး..."

ကားမောင်းရင်အလုပ်ထဲ စိတ်ရောက်နေတတ်၍ မေမေ



www.burmeseclassic.com

www.burmeseclassic.com



က 'ဒေါ(န်)' ကိုကားမမောင်းချင်ပါ။

'ဒေါ(န်)'အတွက် ဒရိုင်ဘာဦးလေးကြီးတစ်ယောက်ခေါ် ပေးထားသည်။

"ဒါဆို 'အဘညို' ပဲ မောင်းမယ်ပေါ့"

"အေး နင်လိုက်နိုင်ရင်ကောင်းမယ်... "

"ပြည်ပန်းညိုချိုချင်ပါလျက် ဆားကဖျက်ဆိုသလို ငါ့ကြောင့်နင်တို့ကိစ္စပျက်ရင် နင့်အမေ ငါ့ကိုမျက်စောင်းခဲနေလိမ့်မယ်...ဘယ်တော့သွားဖြစ်မှာလဲ"

"ငါသာခေါင်းညိတ်ရင် မနက်ဖြန်ပဲ သွားရင်သွားဖြစ်မှာ"

"ကောင်းတာပေါ့..."

'တာရာ' ရယ်သံကြောင့် 'ဒေါ(န်)'စိတ်တိုရသည်။ 'ဒေါ(န်)'မှာသာ ကိုယ့်ကိစ္စနှင့်ကိုယ် ရင်မအေးနိုင်ပေမယ့်'တာရာ' ဘဝကျတော့ အေးချမ်းလိုက်တာ။

"မနာလိုဘူး... "

"ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲဟာ့... ဒီမှာသာ မနာလိုဘူးပြော နေတယ်... ဟိုရောက်မှ ငါ့ကို မေ့ချင်မေ့နေမှာ"

"မေ့လောက်စရာရှိမယ် မထင်ပါဘူး"





စီးပွားရေးကလွဲ၍ မိန်းမတစ်ယောက်ကိုကျလောက်အောင်မဆွဲဆောင်နိုင်တဲ့ 'ကိုခွန်ထွန်း'ကို 'ဒေါ(န်)' ဘယ်လိုမှ စိတ်ဝင်စားနိုင်မယ်မထင်ပါ။

မေမေကတော့ 'ဒေါ(န်)' စိတ်မဝင်စားဝင်စားအောင် ဖြားယောင်းရှာသည်။

"ဟိုမှာ 'ခွန်'က မြင်းတွေလည်းမွေးထားတယ်တဲ့... သမီး စိတ်ဝင်စားရင် စိတ်ဝင်စားမှာပါ"

ငယ်ငယ်တုန်းက မြင်းစီးသင်ထားတာကြောင့် အနည်းငယ်စိတ်ဝင်စားမိတာကလွဲလျှင် ရင်မခုန်မိတာအမှန်ပါ။

"နင် ကလောကိုဘာမှာဦးမှာလဲ"

"ဘယ်လောက်ကြာမှာမို့လို့လဲ"

ရောက်လက်စနဲ့ မေမေတစ်လလောက်တော့ နေမှာကို 'ဒေါ(န်)'ကြိုသိနေလေသည်။

'ဒေါ(န်)'အလုပ်တွေအတွက်လည်း ဖုန်းဆက်လို့ရနေတာကြောင့်...

"အနည်းဆုံး တစ်လလောက်တော့ ကြာချင်ကြာမှာ"

"ရင်ခုန်စရာ လူတစ်ယောက်လောက်တော့ မှာချင်တယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



'တာရာ' က ရယ်နေသည်။ အေးခဲငြိမ်သက်နေသော 'တာရာ့'နှလုံးသားကို နိုးထလာအောင် ပြုနိုင်တဲ့သူကောရှိပါ့မလား။

"နင်က ဟုတ်လား"

"အေးလေ မမှာရဘူးလား"

ကျောင်းစာတစ်ခုကလွဲ၍ ဘာကိုမှစိတ်မဝင်စားတတ်တဲ့ 'တာရာ့'ဆီက စကားအဆန်းကြောင့် 'ဒေါ(န်)'ပြုံးလိုက်မိသည်။

"နင်က ဒီတစ်သက်ယောကျ်ားကော ယူမှာမို့လို့လား"

"ဟဲ့... ချစ်တဲ့သူတွေ့ရင်တော့ ယူမှာပေါ့"

"နင့်လို ဘယ်ယောကျ်ားမှစိတ်မဝင်စားတတ်တဲ့သူက ချစ်တဲ့သူ ဘယ်လိုတွေ့နိုင်မှာလဲ"

"နင် ထင်နေလို့ပါ"

"× × × "

'ဒေါ(န်)''တာရာ့' စကားသံအောက်မှာ ဘာမှပြန်မပြောနိုင်အောင်ငြိမ်သက်နေမိပါသည်။

'တာရာ' တကယ်ပြောတာလား။

"ငါ နင်နဲ့မတွေ့ခင်က လူတစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်ခဲ့ဖူးတယ်"





"တကယ်"

'တာရာ့'ဘက်က ဆိတ်ဆိတ်နေခြင်းဖြင့်ဝန်ခံလေသည်။

"အခု... အဲဒီလူကော"

'ဒေါ(န်)'အံ့ဩသလို အသံကျယ်ကျယ်လေးမေးလိုက်မိသည်။

"သူ ပျောက်သွားတာကြာပြီ... ငါ့ဘဝထဲကကို လုံးဝ ပျောက်သွားတာ"

"နင် မရှာဘူးလား"

"ငါကပဲ တိတ်တခိုးချစ်ခဲ့ရတာဆိုတော့ ဘယ်လိုလိုက်ရှာမလဲ"

'တာရာ့'အသံက တကယ့်ကို ဝမ်းနည်းကြေကွဲသံပေါ် လွင်နေပါသည်။

"အဲဒီအချိန်ကတည်းက ငါ ဘယ်သူ့ကိုမှ ချစ်လို့မရခဲ့တာ"

'ဒေါ(န်)' စိတ်မကောင်းသလို သက်ပြင်းချလိုက်မိပါသည်။

'တာရာ' ကမှ စွဲစွဲလမ်းလမ်းချစ်ခဲ့ဖူးသူ ရှိသေးသည်။ 'ဒေါ(န်)'ကတော့ ဒီနေ့ထက်ထိ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးသေးတာ



www.burmeseclassic.com

www.burmeseclassic.com



အသေအချာပါ။

"ကဲပါ... ငါ့အကြောင်းတွေတွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့... ညဘက်ကျရင် ငါ နှင့်ဆီလာခဲ့မယ်... တို့နှစ်ယောက်အပြင်မှာ ဒင်နာထွက်စားရင် မကောင်းဘူးလား... ကန်တော်ကလေးမှာ ရိုးရာစားသောက်ဆိုင်ရှိတယ်... အဲဒီမှာ ဆုံကြမယ်လေ"

"ရိုးရာ ဘယ်နားမှာလဲ"

"ဒေါ်သိန်းတင် လမ်းထဲမှာလေ... အစားအသောက်ကောင်းတယ်"

နှစ်ယောက်သား တစ်ယောက်တစ်လှည့်ဝယ်ကျွေးနေကျမို့ 'ဒေါ(န်)' မငြင်းချင်ပါ။

"ဘယ်နှစ်နာရီလာခဲ့ရမှာလဲ"

"ခုနစ်နာရီလောက်ပေါ့ ဖြစ်ပါ့မလား"

"ဖြစ်ရမှာပေါ့"

'ဒေါ(န်)' ဖုန်းကိုပိတ်ပြီး နာရီကိုကြည့်လိုက်တော့ ငါးနာရီထိုးလုနေပါပြီ။

'တာရာ' ရင်ထဲက အကြောင်းတွေကို 'ဒေါ(န်)' သိချင်နေမိသေးသည်။ သည်အကြောင်းတွေကို အရင်တုန်းက 'တာရာ' ဘာလို့များ ဖွင့်မပြောဖြစ်ခဲ့တာပါလိမ့်။





# ၂

ကန်တော်ကလေး ဒေါ်သိန်းတင် လမ်းတွင်းသို့အဝင်နီရောင်ဒပ်ဘယ်ကက်(ပ်)ရှေ့တွင် အဝါရောင်ဝတ်စုံဖြင့် လက်ကိုက်ရပ်နေသော 'တာရာ့'ကို ဦးစွာတွေ့လိုက်ရသည်။

'ဒေါ(န်)'ရဲ့ နက်ပြာရောင် ပရားဒိုးကြီးကိုအတွေ့ 'တာရာ'က လက်ဝှေ့ယမ်းပြသည်။

အနားတွင်ရှိနေသူတွေက ရည်းစားကိုစောင့်နေတဲ့ကောင်မလေး သူ့ ကောင်လေးလာ၍ လက်ပြသည်ဟုထင်မှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်က 'ဒေါ်(န်)' ဆင်းလာ၍ အံ့ညြနေကြလေသည်။

စိမ်းပြာရောင်တစ်ဆက်တည်း အင်္ကျီအပျော့ဖြင့် 'ဒေါ်(န်)'က ခေတ်ဆန်ဆန်လှပသလို ကာကီရောင် ဖိုးကွာတား ဘောင်းဘီရှည်အဝါရောင် ဟန်းဒ်တန်းတီရှပ်အတိုဖြင့် 'တာရာ' သည်လည်း ချစ်စရာကောင်းသော မိန်းမပျိုလေးတစ်ဦးပါ။

'ဒေါ်(န်)' သူမနားကို ရောက်အလာ ကားတွင်းမှ အထုပ်တချို့ကို လှမ်းပေးသည်။

"ကလောအတွက်"

"ဘာတွေလဲ"

"ငါးခြောက်နဲ့ ပုစွန်ခြောက်တွေ"

"'တာရာ'ကလည်းကွာ"

"မငြင်းကြေးလေ"

'တာရာ' အလုပ်ကိစ္စဖြင့် မော်လမြိုင်တို့ မြဝတီတို့ဘက် သွားလျှင်လည်း 'ဒေါ်(န်)'က ဝယ်ပေးနေကြဆိုတော့ 'ဒေါ်(န်)' မငြင်းသာပါ။

နှစ်ယောက်သား ဆိုင်ထဲကိုဝင်ထိုင်ရင်း ကိုယ်ကြိုက်တာ ကိုယ်မှာစားကြသည်။





နှစ်ယောက်လုံးက ဝိတ်တက်မှာစိုး၍ ထမင်းထက် ဟင်းကိုပဲ ပိုစားဖြစ်ကြလေသည်။

"နောက်ဆို ငါတို့ ဒီလိုစားဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"ကလောကပြန်လာရင် နင်က ထူးခြားလာမို့လေ"

'ဒေါ်(န်)' ပြုံးလိုက်သည်။ 'ကိုခွန်ထွန်း'က 'ဒေါ်(န်)'ကို ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ ရင်ခုန်လာအောင် ပြုစားနိုင်ပါ့မလား။

"ငါတော့ မထင်ဘူး"

"'ကိုခွန်ထွန်း' ကိုအားမနာပေမယ့် နင် သူ့အမေကြီးကိုတော့ အားနာမိမှာပဲ မဟုတ်လား"

ဒါကိုတော့ 'ဒေါ်(န်)' မဖြစ်ချင်ပါ။ ဒါပေမဲ့ လူကြီးတွေကို အားနာတာနဲ့ပဲ 'ဒေါ်(န်)' ဘဝ နိဂုံးချုပ်ရမှာပါလား။

"'ကိုခွန်ထွန်း' ဘက်ကကော ဘယ်လိုလဲ"

အေးချမ်းတည်ငြိမ် သော 'ကိုခွန်ထွန်း' ပုံစံက မိခင်စကားကိုနားထောင်မဲ့ ပုံစံမျိုးပါ။

"ဖြစ်မလာသေးတာကို တွေးမနေချင်တော့ပါဘူး...ဟို ရောက်မှ မီးစင်ကြည့်ကလိုက်တော့မယ်... ငါ့ကိုသာ မေးနေတယ်



www.burmeseclassic.com

www.burmeseclassic.com



နင်ကကော ဒီလိုပဲ နေတော့မှာလား"

မျက်နှာပေါ် အကောင်းစား ကရင်(လ်)ပါးပါးလေးသာ လူးထားသည့် 'တာရာ့' မျက်နှာလေးဟာ ချောမွတ်၍နေပါသည်။

"ဒီလိုပဲ မနေလို့ ချစ်ရမယ့်သူက ရှာလို့မှမတွေ့တော့တာ"

"တွေ့လာရင် လက်ထပ်မယ်ပေါ့"

"ဒါပေါ့"

'တာရာ့' မျက်နှာက အပြုံးလှလှဖြင့် တောက်ပ၍နေသည်။

"မိန်းမ ကြည့်တော့သာ မခုတ်တတ်တဲ့ကြောင်လို... မျက်နှာသေနဲ့နေပြီး... ဘယ်အချိန်ကတည်းက ဘဲရှိနေတယ် မသိဘူး"

"နင်နဲ့ မတွေ့ခင် အချိန်ကတည်းက ငါ သူ့ကို သဘောကျခဲ့တာ... သူ့ကို သဘောကျလို့လဲ ငါ ဆယ်တန်းအောင်အောင် ကြိုးစားခဲ့တာပေါ့"

'တာရာ့' မျက်နှာသည် တက်ကြွခြင်းကင်းမဲ့ကာ မှိုင်းမှိုင်းမှုံနေသည်။

"ငါ တက္ကသိုလ် ဒုတိယနှစ်ရောက်တဲ့နှစ်မှာပဲ သူ ဂျပန်





ကိုထွက်သွားတယ်လို့ ကြားလိုက်ရတယ်... အဲဒီအချိန်ကတည်းက ငါ သူ့ကို မတွေ့ရတော့တာ ခုချိန်ထိပါပဲ"

"အဲဒီအကြောင်းတွေ နင် ငါ့ကို တစ်လုံးတောင်မဟခဲ့ဘူး... နော်"

"ဟဖို့ အကြောင်းမှ မဖန်ခဲ့တာကိုး"

"သူက ချောလို့လား"

'တာရာ' ကခေါင်းခါသည်။

"ဒါနဲ့များ ဟယ်"

"ယောကျ်ားတစ်ယောက်ကို စွဲလမ်းဖို့ဆိုတာ ချောဖို့ လှဖို့ထက် ဖြောင့်မတ်တည်ကြည်ရိုးသားဖို့က ပိုပြီး အရေးကြီးတယ်လို့ ငါ ထင်တယ်"

"ဒါဆို နင့်လူ ဖြောင့်မတ်တည်ကြည်ရိုးသားတာပေါ့"

'တာရာ' ခေါင်းညိတ်ပြသည်။

"နင် ဘယ်လို သိလဲ"

"သူတို့ မိသားစုက ငါတို့တိုက်နားမှာ နေသွားလို့ပဲ"

"သြော်... ဒါကြောင့် နင် စွဲလမ်းခဲ့တာကိုး... သူနာမည်က ဘယ်သူလဲဟင်"

"'နေညို'"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ(န်)'ခပ်တိုးတိုး လိုက်ဆိုမိရင်း သဘောကျသလို ခေါင်းညိတ်လိုက်မိသည်။

"နာမည်လေးကတော့ ချစ်စရာလေးပဲ... လူကတော့ ဘယ်လိုပုံစံဖြစ်မလဲ မသိဘူး"

"အသားညိုညို အရပ်မနိမ့်မမြင့်နဲ့ပါပဲ... သူ့မှာ ညီမလေးတစ်ယောက်ရှိတယ်... 'မေချို'တဲ့ သူ့ညီမလေးကို သူ အရမ်းချစ်တယ်"

"အခုတော့ သူတို့ ဘယ်မှာလဲ"

"အဲဒါကို... ငါလည်း သိချင်နေတာ"

'တာရာ'ရဲ့ မျက်ဝန်းတွေက အဝေးကိုငေး၍ နေသည်။ 'တာရာ'ရင်တွင်းမှာ ဒီလို အတိတ်ကဇာတ်လမ်းတွေရှိနေမှတော့ နောက်ထပ် ချစ်သူ တစ်ယောက်ရဖို့ဆိုတာ လွယ်မည်မထင်တော့ပါ။

"ကဲပါ... ငါ့အတွက် နင်လည်း စိတ်မောမနေပါနဲ့... နင့်အတွက်လည်း နင် အဆင်ပြေအောင်လုပ်လာခဲ့ပါ"

"အေးပါ... ငါ နားလည်ပါတယ်"

သူငယ်ချင်းနှစ်ယောက် ခွဲခွါတော့ ညရှစ်နာရီထိုးလုနေပါပြီ။





မနက်စောစော ရန်ကုန်မှထွက်ဖြစ်မည်မို့ မေမေက စောစောအိပ်ဖို့ လောနေသည်။

အိပ်ရာတွင်းဝင်ရင်း 'ဒေါ(န်)' 'တာရာ့'စကားတွေကို သတိရနေမိသည်။

'ကိုခွန်ထွန်း'ကကော ဘယ်လိုလူလဲ။

'တာရာ'ပြောသလို ဖြောင့်မတ်တည်ကြည် ရိုးသားတဲ့ လူတစ်ယောက်ဟုတ်ရဲ့လား။

'ဒေါ(န်)'အတွေးက သိပ်ကြာကြာမခံလိုက်ပါ။

ရိုးရာစားသောက်ဆိုင်၏ ကြက်ဥစပယ်ရှယ်ကြော်ကြောင့် 'ဒေါ(န်)'ရဲ့မျက်လုံးက မဖွင့်ချင်တော့ပါ။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



## ၃

ကလောရှိ 'ကိုခွန်ထွန်း'တို့၏ခြံကိုရောက်လာချိန်က ညနေစောင်းလုနေပါပြီ။

ရန်ကုန်မှာ ဒီလိုညနေပိုင်းတွင် လေကလေးတဖြူးဖြူးနှင့် နေလို့ကောင်းနေမှာသေချာပေမယ့် ကလောမြို့မှာတော့ အတော်လေးကိုအေးနေပါသည်။

မေမေသည် သူဝတ်လာသော ဆွယ်တာကိုဆွဲစေ့ရင်း 'ဒေါ(န်)'ကိုလှမ်းမေးလိုက်သည်။

"သမီးကော ဆွယ်တာတွေလုံလုံလောက်လောက်ထည့်





လာရဲ့လား"

လည်သာအညိုရောင်နှင့် အသားရောင်လောင်းကုတ်နှစ်ထည်ထည့်လာခဲ့၍ လုံလောက်မည်ထင်ပါသည်။ ပြီးတော့ ရိုးလ်ကော်လာပါ တီရှပ်သုံးထည်လည်း 'ဒေါ(န်)'ထည့်လာပါသေးသည်။

'ဒေါ(န်)'ခေါင်းအညိတ် ကားသည်စင်ဝင်ရှေ့တွင်ထိုးရပ်လိုက်ပါသည်။

"လာပါ အန်တီ... မေမေက အန်တီတို့လာမယ်ကြားပြီးကတည်းက မျှော်နေတာ"

တိုက်အဝင်ဝတွင် စီးကြိုနေသူက 'ကိုခွန်ထွန်း' ကိုယ်တိုင်ပါ။

ငွေရောင်ဆန်သော မီးခိုးနုရောင် ခေါင်းစွပ်ဆွယ်တာနက်ပြာရင့်ရောင်ဗွမ်းဘောင်းဘီအရှည်ဖြင့် 'ကိုခွန်ထွန်း'သည် လူရည်သန့်တစ်ဦးပုံစံပါ။

" 'မဦး'ကော... အန်တီ အရမ်းတွေ့ချင်နေပြီကွယ်"

မေမေသည် ဧည့်ခန်းထဲရောက်သည်နှင့် သူ့သူငယ်ချင်းကို တမ်းတမ်းတတမေးလိုက်သည်။

"မေမေ အန်တီ့ကိုစောင့်နေပါတယ် ဒီမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ညှော့ခန်းတွင်း ဆိုဖာပေါ် ပိုက်ဆံအိတ်ကိုပစ်ချရင်း မေမေသည် 'ကိုခွန်ထွန်း'နောက်ကိုလိုက်ဖို့ပြင်နေသည်။

'ဒေါ(န်)'ကိုယ်တိုင်လည်း မေမေ့နောက်ကိုလိုက်ဖို့ပြင်ရသည်။

ကိုယ့်ဘက်က အပြစ်လိုဖြစ်နေတော့လည်း သိပ်ပြီးမာနကြီးတင်းမထားချင်ပါ။

အခန်းတစ်ခန်းတွင်းကိုအရောက် မေမေအရမ်းတွေ့ချင်နေသော အန်တီ 'မေဦး'ကိုတွေ့လိုက်ရသည်။

"သူငယ်ချင်းရောက်လာပြီလား"

"အောင်မယ်လေး... မသေလို့တွေ့ရတယ် သူငယ်ချင်းရယ်"

သူငယ်ချင်းနှစ်ဦးဖက်ကာ အလွမ်းသယ်နေကြတာ 'ကိုခွန်ထွန်း'ကော 'ဒေါ(န်)'ပါ မျက်ရည်တဝဲဝဲဖြင့် ငေးကြည့်နေမိကြပါသည်။

အန်တီ 'မေဦး'သည် ရန်ကုန်ကိုရောက်လာစဉ်ကရုပ်ထက် အများကြီးကိုပါးလျားသွားခဲ့ပါသည်။

"သမီး 'ဒေါ(န်)' နေကောင်းတယ်နော်"

"ဟုတ်ကဲ့ပါ အန်တီ"





'ဒေါ(န်)' အန်တီ 'မေဦး'လက်ကိုဆုပ်ကိုင်ကာ ခေါင်းညိတ်အဖြေပေးလိုက်မိသည်။

"သမီးတို့ရောက်လာတာ အန်တီ 'မေဦး' ဝမ်းသာလိုက်တာကွယ်"

"သမီးလည်း အန်တီ 'မေဦး'ကို တွေ့ချင်နေတာပါ"

"ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးနေကြနော်... သား အန်တီ 'စိုး'တို့အတွက် လိုအပ်တာ ဘာရှိသေးလဲ ကြည့်ပါဦးကွယ်"

"အားလုံးကြည့်ပြီးပါပြီ... အန်တီ 'စိုး'နဲ့ 'ဒေါ(န်)'တို့အတွက် အပေါ်ထပ်ကနှစ်ယောက်ခန်းမှာ ပြင်ပေးထားပါတယ်"

"ရပါတယ် 'မဦး'ရယ် နေရထိုင်ရတာ အရေးမကြီးပါဘူး... သူငယ်ချင်း နေကောင်းဖို့ပဲ အရေးကြီးတယ်"

"ကောင်းပြီ ကောင်းပြီ အခုကို အရမ်းနေလို့ကောင်းသွားပြီ"

နှာတံစင်းစင်း မျက်နှာပါးပါးလေးဖြင့် အန်တီ 'မေဦး'သည် မေမေ့ကိုချစ်ရှာလွန်းသော သူငယ်ချင်းတစ်ဦးပါ။

တက္ကသိုလ်ရောက်မှတွေ့ကြပေမယ့် လူကြီးတွေက အရင်ကတည်းက ရင်းနှီးနေကြလေတော့ ပိုလို့သာတွဲဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... အဲဒါသာ ကြည့်တော့ 'မစိုး'ရေ... ခင်ဗျား သူငယ်ချင်းက ကိုယ်တွင်းရောဂါထက် စိတ်ရောဂါက ပိုဆိုးနေတာ... ကျုပ်တို့ သူ့အနား'မှာ တစ်ချိန်လုံးနေပေးနေတာ သူ ဒီလိုတစ်ချက်မပြုံးဖူးဘူးလေ... ခု ခင်ဗျားတို့ သားအမိကိုတွေ့လိုက်ရမှ သူပြုံးလာတာ"

အန်တီ 'မေဦး'၏ ခင်ပွန်းသည် အန်ကယ် 'ဦးအောင်နိုင်'က ဝင်ပြောလိုက်တာဖြစ်ပါသည်။

"စိတ်ချ... သူငယ်ချင်း အမြဲပြုံးနိုင်အောင် ကိုယ်ဒီမှာ အကြာကြီးနေမှာ"

"ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်"

သူငယ်ချင်းနှစ်ယောက် အေးချမ်းသာယာစွာစကားပြောနေကြသည်ဆိုတော့လည်း 'ဒေါ(န်)' 'ကိုခွန်ထွန်း'နဲ့အတူ အပေါ်ထပ်ကိုတက်လာခဲ့လိုက်သည်။

"ဒါ 'ဒေါ(န်)'နဲ့ အန်တီတို့ နေဖို့အခန်းပါ... လိုအပ်တာရှိရင်လည်းပြောပါ"

အပေါ်ထပ်ရှိ အခန်းကျယ်ကြီးကိုအရောက် 'ကိုခွန်ထွန်း'ကလှမ်းပြောသည်။

အခန်းတွင်းတွင် တစ်ယောက်အိပ်ကုတင်နှစ်လုံးခင်း





ထားကာ အလယ်တွင်စာရေးစားပွဲခုံခြားထားပြီး အနောက်ဘက်တွင် အဝတ်စင်နှင့် ဗီရိုတစ်လုံးစီထည့်ပေးထားသည်။ ရေချိုးခန်းနှင့် အိမ်သာကလည်း တွဲလျက်ပါတာမို့ အစစ အဆင်ပြေပါသည်။

ခြံထဲကိုလှမ်းကြည့်လျှင် ရောင်မျိုးစုံနေသော ပန်းခင်းကြီးကို တမျှော်တခေါ်တွေ့ရကာ အဝေးတွင် မြက်ခင်းစိမ်းစမ်းနှင့်မြေပြန့်လွင်ပြင်ကိုတွေ့ရတာကြောင့် ရင်မှာအေးမြရပါသည်။

တစ်နေ့တစ်နေ့ စီးပွားရေး ကြီးပွားရေးပဲတွေးကာ အလုပ်ထဲမှာ စိတ်ကိုနှစ်ထားရတာကြောင့် ဒီလိုငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်နှင့်မထိတွေ့ရတာ အတော်ကိုကြာမြင့်ခဲ့ပါသည်။

ခုလို ငြိမ်းချမ်းသော ပတ်ဝန်းကျင်ကိုအတွေ့ 'ဒေါ(န်)' စိတ်တွေ ပြန်လည်လန်းဆန်းရသည်။

တလက်စတည်း အန်တီ 'မေဦး'ကိုလည်း ကျေးဇူးတင်လိုက်မိသည်။

"'ဒေါ(န်)'ကလောကိုလာတာတောင် နောက်ကျသွားတယ်"

"ဒီလိုပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် 'ဒေါ(န်)'ရယ်... ကျွန်တော်က 'ဒေါ(န်)' ချက်ချင်းပြန်သွားမှာကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေမိတာပါ”

‘ဒေါ်(န်)’ပြုံးရင်း ခြံထဲကိုငုံ့အကြည့် ခပ်လှမ်းလှမ်းတွင် သစ်သားအိမ်တန်းကြီးကိုတွေ့လိုက်ရတာကြောင့် ‘ကိုခွန်ထွန်း’ကို လှည့်မေးလိုက်မိသည်။

“ဟို အိမ်ကြီးက ဘာအိမ်ကြီးလဲ ‘ကိုခွန်ထွန်း’ ”

“သြော်... မြင်းဇောင်းပါ အထဲမှာ ကျွန်တော်မွေးထားတဲ့ မြင်းတွေရှိတယ်”

“တကယ်”

‘ဒေါ်(န်)’ရွှင်မြူးသာယာစွာ ပြုံးလိုက်မိသည်။ ဒါကြောင့် ‘ဒေါ်(န်)’ ကို မေမေပြောခဲ့တာကို။

“ ‘ဒေါ်(န်)’စိတ်ဝင်စားရင် မနက်ကြတော့ သွားကြည့်ကြမယ်လေ... ခုတော့ ‘ဒေါ်(န်)’ လည်းပင်ပန်းလာရောပေါ့”

‘ကိုခွန်ထွန်း’ ပြောမှ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေတာကို သတိပြုမိသည်။ တစ်နေ့လုံး ကားစီးလာခဲ့ရသည်ပဲလေ။

“ညဘက် ဒင်နာကျမှ ပြန်ဆုံကြမယ်နော် ‘ဒေါ်(န်)’ ”

“ဟုတ်ကဲ့”

‘ကိုခွန်ထွန်း’ ထွက်သွားပြီး မကြာမီ ကောင်မလေးတစ်





ယောက်နှင့် မေမေရောက်လာခဲ့သည်။

“သမီး ဒါ ‘လုံးတင်’တဲ့... သမီးခိုင်းချင်တာ ခိုင်းလို့ရပြီ”

“ရပါတယ် မေမေ... သမီး နားလိုက်ဦးမယ်”

ခဏနားပြီး ရေမိုးချိုးကာ အောက်ထပ်ကိုဆင်းအလာ ‘ကိုခွန်ထွန်း’တို့မိသားစုက ထမင်းဝိုင်းနှင့် စောင့်ကြိုနေကြပါသည်။

တစ်လမ်းလုံး ပင်ပန်းလာတာရော ရေချိုးလိုက်တာပါ ရောက ညစာမစားဘူးဟုတင်းထားတဲ့ ‘ဒေါ်(န်)’စိတ်တွေ တယ်ကို ရောက်သွားမှန်းပင် မသိတော့ပါ။

‘ဒေါ်(န်)’ သတိထားမိချိန်မှာ ထမင်းနှစ်ပန်းကန်ပင် ပြောင်နေပါပြီ။

မေမေက ‘ဒေါ်(န်)’အဖြစ်ကိုကြည့်ကာ ပြုံးနေပါသည်။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



# ၄

"လာ 'ဒေါ(န်)'... ညက အိပ်ရေးဝဝအိပ်ရရဲ့လား"

တစ်လမ်းလုံး ပင်ပန်းလာခဲ့တာရော မိုက်တင်းတာပါရောက ညဦးပိုင်းကတည်းက 'ဒေါ(န်)'အိပ်ပျော်သွားခဲ့သည်မှာ မိုးစင်စင်လင်းမှ နိုးတော့သည်။

'ဒေါ(န်)'နိုးလာချိန်တွင် မေမေအခန်းတွင်းမှာ မရှိတော့ပါ။ သူ့သူငယ်ချင်းဆီသွားကာ စကားတွေသွားပြောနေပုံရပါသည်။

'ဒေါ(န်)'မျက်နှာသစ်ကာ အဝတ်အစားလဲပြီး အောက်





ထပ်ကိုဆင်းလာတော့ မေမေနှင့် အန်တီ 'မေဦး'ကို ထမင်းစားခန်းတွင်းမှာတွေ့လိုက်ရသည်။

"ဟော သမီး နိုးလာပြီလား... လာ လာ ဒီမှာ နွားနို့ ပူပူလေးသောက်လိုက် ထမင်းလည်း ကြော်ထားပေးတယ်"

မေမေနှင့် အန်တီ'မေဦး'ကျွေးသမျှ စားပြီးချိန် မေမေက 'ဒေါ(န်)' ကိုလှမ်းပြောသည်။

"သမီးကို ပြစရာရှိလို့တဲ့ 'ခွန်'ရယ် ခြံထဲမှာစောင့်နေတယ်"

"ဒါဆို သမီးလိုက်သွားလိုက်ဦးမယ်"

'ဒေါ(န်)'လှေကားကြီးတွေကို နှုတ်ဆက်ကာ ခြံထဲကိုဆင်းအလာ ခြံထောင့်ရှိမြင်းဇောင်းတွင် 'ကိုခွန်ထွန်း'ကို တွေ့လိုက်ရသည်။

အဝါနုရောင်ခေါင်းစွပ်ဆွယ်တာပေါ်တွင် အညိုနုရောင်ခါးတိုကိုထပ်ကာ ကာကီရောင်ဘောင်းဘီအရှည်တွင် လည်ရှည်ဖိနပ်စီးပြီး ဦးထုပ်ဆောင်းထားတဲ့ 'ကိုခွန်ထွန်း'ပုံစံက မြင်းစီးသမားတစ်ဦး အသွင်ပါ။

'ဒေါ(န်)'ကတော့ အတော်လေးအေးနေတာကြောင့် [illegible] ဆက်တည်း သိုးမွေးအကျီ မီးခိုးရောင်ပေါ်တွင် လောင်း[illegible]အ



www.burmeseclassic.com

www.burmeseclassic.com



သားရောင်ထပ်ဝတ်ခါ အနီရဲရဲသိုးမွေးဦးထုပ်လုံးလုံးလေးကို ဆောင်းလာခဲ့သည်။

ခြေထောက်မှာတော့ ပေါ့ပေါ့ပါးပါးလမ်းသွား၍ကောင်းသော စကက်(ရှ်)ရှာ ဖိနပ်အမည်းလေးကိုစီးလာခဲ့သည်။

"အိပ်လို့ကောင်းလား မကောင်းလား မိုးလင်းမှတစ်ရေးနိုးတာ 'ကိုခွန်ထွန်း'ရေ"

အိပ်ရေးဝထားတဲ့ 'ဒေါ(န်)' မျက်နှာက ကြည်လင်ကာလန်းဆန်း၍နေလေသည်။

" 'ဒေါ(န်)' ကို ကျွန်တော့်မြင်းတွေပြချင်လို့ စောင့်နေတာ... လာ 'ဒေါ(န်)' "

အိမ်ကြီး၏ သစ်သားတံခါးကိုတွန်းအဝင် အတွင်းတွင် မျက်နှာချင်းဆိုင် အခန်းသုံးခန်းစီပါ အဆောက်အဦးကြီးကိုတွေ့လိုက်ရကာ အခန်းသုံးခန်းက အခန်းများတံခါးများပိတ်ထားပြီး အရှေ့ဘက်က အခန်းသုံးခန်းမှာတော့ အညိုရင့်ရောင်၊ အမည်းရင့်ရောင်၊ မီးခိုးနှင့်အဖြူစပ်ကျား မြင်းလှလှကြီးသုံးကောင်ကို အံ့သြစွာတွေ့လိုက်ရပါသည်။

မြင်းများကိုအတွေ့ 'ဒေါ(န်)' ရွှင်မြူးသွားရသည်။ 'ကိုခွန်ထွန်း'ကို ဝမ်းသာအားရလှမ်းပြောလိုက်မိသည်။





"ဒါ... 'ကိုခွန်ထွန်း' မြင်းတွေလား"

"မဟုတ်ပါဘူးလို့ ပြောရဲတဲ့လူရှိရင် ကျွန်တော် ဆွဲထိုးပစ်မိမှာ"

"အို..."

'ဒေါ(န်)' သဘောကျသလို ရယ်လိုက်မိသည်။

"ကြည့်ပါဦး... လှလိုက်တဲ့မြင်းကြီးတွေ အမွေးတွေက ဖိတ်ဖိတ်လက်လက်တောက်ပ၍နေသည်။

" 'ကိုခွန်ထွန်း' လာတိုင်း စီးတာပဲလား"

"စီးတာပေါ့"

" 'ကိုခွန်ထွန်း'မရှိရင်ကော"

"ဖေဖေနဲ့ 'ကိုနေညို' တို့စီးတယ်"

" 'နေ... ညို' "

'ဒေါ(န်)' နှုတ်မှ အံ့သြသလို ရေရွတ်လိုက်မိသည်။

"ကျွန်တော့်မြင်းတွေရဲ့ ထရိန်နာပါ... 'အဘသန်း' 'ကိုနေညို'ကော"

'ကိုခွန်ထွန်း'က 'ဒေါ(န်)' ကိုပြောနေရင်း အခန်းတစ်ခန်းထဲက ထွက်လာသော အသက်ငါးဆယ်အရွယ် လူကြီးတစ်ယောက်ကိုလှမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုနကတော့ မြင်းတွေကိုရေဆေးနေတာပဲ... သူလည်း ရေချိုးနေပြီလား မသိဘူး"

'ဒေါ(န်)' ပခုံးတွန့်သွားရပါသည်။ ဒီလောက်အေးအေး ချမ်းချမ်းကြီး ရေချိုးတဲ့လူ ရှိပါသေးလား။

"ဟော... ဟိုမှာ လာနေပြီ"

ကျောခိုင်းအနေအထားမို့ ဝင်ပေါက်ရှိရာကိုလှည့်အကြည့် 'ဒေါ(န်)' တို့ရှိရာကို လူတစ်ယောက်လျှောက်လာနေသည်ကိုတွေ့လိုက်ရသည်။

စစ်ရောင်သိုးမွေးဦးထုပ်အကျပ်ကို ခေါင်းတွင်စွပ်ထားကာ စစ်ရောင်သိုးမွေးကိုယ်ကျပ်အင်္ကျီ၊ ရှမ်းဘောင်းဘီအမည်းကို သေသပ်စွာဝတ်ထားသူက 'ကိုခွန်ထွန်း' ကိုလှမ်းမေးသံကြားလိုက်ရသည်။

"ဘာများ ခိုင်းချင်လို့လဲ 'ကိုခွန်ထွန်း' "

"ဩော်... 'ကိုနေညို' ကို မိတ်ဆက်ပေးမလားလို့... ဒါ ရန်ကုန်က ကျွန်တော့်ရဲ့မိတ်ဆွေ 'ဒေါ(န်)' တဲ့... ဗမာလိုဆိုရင်တော့ 'အရဏ်ဦး' ပေါ့... 'ဒေါ(န်)'... ဒါ 'ကိုခွန်ထွန်း' မြင်းတွေရဲ့ထရိန်နာ 'ကိုနေညို' ပါ"

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်"





အလင်းရောင် မပီပြင်သော အခန်းတွင်းမှာပေမယ့် ထိုလူ့မျက်လုံးတွေကစူးရှပြောင်လက်နေကာ အပြုံးတွေကလည်း အေးစက်လှပါသည်။

"ကျွန်တော် ဘာများ အကူအညီပေးရမလဲ"

အသံကလည်း တည်ငြိမ်လှပါသည်။

"ဟိုလေ... 'ဒေါ(န်)' ငယ်ငယ်တုန်းက မြင်းစီးသင်ဖူးတယ်... ဒါပေမဲ့ မစီးဖြစ်တာတော့ ကြာပါပြီ"

"ဟုတ်တယ် 'ကိုနေညို'... အဲဒါ ကျွန်တော် 'ဒေါ(န်)'ကို ဘလက်ကီကိုပေးစီးရင် ကောင်းမလားလို့...အဆင်ပြေပါ့မလား"

"ကောင်းပါတယ်... ဘလက်ကီက သဘောကောင်းပါတယ်"

ထိုလူက မြင်းဇောင်းအတွင်းရှိ မည်းနက်ပြောင်လက်တောက်ပနေသော ဘလက်ကီဟူသည့်မြင်းကြီးကို ဆွဲထုတ်လာခဲ့ပါသည်။

'ဒေါ(န်)' မြင်းကြီး၏နှာနှုကိုလက်ဖြင့် အသာသပ်ရင်း 'ကိုခွန်ထွန်း' ကိုလှမ်းမေးလိုက်သည်။

"ဖြစ်ပါ့မလား 'ကိုခွန်ထွန်း' ရယ်... 'ဒေါ(န်)' ကမစီးတာကြာလှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း စီးမှာပဲလေ… ခပ်ဖြေးဖြေးပေါ့"

'ကိုနေညို'က 'ဒေါ(န်)'စီးမယ့် 'ဘလက်ကီ'နှင့် 'ကိုခွန်ထွန်း'စီးမယ့် 'ဘရောင်း'တို့ကို မြင်းကုန်းနှီးတတ်ပေးနေသည်။

"ဖြစ်ပါ့မလား ရှင်"

မြင်းပေါ်ကိုတက်ခါနီး 'ဒေါ(န်)' အနည်းငယ်လန့်နေမိသည်။

"ဖြစ်ပါတယ်… ဘလက်ကီက ယဉ်ပါတယ်"

"သိပ် အဝေးကြီးသွားမှာမှ မဟုတ်တာ… ဒီကုန်းအဆင်းလေးပဲ"

'ကိုခွန်ထွန်း'ကလည်း တိုက်တွန်းသလိုပြောနေတာကြောင့် 'ကိုနေညို'ရဲ့ အကူအညီဖြင့် 'ဒေါ(န်)' ခြေနှင်းကိုနင်းကာ မြင်းပေါ်ခွထိုင်လိုက်မိသည်။

'ကိုနေညို' ပြောသလိုပါပဲ ဘလက်ကီက သခင့်အလိုကျ ငြိမ်သက်စွာ ရပ်နေပါသည်။

"မြင်းဇက်ကိုကိုင်ပြီး လိုသလိုညွှန်ကြားလို့ရတယ်"

အခန်းတွင်းမှာမို့ အလင်းရောင်နည်းပါးကာ 'ကိုနေညို' မျက်နှာကို ကောင်းကောင်းမမြင်ရပေမယ့် အပြင်မှာတော့ ညိုညို စိုစို အသားအရေ၊ ထူထဲသော မျက်ခုံးများဖြင့် 'ကိုနေညို'သည် ယောကျ်ားပီပီသသဖြင့် ကြံ့ခိုင်သူတစ်ဦးပါ။

"ရော့… 'မဒေါ(န်)'… ဒီဦးထုပ်ကိုဆောင်းလိုက်"

သူ လှမ်းပေးလာသော မြင်းစီးဦးထုပ် အနီရောင်ကို ဆောင်းရင်း 'ဒေါ(န်)' ပြုံးလိုက်မိသည်။

'ကိုနေညို'ကိုလည်း လှမ်းပြောလိုက်မိသည်။

" 'ဒေါ(န်)'လို့ပဲ ခေါ်ပါလား"

"ဘာဖြစ်လို့လဲ… 'မဒေါ(န်)' "

"နားထဲမှာ ကြားရတာ တစ်မျိုးကြီးပဲ"

နှုတ်ခမ်းကိုစေ့ကာ ပြုံးလိုက်သော အပြုံးများသည် လှိုက်လှဲလှပါသည်။

"ကျွန်တော်… အားနာလို့ပါ"

"ကဲ… သွားရအောင် 'ဒေါ(န်)' "

'ကိုခွန်ထွန်း'က သူ့ ဘရောင်း ဇက်ကြိုးကိုဆွဲရင်း လှမ်းပြောနေတာကြောင့်သာ ထွက်လာခဲ့ရပေမယ့် 'ဒေါ(န်)' အတွေးထဲမှာ သူ့ အပြုံးက စွဲထင်ကာပါလာခဲ့ပါသည်။

♀ ♀ ♀






www.burmeseclassic.com

www.burmeseclassic.com



၅

" 'ကိုနေညို'က ဒီ ကလောကပဲလား"

စိမ်းမြနေသော မြက်ခင်းစိမ်းများပေါ် မြင်းဇက်ကြိုးကို ဆွဲကာ ခပ်ဖြည်းဖြည်းစီးလာရင်း 'ဒေါ(န်)' မေးလိုက်မိတာဖြစ်ပါသည်။

"ကိုယ့်သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီးရောက်လာတာ... ဒီကလောကတော့ ဟုတ်ဟန်မတူဘူး... ဘာဖြစ်လို့လဲ 'ဒေါ(န်)'... "

"သြော် 'ကိုခွန်ထွန်း' အတွက် စိတ်ချရတဲ့ ထရိန်နာတစ်





ယောက်ထင်လို့ပါ"

"အင်း 'ကိုနေညို' ဒီရောက်ပြီးတည်းက ကိုယ့်မြင်းတွေအတွက်သူပဲ အစစအရာရာ တာဝန်ယူပေးထားတာ... စိတ်ချရတဲ့လူတစ်ယောက်လို့ ပြောရမှာပါပဲ"

ပြောရင်း ကျန်ခဲ့တဲ့ ငါးနှစ်လောက်ကအဖြစ်ကို 'ခွန်' ပြန်မှတ်မိနေပါသေးသည်။

ထိုအချိန်က 'ဘရောင်း' ကို ဝယ်ပြီးကာစအချိန်ပါ။ မြင်းကိုသာစီးချင်သည်၊ မြင်းကိုထိန်းကျောင်းဖို့ 'ခွန်' နားမလည်ပါ။

'ဘရောင်း' ကအနည်းငယ်ရိုင်းသည်။ တိုက်တိုက်ဆိုင်ဆိုင် သူငယ်ချင်းဖြစ်သူ 'စိုင်းထွန်း' ဆီက ဖုန်းဝင်လာသည်။

'စိုင်းထွန်း' မိဘတွေက ဘန်ကောက်တွင် ကျောက်မျက်ဆိုင်ဖွင့်ထားကာ 'စိုင်းထွန်း' က ဘန်ကောက်နှင့်ရန်ကုန် ကူးနေသူဖြစ်ပါသည်။

'ခွန်' နှင့် ငယ်ငယ်လေးတည်းက သူငယ်ချင်းဖြစ်ကာ မြင်းစီး ဝါသနာပါသူဖြစ်သည်။

"ငါအမေတို့ဆီလိုက်သွားမလို့... ဒီတစ်ခါကြာမယ်... ငါ့မြင်းကြီးကိုမင်း ပြန်ယူလိုက်ပါလား..."

"ဟ ခါတိုင်းလည်းလိုက်သွားတာပဲ... ပြီးတော့ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တာပဲမဟုတ်ဘူးလား"

"အေး အခုဟာက ခါတိုင်းနဲ့မတူဘူး... ဆိုင်စောင့်ရင် စောင့်ရမှာမို့ အမေနေမကောင်းဘူး..."

သားအငယ်ဆုံးဖြစ်သူ 'စိုင်းထွန်း' အရင်တုန်းကလို အမေကိုဂျီကျနိုင်ပုံမပေါ်ပါ။

"ငါ ဒီမှာဝယ်ပြီးသွားပြီ 'စိုင်းထွန်း' ရ"

"ထပ်ဝယ်လည်းဘာဖြစ်လဲ... အန်ကယ်လည်းစီးလို့ရတာပေါ့..."

"ငါ့မြင်းထရိန်နာကိုပါ မင်းကိုပေးမှာ... ပိုက်ဆံပေးစရာလည်းမလိုဘူး... နေစရာစားစရာပေးရင်ရပြီ"

"မင်းဘာတွေပြောနေတာလဲ..."

"ငါ့ရဲ့အရင်းနှီးဆုံးသူငယ်ချင်းဖြစ်နေလို့ပါ... မင်းပိုက်ဆံပေးလည်း သူယူမှာမဟုတ်ဘူး"

'ခွန်' စိတ်ဝင်စားသွားသည်။ လောလောဆယ်သူ့မှာ မြင်းထရိန်နာကောင်းကောင်း လိုအပ်နေသည်မဟုတ်လား။

"ငါ့ရဲ့ 'ဘလက်ကီ' ကိုသာမင်း စီးကြည့်လိုက်... ကားစီးရတာထက်တောင် ဖိမ်ကျသေးတယ်"

'ခွန်' အထွန့်တက်ပြီး ငြင်းမနေချင်တော့ပါ။





"အေးလေ မင်းသဘောပါ... ဘယ်တော့လွှတ်လိုက်မှာလဲ"

"ဒီညနေ"

'စိုင်းထွန်း' ပြောသလို ညနေပိုင်းတွင် အမည်းရောင်ပြောင်လက်တောက်ပနေသော မြင်းလှလှကြီးနှင့် လူတစ်ယောက်ရောက်လာခဲ့ပါသည်။

အသားလတ်လတ်၊ အရပ်ကမနိမ့်မမြင့်နှင့်လူသည် 'စိုင်းထွန်း' ၏ သူငယ်ချင်းပဲ ဖြစ်ရပါမည်။

"ကျွန်တော် 'နေညို' ပါ... 'စိုင်းထွန်း' ရဲ့သူငယ်ချင်းပါ"

အေးစက်စက်မျက်ဝန်းတွေနှင့် တင်းမာသော နှုတ်ခမ်းတွေက တစ်စုံတစ်ခုကို ဖုံးကွယ်ထားသလို လုံခြုံနေသည်။

'စိုင်းထွန်း' ပြော၍သာ သူငယ်ချင်းဟု လက်ခံလိုက်ရပေမယ့် ဘယ်ကသူငယ်ချင်းမှန်း 'ခွန်' လည်းမသိပါချေ။

ထူးခြားတာက အခကြေးငွေမယူဘဲ မြင်းထရိန်နာလုပ်နေတာကိုပါပဲ။

ဒီလူကဘယ်လောက်ချမ်းသာနေလို့လဲ။

ပုံစံကတော့ ခေါင်းစွပ်သိုးမွေးဆွယ်တာ နက်ပြာရောင်ဦးထုပ်အကြမ်းဆောင်းပြီး ကျောတွင်ကျောပိုးအိတ်တစ်လုံးလွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

ဘယ်လိုပဲဖြစ်ဖြစ် 'စိုင်းထွန်း' ရဲ့ သူငယ်ချင်းဆိုတော့လည်း သူ့သူငယ်ချင်းလိုပဲ ဆက်ဆံလိုက်မိသည်။

"ခွန်ထွန်းနိုင်' ပါ... 'ကိုနေညို'... လိုအပ်တာပြောပါ"

"ဘာမှမလိုအပ်ပါဘူး... ကျွန်တော့်အတွက် အိပ်စရာ စားစရာရရင် ပြည့်စုံပါပြီ"

"မဟုတ်တာ... ကျွန်တော် 'ကိုနေညို' အတွက် တစ်လ ငါးသောင်းသတ်မှတ်ထားပါတယ်... နေဖို့လည်းကားဂိုဒေါင်ထဲမှာစီစဉ်ထားတယ်"

"ရတယ် ကျွန်တော်မြင်းဇောင်းထဲမှာပဲ အိပ်ပါ့မယ်... ပိုက်ဆံလည်းမလိုပါဘူး"

"မဟုတ်တာဗျာ... အနံ့အသက် ဘယ်ကောင်းပါ့မလဲ"

"ကျွန်တော်သူတို့နဲ့ပဲ နေချင်လို့ပါ..."

'ကိုနေညို' ကြောင့်ပင် နဂိုကခပ်သေးသေးဆောက်ထားသောမြင်းဇောင်းကို ပြန်ပြင်ဆောက်ကာ ယခုလိုမြင်းဇောင်းကြီး ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။

စားတာကိုတော့ မီးဖိုချောင်ထဲမှာပဲ လာစားတတ်သည်။ ပိုက်ဆံပေးတာကိုလည်း လုံးဝလက်မခံ၍ ငွေစုစာရင်းဖွင့်က





ထည့်ပေးထားရသည်။

အားလျှင်လည်း လုံးဝအနားမနေဘဲ ပန်းပင်တွေစိုက်တတ်၍ခြံထဲမှာ လုပ်နေရလေသည်။

'ကိုနေညို' အကြောင်းတွေပြန်သတိရနေရာမှ 'ခွန်' 'ဒေါ(န်)'ကိုလှမ်းကြည့်လိုက်သည်။ 'ဒေါ(န်)' မျက်နှာက သဘောကျကျေနပ်နေပုံနှင့်ပြုံးနေသည်။

"ဘယ့်နှယ်လဲ 'ဒေါ(န်)'... ဘလက်ကီက သဘောကောင်းရဲ့လား"

"အင်း... ခုချိန်ထိတော့ သူ့'ဒေါ(န်)'ကိုခါမချသေးဘူး"

ရယ်မောကာပြောနေသော 'ဒေါ(န်)'မျက်နှာက ချစ်စရာကောင်းလှပါသည်။

အလုပ်ထဲမှာဆို ကိုယ်က လူကြီးမို့ မျက်နှာကိုခပ်တည်တည်ပဲထားတတ်ပေမယ့် ခုလိုအချိန်က အနှောင်အဖွဲ့ကင်းမဲ့ကာ လွတ်လပ်တဲ့အချိန်မို့ 'ဒေါ(န်)' စိတ်တွေလွတ်လပ်ပေါ့ပါး၍နေရလေသည်။

'ခွန်' လွတ်ထွက်သွားတဲ့ သူ့စိတ်ကို ချုပ်နှောင်မနေဘဲ 'ဒေါ(န်)' မျက်နှာကိုငေးကြည့်ရင်း မေမေ့စကားကိုကြားယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလည်း အရွယ်ရောက်နေပြီပဲ... အိမ်ထောင်ပြုစေချင်ပြီ... မတော်လို့ မေမေ တိမ်းပါးသွားခဲ့ရင် သားကို ဘယ်သူပြုစုမလဲ"

"မေမေကလည်း ဘာမှမဖြစ်နိုင်ပါဘူး"

"မဖြစ်ဘူးဆိုလည်း ဒီအတိုင်းနေလို့မှမဖြစ်တာ... 'မစိုး' ကို မြန်မြန်စီစဉ်ဖို့ဖွင့်ပြောလိုက်တော့မယ်"

ခုလောက်ဆို မေမေ 'အန်တီစိုး' ကို ဖွင့်ပြောနေပြီလား မသိပါ။

'ခွန့်' မှာလည်း 'ဒေါ(န်)' ကို ဖွင့်ပြောဖို့တာဝန်ရှိတာကြောင့် သက်ပြင်းကိုချရင်း 'ဒေါ(န်)' ကို လှမ်းပြောလိုက်မိသည်။

"'ဒေါ(န်)' ကို ကျွန်တော်ပြောစရာရှိတယ်"

'ဒေါ(န်)' အရှိန်ဖြင့်သွားနေရာမှ မြင်းဇက်ကြိုးကိုဆွဲရင်း 'ကိုခွန်ထွန်း' ဘက်ကိုလှည့်ကြည့်လိုက်မိသည်။

ရင်ထဲမှာလည်း ဒိတ်ခနဲဖြစ်သွားရသည်။ ဒီကိုလာလျှင် ဒီစကားကြားရမယ်ဆိုတာ ကြိုသိထားပေမယ့် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ကြားရလိမ့်မယ်ဟု မျှော်လင့်မထားပါ။

ခုတော့ 'ကိုခွန်ထွန်း' ဘက်က စလာခဲ့ပြီပေါ့။

"'ဒေါ(န်)' နဲ့ကျွန်တော့်ကို လူကြီးတွေသဘောတူထား





တာ 'ဒေါ(န်)' သိပြီးပြီမဟုတ်လား"

'ဒေါ(န်)' မျက်နှာပူပူဖြင့် ခေါင်းညိတ်လိုက်မိပါသည်။

"'ဒေါ(န်)' ကျွန်တော့်ကိုဘယ်လိုမြင်လဲ"

"ဘာကိုပြောတာလဲ 'ကိုခွန်ထွန်း'"

"သြော် မိန်းမတစ်ယောက် လက်ခံနိုင်မယ့် ပုံစံမျိုးလား ငြင်းပယ်နိုင်တဲ့ ပုံစံမျိုးလားဆိုတာကိုပါ"

"'ကိုခွန်ထွန်း' ပုံစံက အစစအရာရာလက်ခံနိုင်တဲ့ ပုံစံမျိုး အခြေအနေမျိုးပါ..."

"ဒါကို 'ဒေါ(န်)' ဘာလို့များ ငြင်းနေရတာလဲ... ကျွန်တော်သိချင်လို့ပါ"

'ဒေါ(န်)' ခြောက်သွေ့လာသော လည်ချောင်းကြောင့် တံတွေးကိုမြိုချလိုက်သည်။

"'ဒေါ(န်)' မငြင်းပါဘူး"

"ဗျာ"

'ကိုခွန်ထွန်း' မျက်လုံးတွေ ချက်ချင်းကိုတောက်ပလာသည်။

"ဒါပေမဲ့ လက်လည်းလက်မခံချင်ဘူး"

"ဘာဖြစ်လို့လဲ 'ဒေါ(န်)' ရယ်"



www.burmeseclassic.com

www.burmeseclassic.com



'ကိုခွန်ထွန်း' လေသံက စိတ်ရှုပ်ထွေးသလို တိုးတိမ်သွားသည်။

" 'ဒေါ(န်)' စိတ်က 'ကိုခွန်ထွန်း'ကို စိမ်းနေသလိုပဲ"

"ဒါတော့ 'ဒေါ(န်)' ရယ်... ကျွန်တော်တို့အဖြစ်ကအခုမှ တွေ့ကြပေမယ့်လည်း 'ဒေါ(န်)' ရင်ထဲမှာ 'ကိုခွန်ထွန်း' နဲ့ပေးစားမယ့်အဖြစ်ကို ကြိုသိထားပြီးသားပါ။

ဒါပေမဲ့ဘာဖြစ်လို့များ 'ဒေါ(န်)' ရင်က ငြိမ်သက်နေရတာပါလိမ့်။

"အချိန်တွေရှိပါသေးတယ်"

'ဒေါ(န်)' အပြော 'ကိုခွန်ထွန်း' ကပြုံးသည်။

"ကျွန်တော်ကတော့ 'ဒေါ(န်)' ကို စိတ်ဝင်စားပါတယ်"

'ဒေါ(န်)' 'ကိုခွန်ထွန်း' မျက်နှာကို လှမ်းကြည့်ကာပြုံးလိုက်သည်။

မိန်းမတစ်ယောက် ကိုယ့်မျက်စိရှေ့ကို ရောက်လာမှချစ်စကားဆိုရဲတဲ့လူကို 'ဒေါ(န်)' ဘယ်လိုယုံကြည်ချက်နဲ့ လက်ခံရမှာလဲ။

" 'ဒေါ(န်)' တို့ပြန်ကြရအောင်"

'ဒေါ(န်)' တို့နှစ်ယောက် မြင်းဇောင်းရှိရာကို ပြန်ရောက်





လာတော့ 'ကိုနေညို' က အသင့်ကြိုစောင့်နေသည်။

ပြုံးရယ်ခြင်းကင်းသော မျက်ဝန်းတွေက 'ဒေါ(န်)' မျက်ဝန်းတွေနဲ့မဆုံအောင် တမင်လွှဲထားသလိုပင်။

'ဒေါ(န်)' တမင်ပင် စကားစလိုက်မိသည်။

" 'ကိုနေညို' ပြောသလိုပဲ ဘလက်ကီကသဘောကောင်းတယ်"

သူကဘာမှမပြောဘဲ ဘလက်ကီကိုဆွဲသွားကာ မြင်းကုန်းနှီးကို ဖြုတ်၍နေသည်။ 'ဒေါ(န်)' ကိုလည်းတစ်ချက်လေးမှ လှည့်မကြည့်ပါ။

'ဒေါ(န်)' စိတ်တိုတိုဖြင့် ကျောကိုလိုက်ထုလိုက်ချင်ပေမယ့် 'ဒေါ(န်)' နဲ့သူနဲ့တူလို့လား။

'ဒေါ(န်)' က ရန်ကုန်မြို့က နာမည်ရစီးပွားရေးလုပ်ငန်းရှင်။ ဒင်းက ဘာမို့လို့လဲ။

"ရော့..."

စိတ်တိုတိုဖြင့် မြင်းစီးဦးထုပ်ကို လှမ်းပစ်ပေးကာ အိမ်ဘက်ကို ပြန်လျှောက်လာခဲ့ပေမယ့် မျက်ဝန်းထဲမှာ ထိုလူရဲ့အေးစက်စက်မာကြောကြောမျက်နှာပဲ မြင်ယောင်ကာ ခံရခက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၄

"ဘယ်လိုလဲ သမီး... မြင်းစီးရတာ အဆင်ပြေခဲ့ရဲ့လား"

ဧည့်ခန်းတွင်းတွင် မေမေနဲ့ 'အန်တီမေဦး' တို့ထိုင်ကာ စကားပြောနေကြလေသည်။

သူငယ်ချင်းနဲ့ပြန်တွေ့ရတဲ့အတွက် 'အန်တီမေဦး' အသွင်က ပြန်လည်ကာကျန်းမာလာတဲ့ပုံစံမျိုးပါ။

"ဟုတ်ကဲ့ပါ 'အန်တီမေဦး' "

ထိုအချိန်အခန်းတွင်းက အန်ကယ် 'ဦးအောင်နိုင်' ထွက်လာသည်။





"ခြေတွေဘက်သွားမလို့... 'ခွန်' ဘာမှာဦးမလဲမသိဘူး"

ဆိုဖာတစ်လုံးပေါ်ထိုင်နေတဲ့ 'ကိုခွန်ထွန်း' က လှမ်းမေးသည်။

"မေမေသွားနှင့်ပါ... သားစက်ရုံကိုသွားစရာရှိတယ်... 'ဒေါ(န်)' ကောလိုက်ဦးမလား"

"ဟင့်အင်း... 'ဒေါ(န်)' နားချင်သေးတယ်"

နားချင်တာထက် ရန်ကုန်ကိုဖုန်းဆက်ချင်တာပါ။ လုပ်ငန်းကိစ္စတွေလည်း မေးမည်၊ ပြီးတော့ 'တာရာ' နဲ့လည်း စကားပြောချင်သေးသည်။

"ဟုတ်သားပဲသားရယ်... နောက်ရက်တွေရှိပါသေးတယ်"

"ဒါဆို 'အန်တီစိုး' ကျွန်တော့်ကိုခွင့်ပြုပါဦး"

မေမေ့ကိုခေါင်းညွှတ်ကာထွက်သွားသော 'ကိုခွန်ထွန်း' ၏နောက်ကျောပြင်ကို ငေးကြည့်ကာ မေမေကသဘောကျနေသည်။

"ယောကျ်ားဆိုတာ အဲ့ဒီလိုကြိုးစားမှ 'စိုး' ကသဘောကျတာ... မိန်းမဆိုတာကတော့ ယောကျ်ားရှာသမျှ စီးတဲ့ရေဆည်တဲ့ ကန်သင်းလို ထိန်းသိမ်းတတ်ရင်တော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"'စိုး' လိုလား"

"ဒါပေါ့... သမီးကိုလည်း 'စိုး' လိုဖြစ်စေချင်တာ... ဘယ်လောက်ပဲစီးပွားရှာရှာ မိန်းမကမိန်းမပဲလေ... အချိန်တန်အိမ်ထောင်ပြု... သားသမီးတော့ မွေးစေချင်သေးတာပေါ့...ဒါကြောင့် ဒီကိုအတင်းဖွတ်ခေါ်လာခဲ့ရတာ"

'ဒေါ(န်)' ငြိမ်နားထောင်နေရပေမယ့် စိတ်ထဲမှာတော့ ဘဝင်မကျလှပါ။

မေမေပြောသလိုဆို 'ဒေါ(န်)' က လင်ယူသားမွေးကိစ္စနဲ့ပဲ ဘဝတုံးရတော့မှာလား။

'ဒေါ(န်)' အလိုမကျမှန်းသိ၍ 'အန်တီမေဦး' က နှစ်သိမ့်သလို ပြုံးသည်။

"'စိုး' ပြောသလိုဆို 'ဒေါ(န်)' က ဘယ်ကျေနပ်ပါ့မလဲကွယ်... 'ဒေါ(န်)' ကလည်း ထက်မြက်တဲ့မိန်းကလေးပဲ... တစ်ဖက်တစ်လမ်းက စီးပွားရှာချင်မှာပေါ့"

"စီးပွားရှာတယ်ဆိုတာ မပြည့်စုံလို့ပဲ... 'မဦး' တို့ဒီလောက်ပြည့်စုံနေတာ"

"'အန်တီမေဦး' တို့ပြည့်စုံတာ သမီးပြည့်စုံတာမှမဟုတ်ဘဲ"





"အိုအေ... နောက်လည်း 'ခွန်' ပဲအားလုံးကိုပိုင်ဆိုင်ရမယ့်ဟာပဲ... 'ခွန်' ရတာ ညည်းရတာပဲပေါ့... မဟုတ်ဘူးလား 'မဦး' ရယ်"

'အန်တီမေဦး' က သဘောကျစွာ ရယ်နေနိုင်ပေမယ့် 'ဒေါ(န်)' ရင်ထဲမှာတော့ သဘောမကျနိုင်ပါ။

ယောက်ျားအားကိုးပြီးနေရမယ့်ဘဝမှာ 'ဒေါ(န်)' ဘယ်လောက်ပဲ သည်းညီးခံပြီးနေနိုင်မှာမို့လို့လဲ။

'ကိုခွန်ထွန်း' ကကော 'ဒေါ(န်)' ကိုဘယ်လောက်စိတ်ရှည်နိုင်မှာမို့လို့လဲ။

"ဖြစ်မယ်မထင်ပါဘူး မေမေရယ်"

'ဒေါ(န်)' စိတ်မောသလိုအညည်း မေမေကဆူသည်။

"ညည်းအေ ကိစ္စတစ်ခုကို လုပ်တောင်မလုပ်ရသေးဘူး မဖြစ်ဘူးလို့ဘာလို့ထင်နေရတာလဲ... ညည်းဖြစ်စေချင်တာ 'ခွန်' ကို ပြောပြပြီးပြီလား"

'ဒေါ(န်)' ခေါင်းခါလိုက်မိသည်။

"အဲ့ဒါ မေမေပြောတာပေါ့... 'ခွန်' နဲ့ပဲပြောဆိုကြည့်ပါဦး အဆင်ပြေရင်မေမေတို့ဘက်က စီစဉ်ပေးဖို့အသင့်ပဲ"

"ဟုတ်ပါတယ် သမီးရယ်... 'ခွန်' ကလည်း သမီးအလို



www.burmeseclassic.com

www.burmeseclassic.com



ကျ လိုက်လျှောမယ့်သူပါ”

လောလောဆယ် 'ဒေါ(န်)' နားချင်သေးတာကြောင့် မေမေနဲ့ 'အန့်တီမေဦး' တို့ကိုခွင့်တောင်းကာ အပေါ်ထပ်ကိုတက်လာခဲ့လိုက်ပါသည်။

ရင်ထဲမှာတော့ ဘာရယ်ကြောင့်မှန်းမသိဘဲ တင်းကျပ်လေးလံနေမိလေသည်။

ခုချိန်မှာ 'တာရာ' သာ အနားမှာရှိမယ်ဆို ဘယ်လောက်ကောင်းလိုက်မလဲ။ 'ဒေါ(န်)' ရင်ထဲက ခံစားနေရတာတွေကို ဖွင့်ပြောလိုက်ချင်သည်။

အတွေးများဖြင့် ပြတင်းဝတွင်အရပ်...

“ဟီး ဟီး ဟီး”

မြင်းဟီသံကြောင့် အသံလာရာကို လှည့်ကြည့်မိရဲ့သားဖြစ်သွားရသည်။

ဂရေးရောင်မြင်းပေါ်တွင် 'ကိုနေညို' က ဇက်ကြိုးကိုဆွဲကာ မြင်း၏ဗိုက်ကို ခြေနင်းဖြင့်ကန်ကျောက်ရင်း တောင်ကုန်းအတိုင်းအရှိန်ဖြင့်စီးဖို့ အားယူနေတာတွေ့လိုက်ရသည်။

ကျစ်လျစ်တောင့်တင်းသော ကိုယ်နေဟန်ဖြင့်'ကိုနေညို' မြင်းစီးဟန်က စီးလို့ကောင်းလှပါသည်။





ကြည့်ကောင်းကောင်းဖြင့် 'ဒေါ(န်)' ငေးနေဆဲ...

“အို:...”

'ကိုနေညို' က ပြတင်းဝမှ 'ဒေါ(န်)' ကို မြင်သွားဟန်ဖြင့် လှမ်းကြည့်လာပါသည်။

ဟွန်း သူ့လိုဘာမဟုတ်တဲ့လူကို 'ဒေါ(န်)' ကြည့်တာမမြင်စေချင်ပါဘူး။

ခန်းဆီးစနောက်အကွယ်တွင် ကိုယ်ကိုပုန်းအရပ် 'ကိုနေညို' တောင်ကုန်းအတိုင်းအရှိန်ဖြင့် ဆင်းချသွားတာကို တွေ့လိုက်ရပါသည်။

သူထွက်သွားမှ ပြတင်းဝတွင်ပြန်အရပ်...

“သမီးက မအိပ်ဖူးကို...”

အခန်းတွင်းကို မေမေဝင်လာတာ တွေ့လိုက်ရသည်။

မေမေလာလျှင် 'ကိုခွန်ထွန်း' နဲ့ပတ်သက်တဲ့စကားတွေပါလာဦးမှာကျိန်းသေမို့ ခပ်မဆိတ်ငြိမ်နေမိဆဲ မေမေ့ရဲ့ဖျောင်းဖျနားချတဲ့အသံထွက်ပေါ်လာသည်။

“ညနေကျရင် မေမေတို့အပြင်သွားကြမလို့... သမီးလိုက်ဦးမလား”

“သမီး မလိုက်သေးဘူး မေမေ...”



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆို 'ခွန့်'ကိုလည်းထားခဲ့မယ်... သမီးမေးစရာရှိတာအပြတ်မေး... အပြတ်ဆွေးနွေးကြပေါ့ ဟုတ်ပြီလား"

"နောက်မှဆွေးနွေးလည်း ရသားနဲ့ မေမေရယ်...ဘာလို့ဒီလောက်လောနေရတာလဲ"

"ဟဲ့ မလောခဲ့လို့လည်း ဒီအသက်ဒီအရွယ်ရောက်လာကြပြီ...ဘာလဲ အသက်ခြောက်ဆယ်ပြည့်မှ လင်ယူဖို့စိတ်ကူးမလို့လား"

'ဒေါ်(န်)'ဘာမှမပြောဘဲ မေမေ့ကို ကျောခိုင်းကာငြိမ်ရပ်နေလိုက်သည်။

ဒီကိုလာလျှင် ဒီလိုစကားတွေပဲ ကြားရမယ်ဆိုတာ နဂိုတည်းက မျှော်လင့်နေပြီးသားပါ။

ဒါပေမဲ့ ခဏခဏကြားရတော့ စိတ်ရှုပ်မိသည်။

စိတ်ရှုပ်ရှုပ်ဖြင့် ပြတင်းဝတွင်ပေရပ်နေဆဲ မြင်ကွင်းတွင်းကိုလူတစ်ယောက် တိုးဝင်လာခဲ့သည်။

'ကိုနေညို'ပင်။

'ဒေါ်(န်)'ကြည့်နေဆဲ မြင်းပေါ်မှလွှားခနဲ ခုန်ဆင်းကာမြင်းကုန်းနှီးတွင်သယ်လာသော ပစ္စည်းတွေကို အောက်ကိုချနေတာတွေ့ရသည်။





သူ ဘာတွေလုပ်နေတာပါလိမ့်။

'ဒေါ်(န်)'ဘက်က အသံတိတ်ကာ ငြိမ်ရပ်နေလေတော့မေမေက 'ဒေါ်(န်)'ကို စိတ်ကောက်သွားပြီထင်ကာ အပြင်ကိုပြန်ထွက်သွားခဲ့လေသည်။

မေမေပြန်ထွက်သွားမှ 'ဒေါ်(န်)'ခြံထဲကိုပြန်ကြည့်လိုက်သည်။ 'ကိုနေညို'မရှိတော့ပါ။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



# ၇

" 'ဒေါ(န်)'..."

ညနေခင်းမှိုအအေးဓါတ်က တဖြည်းဖြည်းတိုးဝင်လာပြီဖြစ်သလို နေရောင်ကလည်း အရှိန်မကျချင်သေးပါ။

ဝင်လုလုနေမင်းကြီးအောက်တွင် 'ဒေါ(န်)' နှင့် 'ကိုခွန်ထွန်း' တို့လမ်းလျှောက်ထွက်လာကြတာပါ။

မေမေနှင့် အန်တီ 'မေဦး' တို့ကတော့ အန်ကယ်မောင်းသောဟိုင်းလပ်ကားဖြင့် မြို့ထဲကိုထွက်သွားခဲ့ကြပါသည်။

မေမေနှင့်ရင်းနှီးခင်မင်သော သူငယ်ချင်းတစ်ယောက်





အိမ်ကိုသွားတာဖြစ်ပါသည်။

မေမေပါတာကြောင့် အန်တီ 'မေဦး' လည်းလိုက်သွားပုံပင်။ ဘာပဲဖြစ်ဖြစ် အန်တီ 'မေဦး' ထူထူထောင်ထောင်ပြန်ဖြစ်လာ၍ 'ကိုခွန်ထွန်း' ကော အန်ကယ်ပါ ဝမ်းသာနေကြပါသည်။

'ဒေါ(န်)' လည်း ဝမ်းသာမိပါသည်။ ဒါပေမဲ့ အရမ်းကြီးလည်း ဝမ်းမသာရဲပါ။

'ဒေါ(န်)' တို့ကိစ္စဘက်ကို ခြေဦးလှည့်လာမှာလည်း စိုးရိမ်မိသည်။ ဒီစိတ်ဖြင့် 'ကိုခွန်ထွန်း' ကိုလှမ်းအကြည့် 'ကိုခွန်ထွန်း' က 'ဒေါ(န်)' ကိုမကြည့်ဘဲ အဝေးကိုငေးနေတာတွေ့ရပါသည်။

'ကိုခွန်ထွန်း' စိတ်ထဲမှာလည်း 'ဒေါ(န်)' ရဲ့စိတ်ကိုသိနေပုံပင်။

"ဒီစကားကိုကြားရရင် 'ဒေါ(န်)' စိတ်ရှုပ်မယ်ဆိုတာသိတယ်... ဒါပေမဲ့ မပြောလို့လည်းမဖြစ်ဘူး ကျွန်တော် 'ဒေါ(န်)' ကိုချစ်တယ်"

"ဘုရားရေ..."

'ဒေါ(န်)' အတူလမ်းသွားနေရာမှ 'ကိုခွန်ထွန်း' ကိုအလန့်တကြားလှမ်းကြည့်လိုက်မိသည်။ နေရင်းထိုင်ရင်း ဘယ်လိုဖြစ်သွားရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ(န်)'အကြည့်ကို 'ကိုခွန်ထွန်း' ကသိသလိုပြုံးသည်။

" 'ဒေါ(န်)' အံ့ဩနေတယ်နဲ့တူတယ်... "

အံ့ဩတာပေါ့။ မနက်ကအထိ 'ကိုခွန်ထွန်း' ပုံစံက မ တုန်မလှုပ်ပုံစံမျိုးပဲ။ အခုမှဘာလို့ ရဲတင်းလာရတာပါလိမ့်။

"ကျွန်တော် 'ဒေါ(န်)' ကိုစိတ်ဝင်စားနေတာ ကြာပါပြီ ဒါပေမဲ့..."

"မပြောရဲလို့ဆိုပါတော့"

'ကိုခွန်ထွန်း' က ပြုံးနေပါသည်။

နေရောင်ဖျော့ဖျော့အောက်မှာ 'ကိုခွန်ထွန်း' ရဲ့အပြုံးက နူးညံ့ညင်သာလှပါသည်။

ဒါပေမဲ့ သည်အပြုံးတွေက 'ဒေါ(န်)' စိတ်ကိုဘာလို့များ သာယာမှုမပေးနိုင်တာပါလိမ့်။

"လက်ထပ်ပြီးရင်လည်း 'ဒေါ(န်)' အလိုကျစီးပွားရေး ဆက်လုပ်ပါ... ကျွန်တော်ဝင်ပြီး မစွက်ဖက်ပါဘူး"

"နေတော့ကော..."

" 'ဒေါ(န်)' သဘောပါပဲ... "

'ဒေါ(န်)' ပြုံးလိုက်သည်။ လက်မထပ်ခင်သာ 'ဒေါ(န်)' အလိုကျလိုက်လျောပြောဆိုနေပေမယ့် လက်ထပ်ပြီးတဲ့နောက်





သူလုပ်ချင်တာလုပ်တော့ကော 'ဒေါ(န်)' က ဘာတတ်နိုင်မှာမို့ လို့လဲ။

လမ်းလျှောက်လာရင်း ခြံနဲ့တဖြည်းဖြည်းဝေးလာတာ ကြောင့် နောက်ဘက်ကိုပြန်အလှည့်ခြံစောင့်ကြီး 'ဦးဘမောင်' ကိုတွေ့လိုက်ရသည်။

" 'အဘမောင်' ဘယ်လဲ"

"ဟို... ဟို"

'ဦးဘမောင်' ပြောရခက်နေပုံဖြင့် ကြောင်အအလုပ်နေ ၏...

"ဘာလဲ တစ်ခွက်တစ်ဖလားမော့ဖို့ အရက်သွားဝယ်မလို့ မဟုတ်လား"

"မဟုတ်ပါဘူး 'မောင်ခွန်ထွန်း' ရယ်... ညဘက်အေး တော့ ဆေးဖြစ်ဝါးဖြစ်ပါ"

"ဒါကြောင့် ခင်ဗျားတို့ဆင်းရဲကြတာပဲ... အရက်ဟာအ ရက်ပဲ ဆေးမှမဟုတ်တာ... ဆေးဆိုရင်ဘာဆေးယူမလဲ... ကျွန် တော့်မှာအစုံရှိတယ်"

"ဟို အဘမသွားတော့ပါဘူး..."

အဘိုးကြီးလှည့်ပြန်သွားတော့လည်း 'ဒေါ(န်)' စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါ။ တကယ်ဆို ဦးဘမောင်' အရွယ်က ကိုယ့်ဘကြီးအရွယ်ပဲမဟုတ်ပါလား။

"သနားပါတယ် 'ကိုခွန်ထွန်း' ရယ်...သောက်လည်းနည်းနည်းပါးပါးပဲ နေမှာပါ"

"'ဒေါ(န်)' မသိပါဘူး... ဒီလိုလူမျိုးတွေက နည်းနည်းလေးမှအသိတရားရှိတာမဟုတ်ဘူး... သူလုပ်ရတဲ့အလုပ်ကခြံစောင့်... သူမူးနေလို့ တခြားလူခြံထဲဝင်လာရင် ကိုယ်တို့ဒုက္ခရောက်ကုန်မှာပေါ့... အလုပ်နဲ့ပတ်သက်လာရင် ကိုယ်လုံးဝသည်းညီးမခံနိုင်ဘူး"

စောစောက သဘောကောင်းသလိုထင်ရတဲ့ 'ကိုခွန်ထွန်း' မျက်နှာကဒေါသနဲ့ နီမြန်းကာ သွေးရောင်လွှမ်းနေလေသည်။

စည်းကမ်းနဲ့ပတ်သက်လို့ပြောတာကို 'ဒေါ(န်)' လက်ခံနိုင်ပေမယ့် ငါအလုပ်ရှင်ဆိုတဲ့မာနကြီးနဲ့ မောက်မောက်မာမာဆက်ဆံတာကိုတော့ လက်မခံချင်ပါ။

ဒါပေမဲ့ သည်ဒေသက 'ဒေါ(န်)' ရဲ့ဒေသမဟုတ်ပါ။ ပြီးတော့ 'ကိုခွန်ထွန်း' ဆိုတာလည်း 'ဒေါ(န်)' နဲ့ဘယ်လိုမှမပတ်သက်သေးပါ။

တိတ်ဆိတ်စွာဖြင့် ခြံဝကိုပြန်အရောက် ...





"ကျွန်တော် 'ဘကြီးမောင်' ကိုဆူနေတာနဲ့ 'ဒေါ(န်)' လည်းစိတ်မကောင်းဖြစ်သွားပြီနဲ့တူတယ်"

အပြုံးဖြင့် 'ကိုခွန်ထွန်း' က လှမ်းပြောသည်။ 'ဒေါ(န်)' ခေါင်းကိုခါလိုက်ရင်း...

"မဟုတ်တာ... 'ဒေါ(န်)' အလုပ်အကြောင်းစဉ်းစားလာတာပါ"

"ဟုတ်လား... 'ဒေါ(န်)' အလုပ်ကကောင်းသားနော်... ကျွန်တော်တို့အလုပ်လောက် ခေါင်းလဲမစားဘူး... အလေအလွင့်လည်းမများဘူး..."

"အလုပ်ကတော့ အားလုံးအတူတူပါပဲ 'ကိုခွန်ထွန်း' ရယ် အဓိက,က ကိုယ်လုပ်တဲ့အလုပ်ကို ပျော်ပျော်ရွှင်ရွှင်လုပ်နိုင်ဖို့ပါပဲ"

"ကျွန်တော့်ကြောင့် 'ဒေါ(န်)' မပျော်မရွှင်ဖြစ်သွားပြီလား"

"မဆိုင်ပါဘူး"

'ဒေါ(န်)' တိုက်ထဲကိုတိတ်ဆိတ်စွာ ဝင်လာခဲ့လိုက်ပါသည်။ စိတ်ထဲမှာတော့ 'ကိုခွန်ထွန်း' အပြုံးတွေကို မနှစ်သက်ပါ။ သည်အပြုံးတွေမှာ အဆိပ်တွေအပြည့်ရှိသည်ဟု ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"'ဒေါ(န်)' ထမင်းဆာပြီလား"

"ဟင့်အင်း... မေမေတို့လာမှစားမယ်... 'ကိုခွန်ထွန်း' ကော"

"ကျွန်တော်လည်း မေမေတို့လာမှစားမယ်"

နှစ်ယောက်သားတီဗွီထိုင်ကြည့်နေကြပေမယ့် 'ဒေါ(န်)' ရင်မှာနွေးထွေးမလာပါ။ ပိုလို့ပင်စိမ်းကားအေးစက်သွားရတော့ ကြောင့် အပေါ်ကိုတက်မည်အကြံဖြင့် နေရာမှအထ...

"'ဒေါ(န်)'..."

'ဒေါ(န်)' 'ကိုခွန်ထွန်း' မျက်နှာကို အံ့ဩသလိုလှမ်းကြည့် လိုက်သည်။ 'ကိုခွန်ထွန်း' က 'ဒေါ(န်)' နဲ့ နီးကပ်စွာရပ်နေသည်။

"'ဒေါ(န်)' ကျွန်တော့်ကိုစိတ်ဆိုးသွားပြီလား... "

"ဘာဖြစ်လို့စိတ်ဆိုးရမှာလဲ"

'ဒေါ(န်)' ဟန်မပျက်ပြန်ဖြေလိုက်မိသည်။

"ကျွန်တော် ဦးလေး 'ဦးဘမောင်' ကိုဆူလိုက်လို့လေ"

"ဩော် ဒါ 'ကိုခွန်ထွန်း' အလုပ် 'ကိုခွန်ထွန်း' လုပ်တာပဲ 'ဒေါ(န်)' နဲ့ဘာဆိုင်လို့လဲ"

"အခုမဆိုင်ပေမယ့် နောက်ဆိုရင်ဆိုင်တော့မှာလေ... 'ဒေါ(န်)' မကြိုက်ရင် ကျွန်တော်ဆင်ခြင်ပါ့မယ်"





လူတစ်ယောက်ရဲ့မွေးရာပါ အကျင့်ဗီဇကို 'ဒေါ(န်)' ဘယ်လိုလုပ်ချုပ်ကိုင်လို့ ရနိုင်မှာလဲ။

"'ဒေါ(န်)' အပေါ်ထပ် တက်လိုက်ဦးမယ်"

'ဒေါ(န်)' အပေါ်ထပ်ကို တက်လာခဲ့ပေမယ့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပါ။

ရင်ထဲမှာတော့ဘယ်သူ့ကို စိတ်ဆိုးရမှန်းမသိအောင် လှိုင်းထန်နေမိသည်။

'ကိုခွန်ထွန်း' နဲ့နှစ်ယောက်တည်းထားခဲ့တဲ့ မေမေတို့ကို လား၊ ဒါမှမဟုတ် 'ဒေါ(န်)' ရဲ့ရှေ့မှာ ပါဝါတွေအာဏာတွေပြ နေတဲ့ 'ကိုခွန်ထွန်း' ကိုလား။

'ဒေါ(န်)' ဝေခွဲ၍မရပါ။

စိတ်ရှုပ်စွာဖြင့် ပြတင်းဝတွင်အရပ်...

"ဟော..."

'ဒေါ(န်)' ရှေ့တွင် လူတစ်ယောက်ပေါ်လာသည်။

ပေါက်တူးတွေခြင်းတွေနဲ့၊ ဘောင်းဘီကို ဒူးဆစ်လောက် လိပ်ခေါက်ကာ တင်ထားသူက 'ကိုနေညို' ပါ။

'ဒေါ(န်)' ရပ်နေတာကိုမမြင်ဘဲ သူ အိမ်ထဲကိုလျှောက် ဝင်သွားတာ တွေ့လိုက်ရသည်။ သူ ဘာတွေလုပ်နေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

"သမီးနဲ့ 'ခွန်' နဲ့ စကားပြောဖြစ်ကြသေးလား"

ညဘက်ထမင်းစားပြီး အပေါ်ထပ်တွင်ရှိနေချိန်တွင် မေမေက မေးလာခဲ့တာဖြစ်ပါသည်။

"အင်း... ပြောဖြစ်ပါတယ်"

"ဘာတဲ့လဲ သမီး"

မေမေ့မျက်ဝန်းက မျှော်လင့်ချက်ရောင်ခြည်ဖြင့် ဝင်းလက်တောက်ပ၍နေလေသည်။

'ဒေါ(န်)' မေမေ့ရဲ့အသွင်ကိုကြည့်ကာ စိတ်မကောင်း





သလိုခံစားလိုက်ရသည်။

တကယ်ဆို မေမေ ဒီလောက်ကြီး မျှော်လင့်ချက်မထားစေချင်ပါ။

မသိမသာ သက်ပြင်းကိုအချ...

"ပြောလေ သမီး... 'ခွန်' က ဘာတဲ့လဲ"

"ဘာကိုပြောတာလဲ"

"သြော် သမီးနဲ့လက်ထပ်ဖို့ကိစ္စကို ပြောတာလေ ဘာတဲ့လဲ"

"သူ သဘောတူပါတယ်... သမီးသဘောပါပဲတဲ့"

"ဒါနဲ့များသမီးရယ်... ဘာလို့ မတုန်မလှုပ်လုပ်နေတာလဲ... မေမေတို့ရက်သတ်မှတ် လိုက်ရတော့မလား"

နေရာကချက်ချင်းကြီး ထထွက်သွားတော့မယ့် မေမေ့ကို 'ဒေါ(န်)' အလောတကြီး တားလိုက်မိသည်။

"မေမေကလည်း နေပါဦး... 'ဒေါ(န်)' အကဲခတ်ပါရစေဦး"

"ဘာကို အကဲခတ်မှာတုန်း"

"လူတစ်ယောက်ရဲ့စိတ်ကို တစ်ရက်နှစ်ရက် အကဲခတ်ရုံနဲ့ လုံလောက်တယ်လို့ မေမေထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဒီနေ့မနက်ဖြန်ပဲလက်ထပ်ရတော့မယ်... ဘာကို အကဲခတ်နေဦးမှာတုန်း... 'ခွန်.' အကြောင်းဘာသိစရာလိုသေးလို့ လဲ"

"မေမေ မသိပါဘူး"

"အေးလေ မသိလို့မေးနေတာပဲ... ညည်းက ဘာသိချင် နေသေးတာလဲ... မချစ်တာနဲ့သက်သက် အပြစ်ရှာနေတာတော့ မကောင်းပါဘူး အေ"

'ဒေါ(န်)' နှုတ်ခမ်းကိုစူလိုက်သည်။ တကယ်လက်ထပ်ရ မှာက 'ဒေါ(န်)' ပါ။

မေမေဘာလို့များ လက်လွှတ်စပယ်လုပ်ချင်နေရတာပါ လိမ့်။

"ညည်းကြောင့်ငါတော့ 'မဦး' ကို မျက်နှာပူလာပြီအေ တကယ်ဆို 'ခွန်.' မှာ ဘာအပြစ်များရှိနေလို့လဲ"

'ဒေါ(န်)' မဖြေတတ်ပါ။

မေမေပြောသလို မချစ်တာနဲ့ဘဲ အပြစ်ရှာနေမိပြီနဲ့တူပါ သည်။

နေရင်းထိုင်ရင်း အာခြောက်ကာ ရေဆာလာရတာ ကြောင့် အောက်ထပ်ကိုဆင်းလာခဲ့သည်။





အောက်ထပ်တွင်ဘယ်သူမှ ရှိမနေကြပါ။

အန်တီ 'မေဦး' က အခန်းတွင်းတွင်ရှိကာ အန်ကယ် 'ဦးအောင်နိုင်' နဲ့ 'ကိုခွန်ထွန်း' တို့က စာကြည့်ခန်းအတွင်းတွင် စကားပြောနေကြပုံရပါသည်။

"ဘာလိုချင်လို့လဲ မမလေး"

အိမ်ဖေါ်မလေး 'မလုံး' က ထမင်းစားပွဲကို ရှင်းနေရာမှ လှမ်းမေးတာကြောင့်...

"ရေသောက်ချင်လို့ 'မလုံး' "

"ရေခဲသေတ္တာထဲမှာရှိတယ် မမလေး"

ရေခဲသေတ္တာကိုဖွင့်ကာ 'မလုံး' က ရေပုလင်းအယူ...

"နေ့... နေ အဲ့ဒီရေကအေးလွန်းတယ်... နောက်ဖေးက ရေပဲသောက်တော့မယ်"

ပြောပြောဆိုဆိုနောက်ဖေး မီးဖိုခန်းတွင်းကိုအဝင်...

"ဟင်..."

နောက်ဖေးမီးဖိုချောင်က စားပွဲပုလေးတွင်ထိုင်ကာ ထ မင်းကိုအားရပါးရစားနေသော လူတစ်ယောက်ကိုအမှတ်မထင် တွေ့လိုက်ရသည်။

ရုတ်တရက်မို့ 'ဒေါ(န်)' လန့်သွားရသလို ထမင်းစားနေ



www.burmeseclassic.com

www.burmeseclassic.com



သော 'နေညို'လည်း ကြောင်သွားပါသည်။

"'မဒေါ(န်)'ပါလား... စားပါဦးလား"

"ဩော်... 'ကိုနေညို'စားပါစားပါ... ဟိုလေ 'ဒေါ(န်)' ရေလာသောက်တာ"

မမျှော်လင့်ဘဲ တွေ့လိုက်ရတာကြောင့် 'ဒေါ(န်)' ရေသောက်ဖို့ပင်မေ့သွားကာ အခန်းပြင်ပြန်ထွက်မည်အပြု...

"ရေအိုးက ဒီမှာလေ 'ဒေါ(န်)'"

သူက ရေအိုးကိုလက်ညှိုးနှင့်ထိုးကာ သူ ကိုယ်တိုင်ရေခပ်ထပေးနေသည်။

သူ ခပ်ပေးတဲ့ရေကိုသောက်ရင်း 'ဒေါ(န်)'ရင်တွေဘယ်လိုမှန်းမသိ ခုန်ပြန်လာသည်။

တကယ်ဆို 'ဒေါ(န်)'ဘာဖြစ်စရာလိုလဲ နော်၊ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းကာ စီးပွားရှာနေသော မိန်းမတစ်ယောက်မို့ သူစိမ်းယောကျ်ားလေးတွေနဲ့လဲ 'ဒေါ(န်)'စကားပြောနေကြပါ။

ဒီလူက ဘာမို့လို့ 'ဒေါ(န်)'ရင်ခုန်ရတာလဲ။

ကိုယ့်ကိုယ်ကို ဒေါသဖြစ်ဖြစ်ဖြင့် အခန်းပြင်ကိုထွက်အလာ...





"'ဒေါ(န်)'"

'ဒေါ(န်)'နောက်ဘက်ကိုလှည့်အကြည့် သူ 'ဒေါ(န်)' နောက်ပါးတွင်ရပ်နေကာ သူ့မျက်ဝန်းများက 'ဒေါ(န်)'လက်ထဲက ဖန်ခွက်ဆီကိုရောက်နေလေသည်။

"ရေခွက်ကြီးကို အဖေါ်ခေါ်သွားမလို့လား"

ကြည့်စမ်း၊ 'ဒေါ(န်)'ရှက်လွန်း၍ နေရာမှာပင် ငုက်ကလေးတစ်ကောင်လို ထပျံလိုက်ချင်ပါသည်။

သူက 'ဒေါ(န်)'ရဲ့အယောင်ယောင်အမှားမှားပုံစံကို ငေးကြည့်ရင်း ပြုံးသည်။ သူ ဒီလိုပြုံးတော့လဲ 'ဒေါ(န်)'မခံချင်ပါ။

"ရှင်... ဘာပြုံးတာလဲ"

"ဩော်... မဟုတ်ပါဘူး... 'ဒေါ(န်)'များရေထပ်ယူဦးမလားလို့ပါ"

"မလိုပါဘူး... ရော့... ရှင့် ရေခွက်"

'ဒေါ(န်)' ရေခွက်ကို သူ့လက်ထဲ လှမ်းထိုးထည့်ကာ အပေါ်ထပ်ကိုသုတ်ခြေတင်ပြီး တက်လာခဲ့လိုက်သည်။

စိတ်ထဲမှာတော့ ကိုယ့်ကိုယ်ကို ဘယ်လိုဒေါသထွက်နေမှန်းကို မသိပါ။

တကယ်ဆို ဒီလူက 'ကိုခွန်ထွန်း'တို့ရဲ့ အလုပ်သမား။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ(န်)'နဲ့ဆို အစစအရာရာ ကွာခြားလွန်းတဲ့ အခြေအနေ ဒါကို 'ဒေါ(န်)'ဘာလို့များ ဒီလောက်တောင်လှုပ်ရှားနေရတာလဲ။

"ဘယ်သွားတာလဲ"

အခန်းထဲအရောက် မေမေက လှမ်းမေးသည်။

"ရေသွားသောက်တာ"

'ဒေါ(န်)'မေမေ့ကိုမကြည့်ဘဲ ကျောအနိုင်း...

"'ခွန်'နဲ့ တွေ့လာသေးလား"

"ဟင့်အင်း"

"ဘယ်သူနဲ့ တွေ့လာလဲ"

"ဟို..."

'ဒေါ(န်)' ဘာပြောရမှန်း မသိပါ။

"'လုံးတင်'နဲ့လား"

"အင်း... အင်း"

'ဒေါ(န်)'ဆီက အဖြေရမှ မေမေ့ ကျေနပ်သလို တစ်ဘက်ကိုလှည့်ကာ အိပ်သွားသည်။

'ဒေါ(န်)'ကတော့ အိပ်လို့မပျော်နိုင်သေးပါ။ မျက်ဝန်းထဲမှာ သူ့ရဲ့အကြည့်စူးစူးကို မြင်ယောင်နေသလို မနို့တရို့ပြုံးနေတဲ့ သူ့အပြုံးတွေကလဲ 'ဒေါ(န်)'ရဲ့နှလုံးသားကို လှုပ်ရှားနေသလိုပါ။





သူ ဘယ်လိုလူလဲ။

သူ့ကိုမြင်တိုင်း 'ဒေါ(န်)'ရဲ့နှလုံးသားက ဘာလို့များ ရင်ခုန်သံစီးချက်တွေ ဆူညံနေရတာလဲ။

'ဒေါ(န်)'မျက်လုံးကိုအမှိတ် သူ့ရဲ့ချိုမြမြအသံက နားထဲကိုတိုးဝင်လာပြန်သည်။

"ရေခွက်ကြီးကို အဖော်ခေါ်သွားမလို့လား"တဲ့...

ရေခွက်ကို ဘာလုပ်ဖို့ အဖော်ခေါ်ရမှာလဲ အဖော်ခေါ်ခြင်းခေါ်ရင် ရှင့်ကိုခေါ်ရမှာ ဘာလုပ်ဖို့လည်း ရှင်သိလား။ ဟော ဒီလို ထုဖို့ ထုဖို့...

နေရင်းထိုင်ရင်း ခေါင်းအုံးကြီးကိုဆွဲကာ တအုံးအုံးထုနေသော 'ဒေါ(န်)'ရဲ့ပုံစံကြောင့် မေမေက နားမလည်သလိုအကြည့် 'ဒေါ(န်)' ရှက်ရှက်ဖြင့် အိပ်ရာပေါ်လှဲအအိပ် ခေါင်းနဲ့ကုတင်စောင်းနဲ့ ရိုက်မိသွားသည်။

"အမယ်လေး..."

'ဒေါ(န်)'မညည်းညူရဲ့ပါ။ မေမေ ကြည့်နေသည်လေ။

'ဒေါ(န်)'ရင်ထဲက အဖြစ်တွေ မေမေသိသွားမှာဆိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အချစ်ဆိုတာ ဒါပဲလား။

ကိုယ်ကလွဲ၍ တခြားလူ သိမှာစိုးရိမ်တတ်တဲ့ အရာလား။

ဒါဆို 'ဒေါ(န်)'အချစ်ကိုတွေ့နေပြီနှင့်တူသည်။

'ကိုနေညို'က 'ဒေါ(န်)'ရဲ့အချစ်လား။

မဖြစ်နိုင်ဘူးနဲ့ တူပါသည်။

ထိုနေ့ညက 'ဒေါ(န်)' တော်တော်နှင့်အိပ်မပျော်ပါ။ 'ဒေါ(န်)'အိပ်ပျော်သွားတဲ့အချိန်က အတော်ကြီးကို ညနက်နေပါပြီ။

ဒါတောင် 'ကိုနေညို'က အိပ်မက်ထဲတွင်လိုက်လံ နှောက်ယှက်သေးသည်။

'ဒေါ(န်)' ရှင့်ကို ဘယ်လို ရှောင်ရမလဲ။

'ဒေါ(န်)' က မကြာခင်မှာ လက်ထပ်ရတော့မယ့် သူတစ်ယောက်ပါ။

'ဒေါ(န်)နဲ့ ရှင်နဲ့ ဝေးဝေးနေကြရင် မကောင်းဘူးလား။

ဘယ်လိုပဲဖြစ်ဖြစ် 'ဒေါ(န်)''ကိုနေညို'ကို ရှောင်နေဖို့ ဆုံးဖြတ်လိုက်မိသည်။





## ၆

နောက်တစ်နေ့ မနက် 'ဒေါ(န်)'နိုးတော့ ရှစ်နာရီထိုးနေပါပြီ။

မေမေကပင် နေမြင့်မှနိုးလာသော 'ဒေါ(န်)' ကိုကြည့်ကာ အံ့သြ၍နေသည်။

"အိပ်လှချည်လား သမီးရဲ့... 'ခွန်' တောင် သမီးနဲ့မြင်းစီးမလို့စောင့်နေတာ... သမီးမနိုးနိုင်တာမို့ စက်ရုံကိုထွက်သွားပြီ"

"သမီး တော်တော်ညနက်မှ အိပ်ပျော်သွားတယ်"

ပြောရင်း ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်တဲ့ 'ဒေါ(န်)'



www.burmeseclassic.com

www.burmeseclassic.com



ကို မေမေက နားမလည်သလို ငေးကြည့်နေသည်။

...သည်လောက် အစစအရာရာ ပြည့်စုံနေတဲ့ 'ခွန်' လိုလူကို ဘယ်လိုအတွေးအခေါ်တွေနဲ့များ ငြင်းဖို့စဉ်းစားနေရတာပါလိမ့်။

သူမ အမြင်မှာတော့ 'ခွန်ထွန်းနိုင်'တွင် ငြင်းစရာတစ်အကွက်တစ်ကွက်ပင် မမြင်မိပါ။

မိဘဆွေမျိုး ကြည့်မလား၊ ရုပ်ရည် ကြည့်မလား၊ ပညာကြည့်မလား ဘာတစ်ခုမှ ငြင်းစရာမရှိတဲ့လူကို ဘာရည်ရွယ်ချက်နဲ့များ အိပ်ရေးအပျက်ခံပြီး စဉ်းစားနေရတာပါလိမ့်။

"သမီး ထည့်စား... 'ကြီးဇော' နန်းကြီးသုတ် လုပ်ပေးထားတယ်"

ကြီးမေက အန်တီ 'မေဦး'၏ အစ်မဝမ်းကွဲတစ်ဦးပါ။ မီးဖိုချောင်ကိစ္စနှင့် တစ်အိမ်လုံး မီးဖိုကိစ္စတွေကို တာဝန်ယူရသည်။ 'ကြီးဇော' လက်အောက်မှာမှ 'မနန်း'နှင့် 'လုံးတင်'တို့နှစ်ယောက်ရှိသည်။

'ဘမောင်' 'ဦးဘမောင်'က ခြံစောင့်ဖြစ်ကာ၊ 'ဘသန်း' 'ဦးသန်းမြင့်'က မာလီဖြစ်ပြီး ဒရိုင်ဘာက 'ကိုညိုလုံး' ရှိသေးသည်။





'ကိုနေညို' အပါအဝင်ဆို သည်ခြံကြီးထဲမှာ အလုပ်သားခြောက်ယောက် ခုနစ်ယောက်ခန့်ရှိတာကြောင့် 'ကြီးဇော' မှာ မိုးလင်းကမိုးချုပ် မီးဖိုထဲမှ ထွက်ရသည် မရှိလှပါ။

"'ကြီးဇော'တို့ကော စားပြီးပြီလား"

"စားပါကွယ်... အကြီးတို့က မိုးလင်းရင် ထမင်းကြမ်းားရမှ ဝမ်းအေးတာ"

"ဟုတ်တယ် 'ဒေါ(န်)' ရေ... အန်တီ 'မေဦး'တို့ဘယ်ောက်ခေါ်ခေါ် သူတို့က ထမင်းကြမ်းပဲမက်ကြတာ ဒါကြောင့်ား ရန်ကုန်ဆင်းတိုင်း ငါးခြောက်မှာရတာ... ဒီလိုဆောင်းဦးါက်လောက်ဆို ရန်ကုန်မှာ ငါးခြောက်အသစ်တွေ ပေါ်ပြီတာ"

"ဟုတ်ပါ့... ငါးဇင်ရိုင်းခြောက်... ငါးပုတ်သင်ခြောက်...ဆပြခြောက်... စုံနေတာပဲ... ဒီအချိန်ဆို ငါးခြောက်တွေကလတ်လည်းလတ်တယ် ခြောက်လည်းခြောက်တယ်လေ... ငါးရံခြောက်ကြီးတွေက 'မဦး'အတွက် ကျန်တဲ့ငါးခြောက်တွေက ဒို့ိုင်လူတွေ စားရအောင် ကိုယ် ဝယ်လာခဲ့တာ"

'တာရာ'ကလည်း ပုစွန်ခြောက်နှင့် ငါးမြွေထိုးခြောက်တွေ ဝယ်ထည့်ပေးလိုက်သေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ(န်)' ဝင်ပြောလိုက်တာဖြစ်သည်။

"တွေ့တယ် တွေ့တယ်… ပုစွန်ခြောက်ကတော့ သိမ်းထားတယ်… ငါးမြှေထိုးခြောက်ကိုတော့ 'မောင်နေညို' ကြိုက်လို့ 'အမေစော' ကိုပေးယားလိုက်တယ်"

"'မောင်နေညို'… ဟုတ်လား"

အန်တီ 'မေဦး' အပြောကို မေမေက နားမလည်သလို ထပ်မေးနေသည်။

"ဘယ်ကလဲ"

"'ခွန်' သူငယ်ချင်းရဲ့ သူငယ်ချင်းလို့ပြောတာပါပဲ စိုးရယ်… ဒီမှာ မြင်းထိန်းလာလုပ်နေတာလေ… လခပေးလည်း မယူဘူး… အလကားနေ ပန်းပင်တွေစိုက်နေလို့ တစ်ခြံလုံး သူစိုက်ထားတဲ့ပန်းတွေချည်းပဲလေ"

'မဦး' ပြောမှ ခြံထဲတွင် ပန်းပင်တွေ မျိုးစုံလှနေသည်ကို သတိထားမိသည်။

"အဲဒီလောက် စိုက်နေတာ အားမရသေးဘူး… ထပ်စိုက်ချင်နေလို့ 'ခွန်'က ဟိုဘက်ကခြံကို သူ့နာမည်နဲ့ဝယ်ထားပေးလိုက်တာ"

"ဟိုဘက်မှာ ခြံရှိသေးလို့လား အန်တီ 'မေဦး'"





"ရှိတယ်လေ… သမီးမရောက်ဖူးသေးဘူးနဲ့တူတယ်… တစ်ခြံလုံး ဟော်လန်သစ္စာပန်းတွေရောင်စုံစိုက်ထားတာ"

ဒါကြောင့်သာပဲ ဟိုတစ်နေ့က ညက 'ကိုနေညို' မြင်းကြီးနဲ့ပြန်လာတာ တွေ့လိုက်ရတာဖြစ်မည်။

"အခုလည်း သားက မှာသွားတယ်… သမီး မြင်းစီးဖို့ 'မောင်နေညို'ကို သူ မှာသွားတယ်တဲ့"

ပထမတော့ မြင်းစီးချင်စိတ်နဲ့ 'ဒေါ(န်)' စိတ်တွေလှုပ်ရှားသွားမိပေမယ့် မနေ့က ညက အဖြစ်ကိုပြန်သတိရလိုက်တော့ 'ကိုနေညို့'ကို မတွေ့ချင်တော့ပါ။

"'ကိုခွန်ထွန်း' မရှိမှတော့ 'ဒေါ(န်)'လဲ မစီးတော့ပါဘူး… အပေါ်ထပ်မှာ စာဖတ်လိုက်ဦးမယ်"

'ဒေါ(န်)' အပေါ်ထပ်ကိုတက်အလာ မေမေ့မျက်နှာက ကြည်နူးရိပ်နဲ့ ပြုံးနေမှာသေချာပါသည်။

ဘာပဲဖြစ်ဖြစ် 'ဒေါ(န်)'ကို စောင့်နေမယ့် လူတစ်ယောက်ကို အရှုံးလုပ်လိုက်ရတာ ကျေနပ်သွားသည်။

စာအုပ်တစ်အုပ်ဖတ်ပြီးမှ အောက်ထပ်ကိုဆင်းလာကာ မေမေနဲ့ အန်တီ 'မေဦး' သူငယ်ချင်းနှစ်ယောက် အန်တီ 'မေဦး' အခန်းထဲမှာ စကားပြောနေတာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့လူတွေကလည်း သူ့ အလုပ်နှင့်သူ ရှုပ်နေတာကြောင့် ပျင်းပျင်းနှင့် မြင်းဇောင်းဘက်ကိုထွက်လာခဲ့လိုက်သည်။

မြင်းဇောင်းထဲတွင် ဘယ်သူမှ ရှိမနေပါ။

မြင်းသုံးကောင်ကိုသာ တွေ့ရတာကြောင့် ဟိုဟိုဒီဒီ လှည့်ကြည့်နေဆဲ မြင်းဇောင်းထဲကို ဝင်လာတဲ့ 'အဘသိန်း'ကို တွေ့လိုက်ရသည်။

"ဟာ... မမလေးက အခုမှရောက်လာတာကိုး... 'ကိုနေညို'က မနက်ကတည်းကစောင့်နေတာ"

"အင်း... ကျွန်မလည်း မြင်းစီးဖို့ စိတ်မပါတာနဲ့ စာဖတ်နေတာ"

"ခုနလေးမှ... 'ကိုနေညို'ရယ်... ဟိုဘက်ခြံကူးသွားကာ ကျွန်တော်သွားခေါ်ပေးရမလား မမလေး"

"နေ... နေပါ 'အဘသန်း'ရယ်... သူက ဟိုဘက်ခြံမှာ ဘာသွားလုပ်နေတာလဲ"

"ပန်းပင်တွေ သွားကြည့်နေတာပါ... ကျွန်တော်သွားခေါ်လိုက်မယ်လေ မမလေး"

'အဘသန်း'က ပြောနေဆဲ မြင်းဇောင်းထဲကို လူတစ်ယောက်ဝင်လာသည်။ 'ဒေါ(န်)' လှမ်းကြည့်လိုက်တော့ 'ကိုနေညို' ဖြစ်နေသည်။





အပြုံးတစ်စက်ကလေးမှ မရှိသောမျက်နှာက ညကမျက်နှာနဲ့ ဆန့်ကျင့်စွာတည်ကြည်လွန်းလှသည်။

"ကျွန်တော်... တစ်မနက်လုံးစောင့်နေတာ ခုလေးမှ အပြင်ထွက်သွားခဲ့တာ"

"'အဘသန်း' ပြောပါတယ်"

'ကိုနေညို'က မြင်းကုန်းနှီးကိုယူကာ ဘလက်ကီပေါ်တွင် တက်ထိုင်နေတာကြောင့်...

"ကျွန်မ... ဒီနေ့ မစီးတော့ဘူး 'ကိုနေညို'"

"အဲဒါဆိုလည်း စောစောကပြောပါတော့လား ဗျာ"

'နေညို' စိတ်တိုတိုနှင့် အော်လိုက်မိသည်။

သူ့မှာဖြင့် ဘယ်မှမသွားနိုင်ဘဲ မြင်းကြီး 'ဘလက်ကီ'နှင့် 'ဘရောင်း'တို့ကိုထုတ်ကာ ကုန်းနှီးတတ်ပြီး 'ဒေါ(န်)' ကိုမျှော်နေမိသည်။

မနက်ခြောက်နာရီကတည်းက မျှော်ခဲ့တာ အခု ဆယ်နာရီခွဲအထိဆိုတော့ နည်းတဲ့အချိန်တွေလား။

ခုလေးတင်ကမှ ပျိုးထားတဲ့ပန်းတွေကို နေမထိအောင် သွားကာခဲ့ရတဲ့အဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဒီဘက်ကို နောက်ဆန်တင်းနေတာကြောင့် အားလုံးကို မကောနိုင်ဘဲ ပြန်အလာ သူမနဲ့ တည့်တည့်တိုးနေရခြင်းပါ။

"စောစောကပြောရအောင် ကျွန်မ စီးမယ်လို့ ရှင့်ကိုမှာထားခဲ့တာမှ မဟုတ်တာ… 'ကိုခွန်ထွန်း' မှာခဲ့တာပဲ"

"'ကိုခွန်ထွန်း'ဆိုတာ ဘယ်သူလဲ… ခင်ဗျားနဲ့ လက်ထပ်မယ့် လူ မဟုတ်ဘူးလား"

သူ့စကားကြောင့် 'ဒေါ(န်)' မျက်နှာပျက်သွားရသည်။ ဒီကိစ္စကို သူက ဘယ်လိုများ ကြိုသိနေရတာပါလိမ့်။

"ဟုတ်တော့ကော ရှင် ဘာဖြစ်ချင်လဲ… ကျွန်မမှ မစီးချင်တာ… ရှင်က သူ့ရဲ့ အလုပ်သမားမဟုတ်ဘူးလား… အလုပ်သမားဆိုတာ အလုပ်ရှင်အမိန့်ပေးတာကိုတော့ နာခံရမှာ ထုံးစံပဲလေ"

'ဒေါ(န်)' စကားကြောင့် 'ကိုနေညို' မဲ့လိုက်မိသည်။

"ခင်ဗျားတို့ ဒါကြောင့် ဆုံမိကြတာပဲ… တစ်ယောက်ကလည်း အမိန့်… နောက်တစ်ယောက်ကလည်း အမိန့်နဲ့… တစ်မိန့်ထဲ မိန့်နေကြတယ်… အမိန့်မပါလည်း စေတနာနဲ့လုပ်နေကြတဲ့ အလုပ်တွေရှိတယ်ဆိုတာ ခင်ဗျားတို့ မသိဘူးလား"





"ဟင့်အင်း… မသိဘူး"

တုံးတိတိနဲ့ ခေါင်းခါပြနေသော 'ဒေါ(န်)' ပုံစံကိုကြည့်ကာ 'နေညို' ဒေါသပိုပြီးထွက်သွားရသည်။

စိတ်ရှိသလိုသာ ကိုင်လှုပ်ရလျှင် သူမ တစ်ကိုယ်လုံး အရိုးတွေကျိုးကြေသွားမည်လား မသိပါ။

သူမကို ဒေါသမထွက်ရတော့ 'အဘသန်း'ကို ဆောင့်အော်လိုက်သည်။

"'အဘသန်း'ကလဲ ဘာလုပ်နေတာလဲ… ဟိုမှာ ပျိုးပင်တွေနေမိကုန်ပြီ"

"အေး… 'အဘသန်း' သွားမလို့ 'မောင်နေညို'ကိုစောင့်နေတာ"

ပြောရင်း 'အဘသန်း' ခြံထဲက ခပ်သွက်သွက်ထွက်အသွား 'နေညို'နဲ့ 'ဒေါ(န်)' နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"ခင်ဗျားလည်း ပြန်တော့လေ… ဘာလုပ်နေတာလဲ"

"ကျွန်မ မြင်းစီးချင်လားလို့"

"ဘာ…"

မျက်လုံးပြူးနှင့် ဆောင့်အော်လိုက်သော 'နေညို' ပုံစံကိုကြည့်ကာ 'ဒေါ(န်)' ရယ်ချင်ပေမယ့် အောင့်ပြီးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ... အခု မြင်းစီးချင်လို့"

"အခု... နေပူနေပြီလေ"

"အခုပဲ စီးမယ်"

'ဒေါ(န်)' ပေကပ်ကပ်နဲ့ ဖွတ်ပြောလာတော့လဲ 'နေညို' မလုပ်ပေးဘဲ မနေနိုင်ပါ။ သည်လို လုပ်ပေးချင်၍လည်း တစ်မနက်လုံး စောင့်နေခဲ့ရတာ မဟုတ်လား။

'ဘလက်ကီ'ပေါ် ကုန်းနှီးတင်ပြီး အပြင်ကိုထွက်အလာ

"ရှင်ကော မစီးဘူးလား"

"စီးရမှာလား"

"ကျွန်မတစ်ယောက်တည်း.... မြင်းကခါချရင် ဘယ်လိုလုပ်မလဲ"

သည်လိုဆိုတော့လည်း သူမ ကြောက်တတ်သေးပါလား။

'ဘရောင်း'ကိုစီးကာ ထွက်အလာ သူမက ဘေးမှာယှဉ်၍ ပါလာပါသည်။

စတွေ့တုန်းက မာနမျက်နှာနဲ့ပေမယ့် အသေအချာကြည့်တော့ သူမသည် ချစ်စရာကောင်းသူ တစ်ယောက်ပါလား။

ထူထဲသော မျက်ခုံးအောက်မှ မျက်လုံးလေးတွေက အ





ပြစ်ကင်းစင်ကာ ကြည်လဲ့တောက်ပနေပြီး ထူအိအိနှုတ်ခမ်းလေးက ချစ်စရာကောင်းအောင် ပြုံးတတ်သူပါ။

သည်လိုချစ်စရာကောင်းတယ်လို့မှ ဝအောင်မတွေ့ရသေးမီ 'အဘသန်း'က 'ကိုခွန်ထွန်း'နဲ့ လက်ထပ်မယ့်မိန်းကလေးဟု သူ့ကို ပြောပြခဲ့သည်။

တကယ်တော့ 'ကိုခွန်ထွန်း'နဲ့ သူ့ဘဝက မိုးနဲ့မြေပြင်လောက်ကိုကွာခြားလှပါသည်။

သူ့ဘဝက အထီးကျန်တစ်ကောက်ကြွက်ဖြစ်ပေမယ့် 'ကိုခွန်ထွန်း'မှာက အဖေအမေရှိသည် စည်းစိမ်ချမ်းသာရှိသည်။ ပညာဆိုလည်း သူ့ထက် အများကြီး တတ်သည်။

သည်လိုလူကို 'နေညို' ဘယ်လိုယှဉ်ဝံ့မှာလဲ။ သည်တော့ သူ့ဘဝကို သူ နားလည်စွာ အလုပ်ထဲစိတ်ကိုနှစ်ထားမိသည်။

ဘယ်လောက်ပဲ စိတ်ကို အလုပ်ထဲနှစ်နှစ် 'ဒေါ(န်)'ဆိုတဲ့ မချောလေးကို သူ မကြာခဏ သတိရမိသည်။

မဖြစ်နိုင်မှန်းသိပေမယ့်လဲ ချစ်တဲ့စိတ်ဆိုတာ ဆန်းကြယ်သားလား၊ အလုပ်ကိုဖိလုပ်နေပေမယ့် သူ လုပ်နေတဲ့အလုပ်တိုင်းမှာ သူမလေးကသာ စိုးမိုးမင်းမူနေသည်။

ပန်းတွေကိုစိုက်တော့လည်း သူမ၏အမည် 'ဒေါ(န်)'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အကွက်ချစိုက်နေမိသလို မြင်းတွေကို ရေချိုးပေးတော့လည်း သူမလေးစီးတဲ့ ‘ဘလက်ကီ’ကို ပိုပြီးပြောင်လက်တောက်ပအောင် ပွတ်တိုက်ပေးနေမိသည်။

ဒါတွေကို သူမလေး သိနိုင်ပါ့မလား။

မနေ့ညကလည်း မိုက်ဆာဆာဖြင့် ထမင်းကြုံးရုံးစားနေဆဲ မမျှော်လင့်ဘဲ သူမလေး မီးဖိုချောင်ထဲရောက်လာခဲ့သည်။

မထင်မှတ်ဘဲ သူ့ကို တွေ့လိုက်ရတဲ့ ‘ဒေါ(န်)’ မျက်ဝန်းတွေက အံ့ဩစိတ်ဖြင့် ပြုံးကျယ်ဝိုင်းစက်နေသလို ကယောင်ကတမ်းဖြင့် ဖန်ခွက်ကြီးယူသွား၍ သူ ပြန်တောင်းလိုက်တော့လည်း ရှက်စိတ်ဖြင့် မျက်နှာနီနေပုံက ကလေးလေးတစ်ယောက်လိုပါပဲ။

ချစ်အတွေးဖြင့် ‘ဒေါ(န်)’ကိုအငေး ‘ဒေါ(န်)’က သူ့ကို မကြည့်ဘဲ မြင်းဇက်ကြိုးကိုဆွဲကာ အဝေးကိုထွက်သွားခဲ့ပါပြီ။

♀ ♀ ♀





BURMESE CLASSIC .com

## ၃၀

နေက ဆယ့်တစ်နာရီထိုးလုပြီဆိုတော့ တော်တော်လေးကိုပူပြင်းနေပါပြီ။ ဦးထုပ်ဆောင်းထားတဲ့ကြားက ချွေးတွေတအားထွက်လာတာကြောင့် သစ်ပင်ရိပ်တွင်ရပ်ရင်း မြင်းပေါ်ကခုန်ဆင်းလိုက်သည်။

‘ကိုနေညို’ကို လှမ်းကြည့်လိုက်တော့ သူကလည်း ဦးထုပ်ကိုချွတ်ကာ ယပ်ခတ်နေသည်။

“နေက အတော်ပူတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ခင်ဗျားကိုပြောသားပဲ... ခင်ဗျားတို့ရန်ကုန်သူတွေ နေပူမခံနိုင်ဘူးဆိုတာ ကျွန်တော်သိတယ်"

သူက သူ့မြင်းကြီး 'ဘရောင်း'၏ မြင်းကုန်းနှီးထဲ အသင့်ထည့်လာသော ရေသန့်ဘူးကို 'ဒေါ(န်)' ကိုလှမ်းပေးသည်။

'ဒေါ(န်)' ရေကိုမော့သောက်ရင်း သူ့ကို ကလိလိုက်သည်။

"ရှင်က သိလှချည်လား... ရန်ကုန်သူ အတော်များများနဲ့ ဆုံဖူးတယ်နဲ့တူတယ်"

"ဟင့်အင်း... ဘယ်သူနဲ့မှ မဆုံဖူးပါဘူး... ခင်ဗျားက ပထမဦးဆုံးပဲ"

သူက 'ဒေါ(န်)' ကိုမကြည့်ဘဲ လက်ထဲတွင်ကိုင်ထားသော ဦးထုပ်ကိုလှည့်ပတ်ကစားနေတာကြောင့် 'ဒေါ(န်)' စပ်စုလိုက်မိသည်။

"ရှင်က ဘယ်ကလဲ"

"ဒီမှာတွေ့နေမှတော့ ဒီကပဲပေါ့"

"ရှင့်ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေကိုပြောနေတာရှင့်"

'ဒေါ(န်)' ငေါ့ကာအပြော 'နေညို' ပြုံးလိုက်မိသည်။

"အင်း... ကျွန်တော့်ကို အမေ ဘယ်မှာမွေးလို့ ဘယ်မှာ





ချက်ကြွေခဲ့သလဲတော့ မသိဘူး... ကျွန်တော်ကြီးလာတော့ တောင်ငူမှာရောက်နေတာပဲသိတယ်"

"ဒါဆို ရှင် တောင်ငူကပေါ့... နတ်သျှင်နောင်တို့ ရာဇဓာတုကလျာတို့နဲ့ မသိဘူးလား"

"သိတာပေါ့...နတ်သျှင်နောင် သီချင်းဆို အလွတ်တောင်ရသေးတယ်"

'ဒေါ(န်)'ရဲ့ အကြောင်းရိုက်သော စကားကို သူက မကြောင်ဘဲ သူက အတည်ပေါက်ပြန်ပြောနေသေးသည်။

"ရှင်က အလာကြီးပဲ"

"ဩော်... လာလို့ပဲ ဒီကလောကိုရောက်ပြီး 'မဒေါ(န်)' နဲ့ဆုံနေရတာပေါ့"

မီးခိုးနုရောင်ခေါင်းစွပ်ဆွယ်တာကြားမှ သူ့အသွင်က တည်တည်ကြည်ကြည်နှင့် ခင်မင်စရာကောင်းလှပါသည်။

" 'မဒေါ(န်)'ကကော ဒီကိုဘာလာလုပ်တာတုန်း... ဩော်... သိပြီ သတို့သား လာအကဲခတ်တာ ဟုတ်ပြီလား"

သူ့ရဲ့အပြောကြောင့် 'ဒေါ(န်)' ပြုံးလိုက်မိသည်။

"ကိုယ့်လူဘက်က သာသာထိုးထိုးပြောရဦးမယ်... ကိုခွန်ထွန်း'က မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းက ရှင် ရှေ့နေလက်မှတ်ရသွားတာလဲ"

"ရှေ့နေတင် မကဘူး အကျိုးဆောင်လက်မှတ်ပါရထားတာ... သူက ရိုးလည်း ရိုးသားတယ်... ကြိုးလည်း ကြိုးစားတယ် စိတ်ကူးမလွဲစေချင်ဘူး"

"ရှင် ဒီလိုအကျိုးဆောင်ပေးတဲ့အတွက် 'ကိုခွန်ထွန်း'က ရှင့်ကို ဘာပေးမှာလဲ... ရှင် အကျိုးအမြတ်များတယ်ဆိုရင် ကျွန်မ စဉ်းစားမယ်လေ"

"ကျွန်တော် တကယ်ပြောနေတာပါ... 'ဒေါ်(န်)'စိတ်ကို မလွဲစေချင်ဘူး"

သူက အလေးအနက်ပုံစံဖြင့် 'ဒေါ်(န်)' ကိုစိုက်ကြည့်ကာ ပြောလာသည်။

"ဒါ... ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ... သူများ တိုက်တွန်းတိုင်း ကျွန်မ စဉ်းစားမှမဟုတ်ဘူး"

'ဒေါ်(န်)' ရဲ့ ယတိပြတ်ပြောစကားကြောင့် သူက 'ဒေါ်(န်)' ကိုစိုက်ကြည့်နေသည်။

'ဒေါ်(န်)'တကယ်ပြောနေတာလား ဒါဆို 'ဒေါ်(န်)'နဲ့ 'ကိုခွန်ထွန်း'နဲ့ မဖြစ်ကြသေးဘူးပေါ့။

သူ ဝမ်းသာလိုက်တာ ကြည်နူးစိတ်ဖြင့် မျက်နှာက



BURMESE CLASSIC .com



ပြုံးအသွား...

"ဒါက ဘယ်လိုဖြစ်ရတာလဲ"

'ဒေါ်(န်)'က သူ့ကိုကြည့်ကာ မျက်စောင်းခဲသည်။

"အကျိုးဆောင်တော့ မရတော့ဘူးလို့ စဉ်းစားမိလို့ပါ"

"ကဲပါ... ပြန်ကြရအောင်"

'ဒေါ်(န်)' သစ်ပင်တွင် ချည်ထားသော ကြိုးကိုဖြေကာ ဘလက်ကီ'ပေါ် လှမ်းတက်...

"အမယ်လေး"

မြင်းက ဟီကာ ရုတ်တရက်ရွှေ့သွားတာကြောင့် လူက ယိုင်ကာ နောက်ဘက်တွင်ရပ်နေသော 'ကိုနေညို' ရင်ခွင်တွင်းကို ပြုတ်ကျသွားလေသည်။

'နေညို' ကိုယ်တိုင်လည်း 'ဒေါ်(န်)'ပြုတ်ကျလိမ့်မည်ဟု ထင်မထားတာကြောင့် ခပ်ပေါ့ပေါ့ရပ်နေဆဲ 'ဒေါ်(န်)' အရှိန်ဖြင့် လန်ကျလာတော့ သူပါ မြက်ခင်းပေါ်ကို လုံးထွေးကာ လဲကျသွားခဲ့ရလေသည်။

'နေညို' စိုးရိမ်တကြီး 'ဒေါ်(န်)' ကိုဖက်ထားမိသလို 'ဒေါ်(န်)'ကိုယ်တိုင်လည်း 'ကိုနေညို'ကို ကြောက်လန့်ကာ ခပ်တင်းတင်းဖြင့် ပြန်ဖက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ကြောက်ရွံ့စိတ်ကော ရှက်စိတ်ပါ ရောထွေးကာ 'ဒေါ(န်)' ရင်တွေ အဆမတန် ခုန်နေမိပါသည်။

'ဒေါ(န်)' ခံစားနေရတဲ့နည်းတူ 'နေညို' ရင်ထဲမှာလည်း 'ဒေါ(န်)' လိုပဲ ခံစားနေရတာပါပဲ။

သူ့ဘဝ တစ်သက်တာ၌ ဘယ်မိန်းကလေးနဲ့မှ ခုလိုမျိုး နီးနီးကပ်ကပ် ရင်မခုန်ခဲ့ဘူးပါ ခုတော့...

သူ့ရင်ကော 'ဒေါ(န်)' ရင်ပါ ပြိုင်တူခုန်နေကြသည်။ မွှေးကြိုင်တဲ့ ရနံ့တွေကြောင့် အတင်းကာရော ဖက်နမ်းပစ်ချင်စိတ်ကို ချုပ်တည်းကာ တံတွေးကို အတင်းမြိုချနေရသည်။

ဖြစ်နိုင်လျှင် 'ဒေါ(န်)'ကို ချစ်စကားဆိုလိုက်ချင်ပါသည်။ ဒါပေမဲ့ သူ မဝံ့ပါ။

'ဒေါ(န်)' သည် သူ့သခင်ရဲ့ အရှင်မဖြစ်လာမယ့် သူပဲလေ။

"ဘာဖြစ်သွားသေးလဲ... 'ဒေါ(န်)' "

'ဒေါ(န်)' ကိုဖက်ထားတဲ့လက်ကိုလွှတ်ကာ မေးလိုက်တဲ့ သူ့အသံက လိုက်မောကာသွေ့ခြောက်ခြောက်ဖြင့် အက်ကွဲနေသလို သူ့ရင်တွင်းမှ အတင်းကာရော ရုန်းထွက်ရင်း ပြန်ပြောလိုက်တဲ့ 'ဒေါ(န်)' အသံကလည်း လှိုင်းထန်၍နေသည်။





"ဟို... ဘာမှမဖြစ်ပါဘူး... မြင်းက အော်တော့ 'ဒေါ(န်)' လန့်ပြီး ပြုတ်ကျသွားခဲ့တာ"

" 'ဒေါ(န်)' မြင်းစီးဦးမလား... ဟင်"

"ဟင့်အင်း... 'ဒေါ(န်)' ဒီလိုပဲလမ်းလျှောက်ပြန်တော့မယ်"

အပြန်လမ်းမှာတော့ နှစ်ယောက်လုံးရဲ့ စကားသံတွေ တိတ်ဆိတ်နေခဲ့သည်။

'ဒေါ(န်)'က သူ့ကိုယ်တွင် ကပ်ငြိပါလာသော သစ်ရွက်ခြောက်တွေကို ဖယ်ချနေသလို 'နေညို'ကလည်း မြင်းနှစ်ကောင်ကိုဆွဲကာ ခေါင်းငုံ့ပြီး ပါလာခဲ့သည်။

'ဒေါ(န်)'က 'နေညို'ရဲ့မျက်လုံးကို လုံးဝမကြည့်ရဲသလို 'နေညို' ကိုယ်တိုင်လဲ 'ဒေါ(န်)' မျက်နှာကို ရဲရဲမကြည့်ရဲပါ။

ရုတ်တရက် ကြုံတွေ့ခဲ့ရသော အဖြစ်ကိုပဲ မယုံကြည်နိုင်သလို ခံစားနေရသည်။

ထိုနေ့က အိမ်ကိုပြန်ရောက်တော့ မေမေတို့က ထမင်းစားဖို့ ပြင်နေကြသည်။

"သမီး... 'ဒေါ(န်)'လည်း လာလေ... တစ်ခါတည်းစားရအောင်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ စားနှင့်… 'ဒေါ(န်)' ရေချိုးပြီးမှစားတော့မယ်"

'ဒေါ(န်)' သူ့မျက်နှာကို မေမေမြင်မှာစိုး၍ အပေါ်ထပ်ကို အမြန်တက်လာခဲ့ ပိုက်သည်။

ရှက်လွန်းတဲ့ သူမရင်ထဲမှာတော့ ဘယ်လိုနေရမှန်းကို မသိပါ။

သည်အဖြစ်ကို 'ကိုခွန်ထွန်း'သာ မြင်သွားရင် ဘယ်လို လုပ်ရပါ့မလဲ။

'ဒေါ(န်)' အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်နေရမှ မှန်ရှေ့တွင်ရပ်ကာ သူမရဲ့မျက်နှာကိုစိုက်ကြည့် လိုက်သည်။

ကြည့်ပါဦး နီမြန်းနေလိုက်တာ။

မေမေတို့အမြင်မှာတော့ နေပူထဲက ပြန်လာလို့နီနေ တယ် ဖြစ်ထင်မှာဖြစ်ပေမယ့် 'ဒေါ(န်)' သူမကိုယ်သူမ သိသည်။

ဒါ 'ဒေါ(န်)' ရှက်နေတာ ဘယ့်နှယ် ဒီအသက်ဒီအရွယ် ထိ 'ဒေါ(န်)' ဘယ် သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ရင်ခွင် ထဲကိုမှ တိုးမဝင်ဘူးပါ။

ခုတော့ ဝင်ရုံတင်မက 'ဒေါ(န်)' ဖက်များပင် ပြန်ဖက် ထားလိုက်မိပါသေးသည်။





ခဏလေးသာဖြစ်လိုက်တဲ့ အဖြစ်ကလေးဖြစ်သော် လည်း ထိုအဖြစ်ကို 'ဒေါ(န်)' လုံးဝမမေ့နိုင်သလို မြင်းဖောင်းထဲ ပြန်ရောက်နေပြီဖြစ်တဲ့ 'နေညို့'မှာလည်း တုန်တုန်လှုပ်လှုပ်ခံစား နေရရှာလေသည်။

တကယ်ဆို 'နေညို့'ဘဝကလည်း မိန်းကလေးတွေနှင့် ကင်းကွာလွန်းလှပါသည်။

'နေညို'ဆယ်တန်းအောင်တဲ့အချိန်မှာဘဲ ဖေဖေဆုံးသွား တာကြောင့် 'နေညို'တို့ ရန်ကုန်ကိုပြောင်းလာခဲ့ရသည်။

ထိုအချိန်မှာပဲ 'နေညို့'ဘဝ စတင်သည်ဟု ဆိုရလေမည် လား။

ကျောနှင့်ခုတင်နဲ့အထိ 'နေညို့' စိတ်တွေ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အဖြစ်တွေကို ပြန်လည်ကာ သတိရလာမိ သည်။

တကယ်ဆို သည်အဖြစ်တွေက 'နေညို' လုံးဝမေ့ထား ချင်သော အဖြစ်တွေပါ။

ကိုယ်လျှောက်ခဲ့ရတဲ့ ဘဝခရီးလမ်းမှ ကိုယ် မလိုတဲ့နှစ် အပိုင်းအခြားကို ဖယ်ထုတ်၍ ရစတမ်းဆိုလျှင် ထိုနှစ်တွေသည် 'နေညို့'ကို ကံဆိုးမိုးမှောင်ကျခဲ့သော နှစ်တွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ လောကဓံရှစ်ပါးဆိုတာ ဘုရားရဟန္တာတောင် လွတ်ကင်းအောင် ရှောင်နိုင်လို့ ရတဲ့အရာတွေမှ မဟုတ်တာပဲ။

အကောင်းရှိလျှင် အဆိုးရှိမည်၊ အဆိုးရှိလျှင် အကောင်းရှိမည်။

လူ့လောကထဲက လူသားတစ်ဦးဖြစ်တဲ့ 'နေညို'လည်း ဘာမို့လို့လဲလေ။

ပြန်မတွေးချင်ပေမယ့်လည်း မေ့မရသောအကြောင်းအရာတွေက 'နေညို' အတွေးထဲကို အတင်းကာရော တိုးဝင်လာပါတော့သည်။

♀ ♀ ♀





၁၁

"ကိုကိုရေ ထမင်းစားလို့ရပြီ"

တောင်ငူမှ အိမ်ပြောင်းလာခဲ့ရတာဆိုတော့ 'နေညို' အရမ်းကိုပင်ပန်းလှပါသည်။

မောင်နှမနှစ်ယောက်တည်းသာ ရှိတဲ့ကြားထဲ သူကသား အကြီးဖြစ်နေတော့ အစစအရာရာ သူဦးဆောင်နေရသည်။

မေမေကတော့ နဂိုကတည်းက ရိုးအကာအေးဆေးသူပီ 'နေညို' သဘောပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'နေညို' ဘာပြောပြော ဘာလုပ်လုပ် မေမေကျေနပ်သည်။

ဒီ ကျောက်မြောင်းကိုပြောင်းလာခဲ့တာလဲ 'နေညို' အစီအစဉ်ပါ။

'နေညို'က ဆယ်တန်းအောင်ပြီးပြီမို့ အဝေးသင်တက်တက် ဒေးတက်တက် အရေးမကြီးပေမယ့် ညီမလေး 'မေချို' ကျောင်းတက်အဆင်ပြေဖို့ ကျောင်း နဲ့နီးတဲ့နေရာမှာ အရင်စဉ်းစားရသည်။

ကျောက်မြောင်းဆိုတာက မြန်မာရပ်ကွက်ဖြစ်ကာ ဈေးနဲ့လည်းနီး ကျောင်းတွေနဲ့လည်းနီးတာကြောင့် သီတာလမ်းထဲတွင် ခြံလေးတစ်ခြံဝယ်ပစ်လိုက်သည်။

အုတ်ဖိနပ်ခံ သစ်သားအိမ်ကလေးတစ်လုံးပါကာ သူတို့မိသားစုသုံးယောက် ကောင်းကောင်းနေပျော်သည်။

နောက်ပိုင်း ပိုက်ဆံရှိလာလျှင် တစ်ထပ်တိုက်လေးပြင်ဆောက်လိုက်လို့ရသည်။

သည်အတွေးတွေဖြင့် သူဝယ်ခဲ့တဲ့အိမ်လေးကို မေမေက လိုက်ကြည့်ပြီး သဘောကျနေသည်။

ဘေးပတ်ဝန်းကျင်မှာလည်း တိုက်နှစ်တိုက်ရှိသည်။ 'မေ





ချို'ကတော့ မိန်းကလေးပီပီ တိုက်လေးဖြစ်ချင်သည်။

"သစ်သားအိမ်နဲ့ နေမယ့်အစား ကန့်ထရိုက်တိုက်သစ်လေးဝယ်လိုက်ပြီးရော ကိုကိုကလဲ"

"အခု သစ်သားအိမ်ပေမယ့် နောက်ဆို တိုက်လေးဖြစ်ချင်ဖြစ်လာမှာပေါ့ ညီမလေးရယ်... လူ့ကံဆိုတာ ရှိသေးတာပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် သမီးရယ်... သည်အိမ်လေးကိုပဲ မေမေသဘောကျတယ်"

သည်လိုနှင့် 'နေညို'တို့ ရန်ကုန်ကိုပြောင်းလာဖြစ်သည်။

ညီမလေးကို အိမ်နဲ့နီးတော့ တာမွေ အ ထ က (၂)တွင်ထားကာ သူကတော့ ဒဂုံတက္ကသိုလ်တွင် တက်ခွင့်ရခဲ့သည်။ မေမေက အလကားနေအလကားဈေးမိုးရတယ်ဆိုကာ အိမ်ဆိုင်လေးတစ်ဆိုင်ဖွင့်ဖြစ်သည်။

အိမ်ရှိပေမယ့် စားဖို့လည်းလိုသေးတာကြောင့် 'နေညို' မပြောသာပေမယ့် အမေဆိုင်ဖွင့်နေတာကို မကြည့်ရက်ပါ။

သူကျောင်းထွက်ပြီး အလုပ်လုပ်မယ်ပြောတာကိုလည်း အမေက လုံးဝလက်မခံတာကြောင့် စာကိုပဲဖိကြိုးစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေချို'က ကျောင်းကပြန်လာလျှင် မေမေ့ကိုဈေးကူရောင်းပေးနေတာတွေ့ရ၍ 'နေညို' စိတ်ချမ်းသာရသည်။ 'မေချို' သာ ဆယ်တန်းရောက်လာလျှင် ကူပြီးရောင်းပေးနိုင်မယ် မထင်တော့ပါ။

'နေညို' ထက် 'မေချို'က စာပိုတော်တာကြောင့် ညီမလေးကို ကျောင်းစာဘက်တွင် မလစ်ဟင်းစေချင်ပါ။

"စိတ်ချပါ ကိုကိုရဲ့... 'မေချို' ဆိုင်စောင့်ရင်းစာကျက်မှာပါ"

အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်းလေးနှင့် ညီမလေးက အဖေတူကာ ချောမောလှပပြီး သူကတော့ အမေတူကာ အသားညိုသည်။ မျက်လုံး မျက်ဖန်ကောင်းသည်။ အမေ့လိုပင် နှာတံကသွယ်သွယ်လျှလျှရှိသည်။

"သမီးက အဖေတူပြီး... သားက အမေတူလို့ မေမေ့သားသမီးတွေ ချမ်းသာမှာကြိုသိတယ်"

"ခုလည်း လူမချမ်းသာပေမယ့် စိတ်ချမ်းသာနေတာပါပဲ အမေရယ်"

"အမေက သားတို့သမီးတို့ကို ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံနေစေချင်တာ"





'နေညို'တို့ ခေါင်းရင်းတိုက်ရှိ 'မေချို' သူငယ်ချင်း 'တာရာ'တို့မောင်နှမတစ်တွေကတော့ ပြည့်စုံကြွယ်ဝလှပါသည်။

ကိုယ်ပိုင် ကားနှစ်စီးရှိကာ ကျောင်းသွားကျောင်းပြန် သူတို့အိမ်က ကားနှင့်လိုက်ပို့ပေးတာတွေ့ရသည်။

သည်အခါတိုင်း ကျောင်းကိုလမ်းလျှောက်သွားရသော ညီမလေးကိုကြည့်ကာ 'နေညို' ပိုကြိုးစားဖို့ ကိုယ့်ကိုယ်ကို အားတင်းမိသည်။

ညီမလေးကတော့ တစ်ချက်ကလေးမှ အပြုံးမပျက်ပါ။

"ကိုကိုကလည်း ညီမလေးတို့ထက် ချမ်းသာတဲ့လူတွေကို သွားမကြည့်နဲ့လေ... ဆင်းရဲတဲ့လူတွေကိုကြည့်မှ စိတ်ချမ်းသာမှာပေါ့... ညီမလေးကတော့ အဲဒီလိုပဲ တွေးတယ်... ဒါကြောင့် 'တာရာ'တို့ခေါ်တာတောင် ဘယ်တော့မှ မလိုက်ဘူး"

"ကိုကိုကတော့ မေမေ့ကိုရော ညီမလေးကိုရော စည်းစိမ်ချမ်းသာအပြည့်နဲ့နေစေချင်တာ ကိုကိုကြိုးစားမယ်"

'နေညို' ဒုတိယနှစ်အရောက်တွင် သူငယ်ချင်းတစ်ယောက်နှင့်ဆုံရသည်။ ကလေးမြို့မှ ရန်ကုန်တွင် ကျောင်းလာတက်နေသူဖြစ်ကာ 'စိုင်းထွန်း' မိဘတွေက ဘန်ကောက်တွင် ကျောက်မျက်ဆိုင်ဖွင့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုကလိုအပ်သမျှ ‘စိုင်းထွန်း’နှင့် သူ့အစ်ကိုကဝယ်ပို့ပေးရသည်။ အဖိုးတန်ကျောက်မျက်တွေကို ‘စိုင်းထွန်း’ အစ်ကိုကဝယ်ပို့ပေးရကာ တန်ဖိုးနည်းကျောက်မျက်အကာသားတွေကို ‘စိုင်းထွန်း’က တာဝန်ယူရသည်။

ထို ကျောက်မျက်အကာသားတွေက ပန်းချီကားနှင့် ကျောက်မျက်ပန်းပုများ ထုလုပ်ရန်အတွက်ဖြစ်သည်။ သည်တော့ ‘စိုင်းထွန်း’နဲ့အတူ ‘နေညို’လည်း လိုက်လံဝယ်ပေးရသည်။ ခဏခဏဆိုတော့လည်း ‘စိုင်းထွန်း’က သူနဲ့အတူ ဘန်ကောက်ကိုလိုက်လည်ဖို့ခေါ်သည်။

နဂိုကတည်းက စီးပွားရှာချင်နေသူဆိုတော့ စာမေးပွဲဖြေပြီးသည်နှင့် သူ ဘန်ကောက်ကိုလိုက်သွားဖြစ်သည်။ ပထမပိုင်း တစ်ပတ် ဆယ်ရက်ကြာပေမယ့် နောက်ပိုင်း တစ်လနှစ်လကြာလာသည်။

‘နေညို’ဘက်က အလုပ်ဖြစ်လာတော့ မေမေ့ကိုလည်း ဆိုင်မဖွင့်ခိုင်းတော့ပါ။ ‘နေညို’ကိုယ်တိုင်လည်း အဝေးသင်တက္ကသိုလ်ပြောင်းတက်ကာ ‘စိုင်းထွန်း’နဲ့ အလုပ်အတူ လုပ်ဖြစ်သည်။

သည်လိုနှင့် ‘မေချို’ ဆယ်တန်းရောက်လာခဲ့သည်။ ညီမလေးရဲ့ ကျူရှင်က ညီမလေးရဲ့ Guide တွေအတွက် ‘နေညို’ ပိုကြိုးစားရသည်။

သူတို့တစ်အိမ်လုံးမှာ ညီမလေးက အဓိကဖြစ်သည်။ ညီမလေးက ဆယ်တန်းအောင်ပြီး ဆရာဝန်ကြီးဖြစ်လို့ကတော့ သူ တာဝန်ကျေပြီ။

အဖေတူ သမီးအတွက် မေမေလည်း ဂုဏ်ယူနိုင်သည်။ ဘန်ကောက်နဲ့ရန်ကုန် ခေါက်တုံ့ခေါက်ပြန် ကူးနေတော့ အစ်ကိုကိုကြည့်ကာ ညီမလေးက ငြီးသည်။

“ပင်ပန်းလိုက်တာ ကိုကိုရယ်... ညီမလေး ကျူရှင်မတက်လည်း ဖြစ်ပါတယ်... Guide မခေါ်လည်း ရပါတယ်”

“ဘယ်... ရ ရမှာလဲ... ညီမလေး ဆရာဝန်ဖြစ်မှာပါ... ကိုယ့်ကိုယ်ကို သိတယ်”

“ဒါ ကိုကို့စေတနာလေ... ဒီကမ္ဘာပေါ်မှာ ကိုကို့ ညီမလေးကို ကိုကိုကသာ အချစ်ဆုံးဖြစ်ချင်တာ”

“ညီမလေးလည်း ကိုကို့ကို ချစ်ပါတယ်နော်”

သူ့ သူငယ်ချင်း ‘တာရာ’က ကိုကို့ကို စိတ်ဝင်စားနေတာတောင် ‘မေချို’ ပြောမပြခဲ့ပါ။ ကိုကို ‘တာရာ’ ကိုပြန်စိတ်ဝင်စားသွားလျှင် ‘မေချို’ အူတိုနေရဦးမည်။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုကို့ကိုတော့ နည်းနည်းပါးပါးပြောပြလိုက်မိသည်။

"'မေချို' သူငယ်ချင်း 'တာရာ' ရှိပါရောလား... အသားဖြူဖြူကောင်မလေးလေ"

'နေညို' ခေါင်းညိတ်လိုက်သည်။

"ကိုကို့ကို စိတ်ဝင်စားနေတာ"

'နေညို' ပြုံးလိုက်သည်။ သူ့မှာဖြင့် သူ့မိသားစုအရေးကိစ္စဖြင့် ဘယ်သူ့ကိုမှ စိတ်ဝင်စားရကောင်းမှန်း မသိခဲ့ပါ။

"ကိုကိုတက္ကသိုလ်မှာ ဘယ်မေဂျာနဲ့ တက်နေတာလဲ... ဘယ်ရီးယားရောက်နေပြီလဲလို့ မေးတယ်"

"ညီမလေးက ဘာပြန်ဖြေလိုက်လဲ"

"အမှန်အတိုင်းပေါ့ ကိုကိုရဲ့... ဘာလဲ ကိုကိုလည်းစိတ်ဝင်စားနေပြီလား"

'နေညို' ခေါင်းခါလိုက်သည်။ ခုချိန်မှာသူ့မိသားစုအရေးကလွဲလျှင် သူ ဘာကိုမှမတွေးချင်ပါ။

အခိုကမေမေဖြစ်ချင်သလို သစ်သားအိမ်လေးကိုတိုက်ပြန်ဆောက်ချင်သည်။

ညီမလေးတက္ကသိုလ်တက်ဖို့ ကားတစ်စီးဝယ်ရမည်။





သည်အတွေးထက်ပိုပြီးတွေးတာ 'နေညို' ဘဝမှာလုံးဝမရှိပါ။

သည်လိုနှင့်ဘန်ကောက်နှင့်ရန်ကုန်ကူးရင်း ညီမလေးဆယ်တန်းစာမေးပွဲအောင်သွားသည်။

ဂုဏ်ထူးလေးဘာသာနဲ့ဆိုတော့ သေချာပေါက် ဆေးတက္ကသိုလ်ဝင်ခွင့်ရနိုင်သည်။ ညီမလေးရဲ့အောင်မြင်မှုတွေအတွက် ပျော်လွန်း၍ 'နေညို' အိပ်လို့ပင်မရပါ။

'စိုင်းထွန်း' က 'နေညို' အဖြစ်ကိုကြည့်ကာ ပြုံးသည်။

"မင်းဥစ္စာကလဲကွာ... တော်ရုံပဲပျော်စမ်းပါ"

"ဘယ်လိုလုပ်တော်ရုံပျော်လို့ရမလဲ... ငါ့ညီမလေးဆရာဝန်ဖြစ်ဖို့က ငါတို့မိသားစုရဲ့မျှော်လင့်ချက်... ခု ငါ့ညီမလေးဟာငါတို့ရဲ့မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးလိုက်ပြီ... ငါ့ညီမလေးအတွက် တိုက်ဆောက်ပေးရမယ်... ကားဝယ်ပေးရဦးမယ်"

တိုက်ဆောက်ဖို့ကားဝယ်ဖို့ကတော့ 'စိုင်းထွန်း' အလုပ်နဲ့မဖြစ်နိုင်ပါ။ 'စိုင်းထွန်း' တို့ရဲ့ဖောက်သည် 'ကိုမိုးသီး' အကူအညီပါမှဖြစ်တော့မည်။

'ကိုမိုးသီး' က ဘန်ကောက်နဲ့ရန်ကုန်ကူးနေသူပါ။

ဘန်ကောက်ကိုလာတိုင်း 'စိုင်းထွန်း' တို့ဆီမှာတည်းသော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဝယ်သည်။ သည်တော့ 'နေညို' နဲ့လည်းမျက်မှန်းတန်းနေ မိပါပြီ။

'ကိုမိုးသီး' က ဂျပန်မှာအလုပ်လုပ်နိုင်လျှင် တစ်လကို မြန်မာငွေသိန်းနှစ်ဆယ်ခန့် ဝင်သည်တဲ့။

ဘာအလုပ်လည်းဆိုတော့ စားသောက်ဆိုင်မှာ အိုက်ဒိုး ပကေးဆန် တဲ့။

ကြားဖူးနေတာကြာပြီဖြစ်ပေမယ့် သူလုပ်ရလိမ့်မည်ဟု 'နေညို' လုံးဝမတွေးမိပါ။

ဒါပေမဲ့ ညီမလေးအတွက် သူလုပ်မှဖြစ်မည်။

ဒီလောက်ပိုက်ဆံများများရမှလည်း အမေဖြစ်ချင်တဲ့ တိုက် ညီမလေးစီးချင်တဲ့ကားမျိုးကို ဝယ်ပေးနိုင်မည်ဖြစ်သည်။

နောက်တစ်ခေါက် ဘန်ကောက်ကိုအသွား 'စိုင်းထွန်း' ကို ခွင့်ပန်ကာ 'ကိုမိုးသီး' နဲ့ ဂျပန်ကိုလိုက်သွားလိုက်သည်။

ရသမျှပိုက်ဆံ ညီမလေးနာမည်နဲ့လွဲပို့ပေးကာ သစ်သား အိမ်လေးကို တိုက်ပြင်ဆောက်စေသည်။

ကားသစ်တစ်စီး ဝယ်စီးစေသည်။

မြန်မာပြည်မှ အမေနဲ့ညီမလေးတို့ပို့ပေးသော တိုက်သစ် လေးပုံကိုကြည့်ကာ ဝမ်းသာပီတိစိတ်ဖြင့် မျက်ရည်ကျမိသည်။





ကားကိုတော့ ဒရိုင်ဘာငှားကာ မောင်းသည်တဲ့။

ဂျပန်တွင်ငါးနှစ်ခန့်နေပြီး အတော်လေးပြည့်စုံလာတော့ သူ မြန်မာပြည်ကို ပြန်ချင်လာသည်။

ညီမလေးကို သူကိုယ်တိုင်ကားမောင်းကာ ကျောင်းလိုက် ပို့ပေးချင်သည်။

သည်လိုနှင့်အမေတို့ညီမလေးတို့ကို အသိမပေးဘဲ သူ မြန်မာပြည်ကိုပြန်ချလာခဲ့သည်။

သည်လိုပြန်လာခဲ့တာကိုက သူ အမှားဖြစ်သွားသည် လား။

သူ သိတာလမ်းအိမ်ကိုအရောက် မေမေက အံ့အားသင့် နေသည်။

"သား ... သားကြီး 'နေညို'..."

"မေမေ..."

သူ မတွေ့ရတာကြာပြီဖြစ်သော အမေ့ကိုဖက်ကာ ငို ကြွေးလိုက်မိသည်။

အမေကိုယ်တိုင်လည်း မျက်ရည်တွေ တွေတွေကျနေ တာတွေ့ရသည်။

"ညီမလေး ကော မေမေ... ကျောင်းသွားလား"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်နှာတစ်မျိုးဖြစ်နေသည်ကိုတော့ 'နေညို' ရိပ်မိပါသည်။ ဒါပေမဲ့ ညီမလေးကိုတွေ့ချင်စိတ်က ဘယ်လိုမှချိုးနှိမ်၍မရပါ။

ခုလောက်ဆို ညီမလေး လက်တွေ့ဆင်းနေရတဲ့အချိန်ရောက်နေပြီ။

“ 'မေချို' ဘယ်ဆေးရုံမှာလည်း မေမေ”

“ပြန်လာမှာပဲ သားရယ်... ပြန်လာမှတွေ့လည်း ဖြစ်တဲ့ဥစ္စာ”

“ဟင့်အင်း... သား တွေ့ချင်လှပြီ ဘယ်ဆေးရုံမှာလဲ”

“ကလေးဆေးရုံလို့ မေမေကြားတာပဲ”

မေမေ့ဆီက သတင်းရသည်နှင့် သူ တိုက်ထဲက ပြေးထွက်လာကာ တက်စီငှါးပြီး ကလေးဆေးရုံကိုထွက်လာခဲ့လိုက်သည်။

မေမေတို့ ဝယ်ထားသော လီမိတက် အဖြူရောင်လေး၏ ကားဓါတ်ပုံကိုနဲ့ ကားနံပါတ်ကိုလည်း မှတ်ထားလိုက်သေးသည်။

ညီမလေး သူ့ကိုတွေ့လျှင် အရမ်းဝမ်းသာမှာသေချာသည်။





ညီမလေးကြိုက်တတ်သော အရုပ်လေးတွေ ကလစ်လေးတွေ ပိုက်ဆံအိတ်လေးတွေ သူ အများကြီးဝယ်လာခဲ့သည်။

နာရီတွေဆိုတာလည်း လေးငါးလုံးမကပါ။ သူတို့မိသားစုကိုဂုဏ်တက်စေတဲ့ ညီမလေးကို သူ အစ်ကိုတစ်ယောက်အနေနဲ့ ဂုဏ်ပြုသင့်သည်မဟုတ်ပါလား။

ကလေးဆေးရုံရှေ့တွင် ကားကိုရပ်ကာ ညီမလေးနာမည်မေးပြီး စုံစမ်းလိုက်သည်။

“ 'မေချို' ယခုလေးပဲ ပြီးလို့ ပြန်သွားပြီ”

“ဟာဗျာ”

တွေ့ရကာနီးမှ ကပ်လွဲနေတာကြောင့် ကားဆီကိုပြန်အလာ ကားတစ်စီး သူတို့ရှေ့က ဖြတ်သွားတာတွေ့လိုက်ရသည်။

လီမိတက် အဖြူရောင်ဖြစ်ကာ ကားနံပါတ်ကလည်း 'နေညို' အလွတ်ရနေသော နံပါတ်လေးပါ။

ဒါဆို ကားထဲက ပါသွားတာ ညီမလေးပေါ့။

“ကားဆရာ ရှေ့ကကားကို မီအောင်မောင်းပေးစမ်းပါ”

'နေညို' ကား ပါလာမှန်း မသိသော ရှေ့ကကားလေးက ကျောက်မြောင်းဘက်ကို မမောင်းဘဲ အင်းလျားဘက်ကိုဦးတည်နေတာကြောင့် 'နေညို' အံ့အားသင့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေချို' ဘယ်ကိုမောင်းနေပါလိမ့်။

လိုက်မမှတော့ မထူးတာကြောင့် 'မေချို'တို့သွားရာ လိုက်အကြည့် 'နေညို' ၏မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။

" 'မေ... ချို'... ညီမလေး"

"ဟင်..., ကိုကို"

ဒရိုင်ဘာ၏ရင်ခွင်တွင်းမှ ကြုံးရုန်းထလာသော 'မေချို့' အသွင်က အရမ်းကို အံ့သြထိတ်လန့်နေ,နေဟန်ပါ။

"နင်... ဒါ ဘာလုပ်နေတာလဲ"

"မဟုတ်ဘူး... ကိုကို"

"ဘာ... မဟုတ်တာလဲ... လက်ပူးလက်ကြပ်မိနေတာမှန်လာဥ လုပ်ချင်သေးလို့လား"

ဒရိုင်ဘာပုံစံက နှုတ်ခမ်းမွေးသဲသဲနဲ့ လူလည်း လူခွပုံစံမျိုးပါ။

"မင်းလားကွ... ငါ့ညီမကိုစော်ကားရဲတာ"

"ကိုကို မလုပ်ပါနဲ့"

'မေချို' တားနေတဲ့ကြားက 'နေညို' ဒရိုင်ဘာမျက်နှာကို ဆင့်ကာဆင့်ကာထိုးထည့်လိုက်သည်။

ဒါကြောင့် မေမေ 'မေချို့' နောက်ကို မလိုက်စေချင်တာ





'နေညို' သိရပြီ။

ဒီလိုဖြစ်နေမှန်းသိရက်နဲ့ မေမေ ဒရိုင်ဘာကို ဘာလို့မဖြုတ်ခဲ့ရတာလဲ။

"မင်း... ငါ့အိမ်ရှေ့ကို ယောင်လို့တောင် လာမသိနဲ့ ငါနဲ့တွေ့သွားမယ်"

'နေညို' 'မေချို' ကို ကားပေါ်တင်ကာ မောင်းထွက်လာခဲ့လိုက်သည်။

ရင်ထဲမှာတော့ 'မေချို'အတွက် စိတ်မကောင်းလွန်း၍ ကြေကွဲစွာခံစားနေမိသည်။

တကယ်ဆို သူ့ ညီမလေးလိုပညာတတ်တစ်ယောက်နဲ့ ဒီလိုကောင်မျိုးနဲ့ တန်လို့လား။

" 'မေချို'ရာ... ကိုကိုက ညီမလေးကို အများကြီးမျှော်လင့်ထားတာ... ယခု ကိုကို ဘာလုပ်ရမှာလဲ"

" 'မေချို' မှားပါတယ် ကိုကိုရယ်"

ရိုးသားလွန်းတော့လည်း ဘဝမှာ အမှားတွေတတ်တာ မမှုတာပဲ မဟုတ်ပါလား။

"မေမေလည်း ကောင်လေးက အပြောကောင်းတာနဲ့ ရိုးသားတယ်ထင်ပြီး သမီးလေးအတွက် ဒရိုင်ဘာခန့်လိုက်မိတာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ မှားပါတယ် သားရယ်"

မေမေက ပါးစပ်ကမှားတယ်ပြောရုံနဲ့ ပြီးသွားပေမယ့် ပြီးမသွားတာက 'မေချို'ပါ။

'မေချို'တွင် ဒရိုင်ဘာနှင့်ရသော ကိုယ်ဝန်ကနှစ်လရှိနေခဲ့ပြီ။

"နင် မိုက်လှချည်လား... 'မေချို' ရယ်"

"အခု ဘယ်လိုလုပ်ရမလဲ"

ပညာတတ်တစ်ယောက်ဖြစ်နေပါလျက် 'မေချို'ရဲ့ ရိုးသားမှုကို တစ်ဖက်လူက အသုံးချသွားခဲ့ပုံရသည်။

"ဘယ်လိုမှ လုပ်မနေပါနဲ့ သားရယ်... ပေးစားလိုက်ဖို့ပဲ ရှိတော့တာပေါ့"

သည်လိုအဖြစ်တွေ ဖြစ်လာမှန်းသိလျှင် 'နေညို' ဂျပန်ကပင် ပြန်လာဖို့စိတ်မကူးမိပါ။

ခုတော့ သူ့ရင်တွေနာကျင် ကြေကွဲဖို့ သက်သက်ဖြစ်လာခဲ့ရသည်။

အားမတန်မာန်လျှော့ကာ ဒရိုင်ဘာအိမ်ကိုရောက်လာခဲ့ရသည်။

ညီမဖြစ်သူအတွက် မျက်နှာကိုအောက်ချကာ အောက်





ကျခံခဲ့ရသည်။

အသားစီးရနေတဲ့ ဒရိုင်ဘာက ခေါင်းခါသည်။

သူ လုံးဝ တာဝန်မယူနိုင်ပါဘူးတဲ့။

မိုက်ရိုင်းလိုက်တဲ့စကား လူမဆန်လိုက်တဲ့စကား။

'နေညို' ဒရိုင်ဘာ၏အင်္ကျီရင်ဘတ်ကို ဆွဲဆောင့်ပြီးတော့ အိမ်ထဲက သူ့မိန်းမထွက်လာကာ သူ့ကိုလှမ်းရန်ထောင်သည်။

ကိုယ့် ညီမကိုယ်ထိန်း သူ့ယောကျ်ားမှာ ဘာအပြစ်မှမရှိဘူးတဲ့။

ရက်စက်လိုက်တဲ့စကား စော်ကားလိုက်တဲ့စကား။

တကယ်ဆို နှစ်ဦးလုံးမှားယွင်းကြလို့ဖြစ်ခဲ့ကြတဲ့ကိစ္စ။ 'မေချို'ကပဲ တရားခံဖြစ်နေလေရော့သလား။

သူ့ဒေါသတွေအရမ်းထွက်ခါ အိမ်ကိုပြန်လာပြီး ညီမဖြစ်သူကို ရိုက်မိသည်။

"နင် ဒီလောက်မိုက်လုံးကြီးရလား... လောကမှာ လင်ဒီလောက်ရှားနေပြီလား"

"'မေချို'ကို သတ်လိုက်ပါ ကိုကိုရယ်... 'မေချို' လူ့လောကမှာ မနေပါရစေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"လာ သတ်မယ်... နင် မရှိမှ ငါတို့ဘဝလည်း အေးမှာ"

'နေညို' ဒေါသတကြီး ဓါးကိုသွားအယူ မေမေက 'နေညို'ကိုလိုက်ဆွဲသည်။

"မလုပ်ပါနဲ့ သားရယ်... ဒါတွေဟာ မေမေ့အပြစ်ကြောင့်ပါ... မေမေ မစူးစမ်း မဆင်ခြင်ဘဲ ဒရိုင်ဘာခန့်ခဲ့လို့ သမီးလေး ဒီလိုဖြစ်ရတာပါ သတ်ချင်းသတ်ရင် မေမေ့ကိုပဲ အရင်သတ်လိုက်ပါ"

မိသားစုနှင့် ပြန်ဆုံရလျှင် ပျော်ရွှင်ရမလား ကြည်နူးတဲ့အတွေးတွေနှင့် ပြန်လာခဲ့သော 'နေညို'ဘဝ ပြန်လာပြီးကတည်းက စိတ်မချမ်းသာရသေးပါ။

"အခု မေမေတို့ ဘာလုပ်ကြမလဲ"

ခုအချိန်မှာတော့ 'နေညို' ဘယ်သူ့ကိုမှလည်း မတွေ့ဝံ့ပါ တွေ့လည်း မတွေ့ရဲပါ။

"သားပိုက်ဆံနဲ့ မေမေ မင်္ဂလာဒုံဘက်မှာ ခြံလေးတစ်ခြံ ဝယ်ထားတာရှိတယ်... အဲဒီမှာ သွားနေကြရင် မကောင်းဘူးလား ဟင်"

ထိုအစီအစဉ်ကလွဲ၍ 'နေညို'မှာလည်း ရွေးစရာလမ်းလည်း မရှိပါ။





'နေညို' မြန်မာပြည်ကိုပြန်ရောက်ပြီး မကြာမီ ကျောက်မြောင်းထဲက တိုက်လေးကိုရောင်းကာ မင်္ဂလာဒုံက ခြံလေးကို ပြောင်းလာခဲ့ကြသည်။

ယခင်အခါက ပျော်ရွှင်မှု တက်ကြွမှုတွေဖြင့် စည်းလုံးပျော်ရွှင်ခဲ့တဲ့အိမ်လေးက ယခုအခါမှာတော့ နေထိပန်းလို ညှိုးနွမ်းခြောက်သွေ့ကာ တိတ်ဆိတ်ငြိမ်သက်နေသည်။

မေမေက ပုတီးလေးတစ်ကုံးဖြင့် တစ်နေ့ရာမှာ ငြိမ်သက်စွာထိုင်နေတတ်သလို 'မေချို'ကလည်း 'နေညို' မမြင်ကွယ်ရာ ချောင်လေးတစ်ချောင်မှာ ခွေခွေလေးလှဲနေတတ်သည်။

ညီမဖြစ်သူလည်း ထိုအဖြစ်ကိုမြင်ရတိုင်း 'နေညို'တစ်ယောက် 'မေချို'ကို ဖျက်ဆီးသွားရက်တဲ့ ဒရိုင်ဘာကို သွားသတ်ပစ်ချင်စိတ်ကနေ့တိုင်းပါ။

အစ်ကိုဖြစ်သူ သည်လောက်ခံစားနေရတော့ 'မေချို' အစ်ကို ဖြစ်သူရှေ့မှာ ကြာကြာမနေရဲပါ။

တစ်နေ့ 'နေညို' မြို့ထဲကပြန်အလာ လမ်းထိပ်တွင် လူတွေဝိုင်းအုံနေ၍ ဝင်ကြည့်လိုက်တော့...

"အောင်မယ်လေး... ညီမလေး"

သွေးအိုင်ထဲတွင် 'မေချို' အသက်ပျောက်နေတာကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

"ကျွန်မ ဒီညီမလေးကိုလှမ်းဆွဲလိုက်ပါသေးတယ်... သူ့အတင်းကားပေါ်တိုးတက်လို့ ဒီလိုဖြစ်ရတာ"

ကားပေါ်ကအရှိန်ဖြင့်ပြုတ်ကျပြီး ခေါင်းနဲ့ကားလမ်းနဲ့ ရိုက်ကာ နေရာမှာပင်ဆုံးသွားရတဲ့အဖြစ်ဆိုးပါ။

"ကံဆိုးလှချည်လား ညီမလေးရယ်... ညီမလေး ဒီလိုကံဆိုးရမယ်ဆိုတာသာသိရင် ကိုကိုလုံးဝပြန်မလာခဲ့ပါဘူး"

သမီးဖြစ်သူရဲ့ ကံဆိုးလှတဲ့အဖြစ်ကြောင့် မေမေသတိလစ်သွားခဲ့တာ လုံးဝသတိပြန်လည်မလာတော့ပါ။

အမေကကော ညီမပါတစ်ပြိုက်နက်ထဲ ဆုံးရှုံးခြင်းကိုခံစားခဲ့ရတဲ့ 'နေညို' ဘယ်သူ့ကိုမှ စကားမပြောချင်တော့ပါ။ ဘယ်သူနဲ့မှလည်း မပတ်သက်ချင်တော့ပါ။

ဖြစ်နိုင်လျှင် လူသူမနီးတဲ့ တောထဲတောင်ထဲမှာနေချင်သည်။

'စိုင်းထွန်း'နဲ့ သူနဲ့တွဲတုန်းက 'စိုင်းထွန်း' ပေးထားတဲ့ ကလောကလိပ်စာ 'နေညို့'မှာ ရှိနေသေးသည်။ မင်္ဂလာဒုံကခြံကိုရောင်းပြီး ကလောကိုအလာ 'စိုင်းထွန်း'နဲ့ အသင့်တွေ့ရသည်။

'စိုင်းထွန်း'က အရင်ကအလုပ်ကိုပြန်လုပ်စေချင်ပေမယ့်





သူ လူတွေနဲ့ မတွေ့ချင်တော့ပါ။ တတ်နိုင်သလောက် တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်သည်။

"ဒါဆိုလည်း ငါ့မြင်းကိုထိန်းပေးကွာ"

'စိုင်းထွန်း'၏ အစီအစဉ်ဖြင့် သူ 'ဘလက်ကွီ'ကို ထိန်းပေးရသည်။ သူ့အတွက် ထပ်ဝယ်ပေးတဲ့ မြင်းရိုင်းတစ်ကောင်ကို ယဉ်ပါးအောင် လေ့ကျင့်ပေးရသည်။ သည်လိုနှင့် သူ 'စိုင်းထွန်း'ဆီမှာ ခြောက်လခန့်နေပြီး 'ကိုခွန်ထွန်း'တို့ခြံကို ပြောင်းလာခဲ့ရတာဖြစ်ပါသည်။

ဘာပဲပြောပြော သည်အကြောင်းတွေက 'နေညို'ပြန်အမှတ်မရချင်သောအကြောင်းတွေပါ။

'ဒေါ(န်)' ကိုတွေ့ပြီးမှ ပြန်အမှတ်ရသလိုဖြစ်လာခဲ့သည်။

အတွေးဖြင့်အိပ်ရာမှ ကျူးအထ သူ့နာမည်ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

"'ကိုနေညို' ရှိလား"

"သြော်... 'ကိုခွန်ထွန်း' "

အလုပ်က ထမင်းစားပြန်လာပုံဖြင့် 'ကိုခွန်ထွန်း'ပုံစံက သန့်ပြန့်သားနားနေရသည်။

ရှပ်အင်္ကျီလက်ရှည် အပြာနုရောင်ပေါ်တွင် နက်ပြာရင့်ရောင် ခေါင်းစွပ်ဆွယ်တာလက်ပြတ်ကိုထပ်ထားကာ နက်ပြာရောင်ဘောင်းဘီရှည်ဖြင့် ဖြူဝင်းသော 'ကိုခွန်ထွန်း' အသားက





ပန်းနုရောင်ထနေသည်။

"မနက်က 'ဒေါ်(န်)' မြင်းစီးသေးသလားလို့"

သူပြန်လာကတည်းက 'ဒေါ်(န်)' အပြင်ထွက်တာ လုံးဝမတွေ့၍ 'ခွန်ထွန်း' 'ကိုနေညို' ဆီကို လာစုံစမ်းနေရတဲ့အဖြစ်ပါ။

'နေညို' လက်ဝါးတွင် စို့လာသောချွေးကို ဘောင်းဘီဖြင့် ပွတ်ရင်း တည်ငြိမ်စွာဖြေလိုက်သည်။

"မနက်က မစီးဖြစ်ဘူး... ခုနကလေးကမှ စီးဖြစ်တာ"

"သြော်... ဒါကြောင့်နဲ့တူတယ် ခုထက်ထိ အပေါ်က ဆင်းမလာသေးဘူး... တော်တော်ကြာကြာ စီးဖြစ်လား"

"ခဏပါပဲ"

'နေညို' အပြင်ထွက်လာတော့ 'ကိုခွန်ထွန်း'က ပြုံးသည်။

"မိန်းမတွေရဲ့စိတ်တွေက ခန့်မှန်းရခက်တယ်"

"ဘာဖြစ်လို့လည်း ဗျ"

'နေညို' 'ကိုခွန်ထွန်း'ကို မကြည့်ဘဲ အဝေးကိုကြည့်ကာ ပြန်မေးလိုက်သည်။

'ကိုခွန်ထွန်း'က ခန့်မှန်းရခက်ပေမယ့် 'နေညို'ကတော့ 'ဒေါ်(န်)' ဆိုတဲ့မိန်းမရဲ့စိတ်ကို ခန့်မှန်းလို့ရနေပါပြီ။

"သူတို့ ဘာကြိုက်လို့ ကြိုက်မှန်း ကျွန်တော်မသိဘူး...



www.burmeseclassic.com

www.burmeseclassic.com



သူ မနက်စောစောမြင်းစီးချင်တယ်ထင်လို့ ကျွန်တော်စီစဉ်ခဲ့ပေမယ့် သူ မနက်စောစောမြင်းမစီးဘူး”

“ဒါဆို နေ့ခင်းစီစဉ်ပေါ့”

“အဲဒါဆို ညနေမှ စီးမလားမသိဘူး”

နှစ်ယောက်သား ရယ်မောမိကြလေသည်။

“ဒါနဲ့... ‘ကိုနေညို’ ထမင်းမစားသေးဘူးလား”

“မဆာသေးလို့”

“အင်း... ‘ဒေါ(န်)’ လည်း မဆာသေးဘူးတဲ့ ကျွန်တော်လည်း အလုပ်ထဲပြန်သွားလိုက်ဦးမယ်... ညနေမှပဲ စောစောပြန်လာခဲ့တော့မယ်”

‘ကိုခွန်ထွန်း’ နှုတ်ဆက်ထွက်ခွာသွားချိန်အထိ ‘နေညို’ မြင်းဖောင်းရှေ့က မခွာဖြစ်သေးပါ။ ‘ဒေါ(န်)’ကို သူထပ်တွေ့ချင်ပါသေးသည်။

‘ဒေါ(န်)’ ကော သူ့ကိုထပ်တွေ့ချင်ပါ့မလား။

မဆိုမဆိုင် ‘ဒေါ(န်)’ အခန်းရှိရာကိုလှမ်းအကြည့် ‘နေညို’ကိုလှမ်းကြည့်နေမိသော ‘ဒေါ(န်)’ ကိုယ်ကိုနောက်ဆုတ်ကာ ခန်းဆီးဖြင့် ကွယ်လိုက်မိသည်။

ဘာဖြစ်လို့များ ဒီလူနဲ့ကျမှ ရင်တွေခုန်နေရတာပါလိမ့်။





‘ကိုခွန်ထွန်း’နဲ့လည်း ဒီလိုပဲ သွားဖူး လာဖူးတာပဲ။ ‘ဒေါ(န်)’ရဲ့ရင် လုံးဝမခုန်ခဲ့ပါ။ ရင်ခုန်တာအချစ်ဆိုရင် ‘ဒေါ(န်)’ သူ့ကိုချစ်နေမိပြီလား။

မဖြစ်နိုင်ပါဘူး၊ ‘ဒေါ(န်)’ သူ့ကိုချစ်တယ်လို့ မထင်ပါဘူး၊ ဒါဆို စိတ်ဝင်စားတာလား။

သူစိမ်းမိန်းကလေးတစ်ယောက်က သူစိမ်းယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားတယ်ဆိုတာ ဘာဖြစ်လို့ဖြစ်နိုင်မလဲ။

“ဟာ... မသိပါဘူးကွာ”

စိတ်တိုတိုဖြင့် ခုတင်ပေါ်အထိုင်...

“ဘယ်လိုလဲ ‘မရွှေဒေါ(န်)’... မနက်ကလည်း နေမြင့်မှ ထ အခုလည်း ထမင်းစားဖို့ ဆင်းမလာပြန်ဘူး... ဟိုမှာ ‘ခွန်’တောင် ထမင်းစားပြီးလို့ စက်ရုံပြန်သွားပြီ... ဘယ်လိုဖြစ်နေတာလဲ”

“ဘာဖြစ်လို့လဲ... ‘ဒေါ(န်)’ မှ မဆာသေးတဲ့ ဥစ္စာ”

“ဟဲ့... မဆာလည်း ဟန်ဆောင်ပန်ဆောင် အောက်ထပ်လေးဘာလေး ဆင်းလာသင့်တာပေါ့... ခုတော့ ‘မဦး’ကော ‘ခွန်’ပါ မျက်နှာတွေကိုပျက်လို့”



www.burmeseclassic.com

www.burmeseclassic.com



"အို... ကိုယ့်ဘာသာ မဆာလို့ မစားတာပဲ... ဝမ်းချင်းဆုံတာမှ မဟုတ်တာ"

"ဟဲ့... ဝမ်းချင်းမဆုံလည်း လူချင်းတော့ ဆုံရမယ်လေ... ဆုံစေချင်လွန်းလို့ ဒီကိုတမင်ခေါ်လာခဲ့တဲ့ ဥစ္စာ"

'ဒေါ(န်)' မေမေ့ကိုကျောပေးကာ ပြတင်းမှာရပ်လိုက်သည်။

တစ်ခါလာလည်း ဒီစကား နှစ်ခါလာလည်း ဒီစကား 'ဒေါ(န်)' နားကြားပြင်းပင် ကတ်လာပြီ။

ခက်တာက 'ဒေါ(န်)' ကိုယ်တိုင် ကလောကို လိုက်လာမိခဲ့ပြီပဲလေ။

"ညကျရင် လူကြီးတွေ စကားပြောကြမယ်... နင်ပါလိုက်ခဲ့"

"ဘာလုပ်ဖို့လဲ"

"ညည်းတို့ လက်ထပ်ဖို့ ရက်ရွေးဖို့ပေါ့"

"အို... 'ဒေါ(န်)'က လက်ထပ်မယ်လို့ ပြောလို့လား"

"ဒါဖြင့် ညည်းက ဘယ်သူ့ကို လက်ထပ်မှာလဲ"

'ဒေါ(န်)' မျက်ဝန်းထဲ လူတစ်ယောက်၏ပုံသဏ္ဌာန်ကို ထင်ဟပ်လာပါသည်။





မေမေ လုံးဝသဘောတူနိုင်မယ် မထင်ပါ။

"ပြောလေ... ညည်းလက်ထပ်ရမယ့်လူ ရှိနေပြီလား"

'ဒေါ(န်)' ခေါင်းကိုခါလိုက်သည်။ 'ကိုနေညို'နဲ့ 'ဒေါ(န်)' နဲ့က ဘာမှမဟုတ်ကြသေးပါ။

"ဒါနဲ့များ အေ... ကဲ ကဲ ရေမိုးချိုးပြီးထမင်းစား"

မေမေ အောက်ထပ်ကိုပြန်ဆင်းသွားမှ ရေချိုးခန်းထဲဝင်လာခဲ့လိုက်သည်။

ရေ မချိုးခင် 'ဒေါ(န်)' အဝတ်တွေကို ဖွဖွလေးကိုင်ကာ နမ်းရှိုက်လိုက်မိသည်။

ချွေးနံ့ကင်းတဲ့ 'ဒေါ(န်)' အဝတ်တွေက ချာလီရေမွှေးနည်းနည်းနဲ့ သင်းပျံ့မွှေးကြိုင်နေတာပါ။ သည်ရနံ့ထဲမှာ ရနံ့တစ်ခုရောစွက်နေသလို ခံစားရသည်။ 'ကိုနေညို'ရဲ့ ရနံ့များလား။

ခက်တော့နေပါပြီ ရန်ကုန်ကမလာခင် 'တာရာ' ဘာမှာဦးမလဲမေးစဉ်က 'တာရာ' ကမှာသည့် ရင်ခုန်စရာကောင်းသည် ရင်ခုန်စရာ လူတစ်ယောက်လောက်တဲ့။

ခု 'ကိုနေညို'က 'ဒေါ(န်)'အတွက် ရင်ခုန်စရာလူတစ်ယောက်ဖြစ်နေခဲ့ပြီလား။

ရေမိုးချိုးပြီး အောက်ထပ်ကိုဆင်းလာတော့ 'ကြီးဒေါ်'က



www.burmeseclassic.com

www.burmeseclassic.com



ထမင်းပြင်ပေးသည်။

ထမင်းစားရင်း 'ကိုနေညို'ကို သတိရမိသည်။ သူကော ထမင်းစားပြီးပြီလား ရုတ်တရက် နှုတ်ကထွက်သွားရသည်။

"'ကိုနေညို'ကော ထမင်းစားပြီးပြီလား 'ကြီးတော'"

"ဘယ်သူ"

အနားကိုရောက်လာတဲ့ မေမေက မေးလိုက်တာဖြစ်သည်။

"ခုနလေးတင်ပဲ စားပြီး ပြန်သွားပြီ"

မေမေက မျက်မှောင်ကြုတ်ကာ 'ဒေါ(န်)'ကိုစိုက်ကြည့်နေတာတွေ့ရသည်။ 'ဒေါ(န်)' မမြင်ဟန်ဆောင်ကာ ထမင်းကို အမြန်စားပြီး ခြံထဲကိုဆင်းလာခဲ့လိုက်သည်။

♀ ♀ ♀





၁၃

ကလောမြို့သည် လှပပြီး အေးချမ်းသောမြို့ကလေးဖြစ်ပါသည်။

စရောက်ခါစက ကိုယ့်ကိစ္စနဲ့ကိုယ်မို့ မြို့အလှကိုလည်း ခံစားရကောင်းမှန်း မသိပေမယ့် ခုတော့ တွေလေရာနေရာတိုင်းက အလှနဲ့ပြည့်နှက်နေသလိုခံစားရလေသည်။

ခြံထဲတွင်ရှိသော ဒန်းဖြူဖြူလေးပေါ်တွင်ထိုင်ကာ 'ဒေါ(န်)'စဉ်းစားနေဆဲ 'ဒေါ(န်)' ရှေ့ကို လူတစ်ယောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"'ဒေါ(န်)'"

ပြုံးရွှင်နေသောမျက်နှာက ချွေးစိုနေသည်။ ကားကိုအမြန်မောင်းလာရ၍ ဖြစ်သည်။ မနက်ဘက်ထမင်းစားအပြန် 'ဒေါ(န်)' မျက်နှာကို မမြင်ရထဲက 'ခွန်ထွန်း' သေလောက်အောင် စိတ်ညစ်နေမိသည်။

'ဒေါ(န်)' ဘာဖြစ်နေတာလဲ၊ သူ့ကို ဘာလို့ မတွေ့ချင်ရတာလဲ။

အလုပ်ထဲမှာလဲ မြင်သမျှက စိတ်တိုစရာ အပြစ်မြင်စရာတွေချည်းပင်။

ကြာလာတော့ ဖေဖေက 'ခွန့်' စိတ်ကိုနားလည်ကာ အိမ်ပြန်ခိုင်းလိုက်သည်။

'ခွန်' ပျော်လိုက်တာ ပြောမနေပါနဲ့တော့။

အိမ်အပြန်တွင် ပန်းတွေချည်းပဲစိုက်ထားသော ပန်းခြံကြီးတစ်ခြံကိုဝင်ကာ အလှဆုံးပန်းတွေကိုရွေးပြီး ပန်းတစ်စီးလုပ်လာခဲ့သည်။

ချစ်သော 'ဒေါ(န်)' ကိုပေးဖို့ပါ။

"ရော့ 'ဒေါ(န်)'"





"ဘာလုပ်ဖို့လဲ"

"ပန်းပေးတယ်ဆိုထဲက 'ဒေါ(န်)' ကိုအရှုံးပေးပါတယ်လို့ ပြောတာလေ... 'ဒေါ(န်)'ကို ကိုယ်အရှုံးပေးပါတယ်"

'ခွန်ထွန်း' 'ဒေါ(န်)' ရှေ့တွင်ဒူးထောက်လိုက်သည်။ 'ဒေါ(န်)' နားမလည်သလို တအံ့တသြကြည့်နေမိသည်။

"ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ"

"ဟင်..."

'ဒေါ(န်)' နေရာမှ ထရပ်လိုက်မိသည်။

"ကိုယ်... 'ဒေါ(န်)'ကို တကယ်ချစ်နေလို့ပါ"

ဘုရားရေ ဒါ သူ့ခြံထဲမှာဆိုပြီး 'ဒေါ(န်)'ကို အနိုင်ကျင့်တာမျိုးလား။

'ဒေါ(န်)' မျက်နှာတင်းအသွား...

"'ဒေါ(န်)' တလွဲမထင်ပါနဲ့... ကိုယ် 'ဒေါ(န်)' ကို အနိုင်ကျင့်တာမျိုးလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"ကိုယ်... 'ဒေါ(န်)' ကိုချစ်တာ မမြိုသိပ်နိုင်တော့လို့ပါ"

'ဒေါ(န်)' ပြုံးလိုက်မိသည်။ ကြောင်လိုက်တာ တကယ်ဆို 'ကိုခွန်ထွန်း' နေရာမှ 'ကိုနေညို' ဆို 'ဒေါ(န်)' ဘယ်လိုအဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာလဲ။

"ကိုယ်... ဒီလိုချစ်ခွင့်မပန်လည်း လူကြီးတွေသဘောတူရင် လက်ထပ်ရမှာကို သိပြီးသားပါ... ဒါပေမဲ့ ကိုယ် 'ဒေါ(န်)'ကို ချစ်နေတာ သိစေချင်လို့ပါ... 'ဒေါ(န်)' သဘောကကော"

'ဒေါ(န်)' ဘာပြန်ပြောရမှန်း မသိပါ။ ရင်ထဲကခံစားမှု အစစ်အမှန်ကို ဖြေပေးပါဆိုလျှင် 'ဒေါ(န်)' ရင်ထဲဘယ်လိုမှမခံစားရပါ။

ဒါဆို 'ဒေါ(န်)' 'ကိုခွန်ထွန်း' ကိုမချစ်ဘူးပေါ့။ ဒါပေမဲ့ 'ဒေါ(န်)' ဘယ်လိုငြင်းရမလဲ။

" 'ဒေါ(န်)' စဉ်းစားပါရစေဦး"

"ကျွန်တော်ဝမ်းသာရမယ့် အဖြေကို ကြားပါရစေ 'ဒေါ(န်)' ရယ်"

နှစ်ယောက်သားအတူတူ ဧည့်ခန်းတွင်းကိုအဝင် မေမေ့ မျက်နှာပြုံးတုံ့တုံ့ကို သတိထားလိုက်မိသည်။

ဧကန္တ မေမေတို့ပဲ မြှောက်ပေးထားသည်လား မသိပါ။ စိတ်တိုတိုဖြင့် 'ကိုခွန်ထွန်း' မျက်နှာကိုလှမ်းအကြည့် 'ကိုခွန်ထွန်း' က မသိဟန်ဆောင်ကာ တစ်ဘက်သို့လှည့်နေသည်။

သူများမြှောက်ပေးလို့ 'ဒေါ(န်)' ကို ပန်းလာပေးတာယူ





စရာလား။

လက်ထဲမှာကိုင်လာသော ပန်းစည်းကို အမှိုက်ခြင်းထဲ သွားအထည့် မေမေအနားကိုရောက်လာသည်။

"သမီးရယ်... ဒီလိုလုပ်စရာလား"

"မေမေတို့ပဲမြှောက်ပင့်ပေးတာ မဟုတ်လား"

"မေမေတို့မြှောက်ပေးပေမယ့် 'ခွန်' ကိုယ်တိုင် သမီးကို မေတ္တာမျှနေတဲ့ဥစ္စာပဲ"

"သူများမြှောက်ပေးလို့လုပ်တာထက် သူ့ရင်ထဲကပါမှ လုပ်တာပိုကောင်းတာပေါ့... ခုတော့ သနားမိတာတောင်အလကားဖြစ်ပြီ"

"အလကားမဖြစ်ပါဘူး... မေမေတို့ 'ခွန်' ကိုဘာမှမပြောတော့ဘူး... ကျေနပ်ပြီလား"

'ဒေါ(န်)' ဘာမှမပြောဘဲ အပေါ်ထပ်ကိုတက်လာခဲ့လိုက်သည်။ ခုချိန်မှာ 'ဒေါ(န်)' တစ်ယောက်တည်းပဲ အေးအေးဆေးဆေးနေချင်သည်။

အတွေးဖြင့် ပြတင်းဝတွင်အရပ်...

" 'ဒေါ(န်)' "

'ကိုနေညို' 'ဒေါ(န်)' ကိုရပ်ကြည့်နေတာတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်က တစ်ခုခုပြောချင်နေသလိုပင်။

"ဘာလဲ..."

'ဒေါ(န်)' မေးဆတ်အပြု၊ 'ကိုနေညို' က စာလေးထောင်ပြသည်။ ဘာလဲ 'ဒေါ(န်)' ကိုစာပေးမလို့လား။

ကလေးတစ်ယောက်လို ရင်တွေချက်ချင်းအခုန်မြန်လာကာ စာကိုဖတ်ကြည့်ချင်စိတ်က ချုပ်ထိန်းမရအောင်ဖြစ်လာခဲ့သည်။

ချက်ချင်းလိုကို အောက်ထပ်ကိုပြေးအဆင်း...

"သမီး ဘယ်လဲ"

မေမေက လှမ်းမေးသည်။

"ဩော်... ခြံထဲမှာပန်းတွေသွားခူးမလို့ပါ"

"ခုနက ပန်းစည်းကြီးကျတော့ လွှင့်ပစ်ခဲ့ပြီး... ခုမှဘယ်ကပန်းကိုများ ခူးဦးမလို့ပါလိမ့်"

'ဒေါ်အိမ်စိုး' နောက်မှလိုက်မည်အပြု...

"နေပါစေ အန်တီရယ်... လွှတ်ပေးထားလိုက်ပါ"

'ခွန်' စကားကြောင့် ခြံထဲဆင်းမလိုက်သွားဖြစ်ပေမယ့် သမီးဖြစ်သူ ထူးဆန်းနေတာကိုတော့ 'ဒေါ်အိမ်စိုး' ရိပ်မိသည်။

ဘာပဲဖြစ်ဖြစ် ညကျရင်တော့ 'ခွန်' နဲ့ပေးစားဖို့ ရက်ရွေး





မှကိုဖြစ်တော့မည်။ သည်လိုတွေးလိုက်မိတော့ ရင်ထဲပေါ့ပါးသွားကာ 'ဒေါ(န်)' ကိစ္စကိုမေ့သွားရသည်။

'ကိုနေညို' ဆီကို အမောတကောရောက်လာခဲ့ရသော 'ဒေါ(န်)' မှာတော့ အမောစို့သွားရသည်။

"ဘာလဲ..."

"မနက်က ကျန်ရစ်ခဲ့တဲ့ လက်ကိုင်ပဝါလေးပါ"

နှစ်ယောက်လုံး ထူပူနေတာမို့ လက်ကိုင်ပဝါလေးကျခဲ့တာ မသိကြပေမယ့် အခုညနေ တစ်ခေါက်ပြန်အသွားမှာတော့ 'နေညို' တွေ့လာခဲ့ရခြင်းပါ။

"ဒါများ နောက်မှပေးလည်း ရရဲ့သားနဲ့"

"'ဒေါ(န်)' က ဘာထင်နေလို့လဲ"

"သိဘူးလေ"

'ဒေါ(န်)' အူကြောင်ကြောင်ပုံစံလေးဖြင့် ရပ်နေတော့ 'နေညို' ရယ်ချင်လာရသည်။

သည်လိုပုံစံလေးပေါ့ အတင်းဖျစ်ညှစ်ပြီး ဖက်နမ်းချင်စရာကောင်းတာ။

"ခုနက ခြံထဲမှာ ရုပ်ရှင်ရိုက်နေသလိုပဲ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသားက မင်းသမီးကို ဒူးထောက်ပြီး ချစ်ခွင့်တောင်းနေတာလေ"

"ရှင် ဘယ်လိုသိလဲ"

"မျက်လုံးပါတာကို မြင်တာပေါ့"

အမှန်မှာ မြင်းဓောင်းနှင့်ခြံနဲ့က အနည်းငယ်လှမ်းပါသည်။

'အဘသန်း' နေမကောင်းဖြစ်နေ၍ ဆန်ပြုတ်ပြုတ်ပေးရန် 'အကြီးစော'ကို လာအပြော 'အကြီးစော' လှမ်းပြ၍ သူမြင်လိုက်ရတာပါ။

"မင်းသမီးက မဆိုးဘူး... အိုက်တင်ကောင်းတယ်"

"ရှင့်လောက်တော့ အိုက်တင်ကောင်းမယ်မထင်ပါဘူး ရှင်ကသာ..."

ပြောရင်း 'ဒေါ(န်)' မျက်ရည်လည်လာပါသည်။ သူမမှာဖြင့် မိန်းကလေးတန်မဲ့ မျှော်လင့်ချက်တွေ တစ်ပွေ့ကြီးပိုက်ကာ သူ့ဆီကို အရောက်လာခဲ့မိသမျှ သည်ကြတော့မှ ပုံပြင်ဖြစ်ရသည်။

တော်ပြီ 'ဒေါ(န်)' ဒီလူနှင့် မပတ်သက်ချင်တော့ပါ။ 'ဒေါ(န်)' ချက်ချင်းလိုလိုလှည့်ကာ နေရာမှထွက်အပြေး...





" 'ဒေါ(န်)' "

'နေညို' 'ဒေါ(န်)' နောက်မှ ပြေးလိုက်လာပါသည်။

"ရှင် ဘာလိုက်လုပ်တာလဲ"

"ဒီမှာ လက်ကိုင်ပဝါလေး မယူရသေးဘူးလေ"

"ဒါပဲ မဟုတ်လား"

'ဒေါ(န်)' လက်ကိုင်ပဝါကို ဆောင့်ဆွဲယူကာ ပြန်လာတော့ 'နေညို' နောက်ဘက်မှာ ကျန်ရစ်ခဲ့သည်။

ဒါလား ယောကျာ်းတစ်ယောက်ရဲ့အချစ်၊ မိန်းမတစ်ယောက်က ချစ်ဖို့ရဲရဲရင့်ရင့် သတ္တိတွေမွေးပြီး သူ့ဆီကိုရောက်အောင်လာခဲ့ပေမယ့် သူကတော့ သတ္တိတွေနည်းနေလိုက်တာ။

'ဒေါ(န်)' အကြောင်းကို သူသိစေရမည်။

"ပြန်လာပြီလား 'ဒေါ(န်)' "

'ဒေါ(န်)' တိုက်ထဲကိုအဝင် 'ကိုခွန်ထွန်း'နှင့်တန်းတိုးသည်။

"ဘယ်သွားတာလဲ"

" 'ကိုနေညို' ဆီ သွားတာ"

မေမေကော အန်တီ 'မေဦး'ပါ 'ဒေါ(န်)' ရဲ့မျက်နှာကို လှမ်းကြည့်နေကြသည်။ 'ကိုခွန်ထွန်း'ကလည်း 'ဒေါ(န်)' မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကိုစိုက်ကြည့်နေသည်။

"နက်ဖြန် မနက်စောစော မြင်းစီးမလို့ သွားပြောတာ"

" 'ဒေါ(န်)' တစ်ယောက်တည်းလား"

"အိုး... 'ကိုခွန်ထွန်း' မပါရင် 'ဒေါ(န်)' မစီးရဲပါဘူး"

အားလုံးရဲ့မျက်စိတွေက သဘောတကျဖြင့် ပြုံးသွားကြသည်။

'ဒေါ(န်)' ရဲ့ရင်ထဲမှာတော့ ခဲဆွဲထားသလိုလေးလံသွားခဲ့ရသည်။

♀ ♀ ♀





## ၁၄

"ပျော်ရဲ့လား 'ဒေါ(န်)' "

ကိုယ့်စကားနဲ့ကိုယ် 'ဒေါ(န်)' မနက်အစောကြီးထကာ မြင်းစီးနေရတာဖြစ်သည်။

ညတုန်းက လူကြီးတွေစကား နှားထောင်ရတာကြောင့် ညဥ့်နက်မှအိပ်ရသလို မနက်ကြတော့လည်း အစောကြီးထခဲ့ရတာကြောင့် 'ဒေါ(န်)' အရမ်းကိုအိပ်ချင်နေပါပြီ။

ဒါပေမဲ့ 'ကိုခွန်ထွန်း' ရှေ့မှာ 'ဒေါ(န်)' အရမ်းကိုပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်မည်။

'ဒေါ(န်)' ခေါင်းညိတ်ကာပြုံးအပြ...

"ကိုယ်တို့ လက်ထပ်ပြီးရင်လည်း တစ်နှစ်ကိုတစ်ခေါက်လောက် ဒီကိုအရောက်လာကြမယ် မကောင်းဘူးလား"

'ဒေါ(န်)' ခေါင်းညိတ်ပြရပြန်သည်။ ညကပင် လူကြီးတွေရှေ့မှာ 'ဒေါ(န်)' 'ကိုခွန်ထွန်း'ကို လက်ထပ်ဖို့ ကတိပေးခဲ့ပြီးပါပြီ။

'ကိုနေညို'ကို အရွဲ့တိုက်ချင်စိတ်ဖြင့်သာ ကတိပေးခဲ့မိပေမယ့် 'ဒေါ(န်)' စိတ်ထဲက မပါလှပါ။

ဒါပေမဲ့ 'ဒေါ(န်)' သူ့ကတိကို သူတည်အောင်ထိန်းသိမ်းရမည်။

နံနက်စောစောမြင်းကုန်းနီးတွေ ထပြင်ပေးနေသော 'ကိုနေညို'ကိုအတွေ့ ငိုချင်စိတ်က ချုပ်ထိန်းစိတ်မရနိုင်အောင်ပါ။

ဒါလား 'ဒေါ(န်)' ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့စိတ်၊ နူးညံ့လိုက်တာ ပျော့ပျောင်းလိုက်တာ။

တကယ်ဆို 'ဒေါ(န်)'ဆိုတဲ့ 'အရုဏ်ဦး'က ယောကျာ်းတွေနဲ့ ရင်ပေါင်တန်းပြီး ကမ္ဘာပတ်ကာ စီးပွားရှာနေတဲ့ မိန်းမတစ်ယောက်ပါ။





ဘာဖြစ်လို့များ ဒီလောက်မျက်ရည်လွယ်နေရတာလဲ။

သူမကိုယ် သူမလည်း နားမလည်နိုင်အောင်ပါ။ 'ကိုနေညို'က 'ဒေါ(န်)'ကို တစ်စုံတစ်ခုပြောချင်စိတ်ဖြင့် လှမ်းလှမ်းကြည့်နေပေမယ့် 'ဒေါ(န်)' သူ့စကားတွေကို နားမထောင်နိုင်တော့ပါ။

'ဒေါ(န်)'နံဘေးနားမှာ 'ဒေါ(န်)' လက်ထပ်ရမယ့် 'ကိုခွန်ထွန်း' ရှိနေပြီ မဟုတ်ပါလား။

လာမယ့် သီတင်းကျွတ်တွင် 'ဒေါ(န်)' 'ကိုခွန်ထွန်း'ကို လက်ထပ်ရပါတော့မည်။

ရန်ကုန် ဆီဒိုနားဟိုတယ်မှာရော ထရိတ်ဒါးဟိုတယ်မှာပါ ညည့်ခံပွဲနှစ်ပွဲကျင်းပဖို့ လူကြီးတွေတိုင်ပင်နေသံကို 'ဒေါ(န်)' ကြားရသည်။

'ဒေါ(န်)' စိတ်မဝင်စားတော့ပါ။ 'ဒေါ(န်)' ဘက်ကတာဝန်ကျေပြီ မဟုတ်လား။

ကလောမြို့အနှံ့ မြင်းစီးပြီးပြန်လာတော့ 'ဒေါ(န်)' အဆောင်လေးကို ပင်ပန်းနွမ်းနယ်နေပါပြီ။ မြင်းပေါ်ကဆင်းလိုက်တော့ ယိုင်သွား၍...

" 'ဒေါ(န်)' "



www.burmeseclassic.com

www.burmeseclassic.com



'ကိုခွန်ထွန်း' စိုးရိမ်တကြီး အော်ခေါ်သံကိုပဲကြားက 'ဒေါ(န်)' သတိလစ်သွားခဲ့ရပါပြီ။

သူမ သတိပြန်လည်လာချိန်မှာတော့ အိမ်ပေါ်ထပ်က အိပ်ရာထဲကို ပြန်ရောက်နေပါပြီ။ သူမ ပတ်ဝန်းကျင်မှာလည်း လူတွေတစ်ပုံကြီး သူမကို ငေးကြည့်နေတာတွေ့လိုက်ရသည်။

"ဘာတွေဖြစ်နေကြတာလဲ"

'ဒေါ(န်)' နေရာမှကြိုးအထ...

"သမီး မထနဲ့ဦးလေ"

မေမေက 'ဒေါ(န်)' ရဲ့လက်ကိုကိုင်ကာ အားပေးရှာသည်။

"သမီး အားနည်းနေလို့ သတိလစ်သွားတာ"

"ဟုတ်လား... 'ဒေါ(န်)' ဘယ်လောက်တောင်ကြာအောင် သတိလစ်သွားခဲ့တာလဲ"

"မနက်ထဲကဆိုတော့ ခု နေ့လယ်နှစ်နာရီတောင်ထိုးနေပြီ"

ကြည့်ရတာ 'ဒေါ(န်)' သတိလစ်ပြီးနောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပုံရသည်။

"နောက်... 'ခွန့်'ကို အလိုလိုက်ပြီး မြင်းလျှောက်မစီးနဲ့





တော့"

အန်တီ 'မေဦး'က စိတ်တိုသလိုပြောသည်။

"'ကိုခွန်ထွန်း'က စီးချင်တာ မဟုတ်ပါဘူး... 'ဒေါ(န်)'က ပူဆာလို့ပါ အန်တီ'မေဦး'ရယ်"

"ကဲ ကဲ... သမီး နားနား စိတ်ပင်ပန်းစရာတွေလည်း လျှောက်တွေးမနေနဲ့တော့ ဟုတ်လား"

အန်ကယ်'ဦးအောင်နိုင်'ကော အန်တီ'မေဦး'တို့ပါ အောက်ထပ်ကိုဆင်းသွားမှ 'ဒေါ(န်)' သက်ပြင်းချနိုင်တော့သည်။

'ကိုခွန်ထွန်း'ကတော့ အခန်းပြင်ထွက်ခါနီး 'ဒေါ(န်)'ကို လှမ်းပြောသည်။

"ကိုယ် 'လုံးတင်'ကို ကြက်ပေါင်းပေါင်းခိုင်းထားတယ်... လာပို့လိမ့်မယ်"

"ရပါတယ် 'ကိုခွန်ထွန်း'ရယ်... 'ဒေါ(န်)' လူမမာမှ မဟုတ်တာ"

"လူမမာမဟုတ်လဲ အားပြည့်အောင်တော့ သောက်ရမှာပဲ... ကံကောင်းလို့ 'ကိုနေညို' လှမ်းထိန်းထားပေလို့... နို့မို့ဆို 'ဒေါ(န်)' လဲကျသွားမှာ"

'ကိုနေညို'ရဲ့နာမည် ကြားလိုက်ရတဲ့ခဏ 'ဒေါ(န်)'မျက်



www.burmeseclassic.com

www.burmeseclassic.com



နာတင်းသွားမိသည်။

သူ့ကိုအရွဲ့တိုက်ချင်၍ မြင်းထစီးမိကာမှ ဖြစ်ရလေခြင်း။

ဘာပဲဖြစ်ဖြစ် 'ကိုနေညို'ရှေ့မှာ ဒီလိုဖြစ်သွားတာဆို တော့ ပိုတောင်ကောင်းသေးသည်။

'ကိုခွန်ထွန်း' 'ဒေါ်(န်)' ပွေ့ကာ အိမ်ပေါ်ခေါ်လာတာပဲ ဖြစ်ရမည်။

"'ကိုခွန်ထွန်း'ကို အားနာလိုက်တာ"

"ဘာဖြစ်လို့လဲ 'ဒေါ်(န်)'"

"ဩော်... 'ဒေါ်(န်)' ကိုအပေါ်ခေါ်လာခဲ့လို့လေ"

'ကိုခွန်ထွန်း' မျက်နှာက တစ်မျိုးဖြစ်သွားခဲ့သည်။

"ကိုယ်ခေါ်လာတာမဟုတ်ဘူး... 'ကိုနေညို' ပွေ့လာပေး တာ"

"ဘုရားရေ..."

'ဒေါ်(န်)' လန့်သွားမိသည်။

"'ဒေါ်(န်)'သတိလစ်သွားကတည်းက သူပဲအမြန်ပွေ့ပြီး ဒီကိုခေါ်လာပေးတာ... ကိုယ်ကဆရာဝန်သွားခေါ်နေရတာလေ"

နေရင်းထိုင်ရင်း 'ဒေါ်(န်)' သူ့ကိုကျေးဇူးတင်ရတော့ မည်။





"ကဲ ကဲ... 'ဒေါ်(န်)' လည်းနားဦးနော်... ကိုယ်စက်ရုံ ဘက်ခဏသွားလိုက်ဦးမယ်"

'ကိုခွန်ထွန်း' ထွက်သွားပြီးနောက် 'ဒေါ်(န်)' မျက်လုံးကို မှိတ်ကာ အိပ်ဖို့ကြိုးစားပေမယ့် ဘယ်လိုမှအိပ်မပျော်တော့ပါ။

ဒီကြားထဲ 'လုံးတင်' က ကြက်ပေါင်းလာပို့ရင်း'ဒေါ်(န်)' ကိုစာတစ်စောင် ထည့်ပေးသွားသည်။

"'ကိုနေညို' လာပေးသွားတာ"

ဖွင့်ဖတ်လိုက်တော့ 'ဒေါ်(န်)' စိတ်တွေ အရည်ပျော်သွား ရသည်။

'ဒေါ်(န်)'

နေကောင်းရဲ့လားဗျာ...

ကျွန်တော်အရမ်းစိတ်ပူတာယ်...

နေကောင်းအောင်နေပါနော်...

နေညို...

သူ့စာလေးကိုကိုင်ရင်း ပြတင်းပေါက်မှ လှမ်းအကြည့် သူ့အခန်းဆီကို မျှော်ငေးကြည့်နေတဲ့ 'ကိုနေညို' ပုံရိပ်ကိုတွေ့ လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ(န်)' 'ကိုခွန်ထွန်း' နဲ့လက်ထပ်ဖို့သဘောတူလိုက်မိတာ မှားသွားခဲ့ပြီလား။

အိပ်ရာပေါ်ပြန်အထိုင် မေမေအခန်းထဲဝင်လာသည်။

"သမီးကြက်ပေါင်းရည် သောက်ဦးလေ"

"သမီးလူမမာမှ မဟုတ်တာ"

"ဪ လူမမာမဟုတ်လည်း အားရှိတာပေါ့... သမီးမြန်မြန်အားရှိမှ မေမေတို့ရန်ကုန်ကို မြန်မြန်ပြန်ရမှာ... ဟိုမှာစီစဉ်စရာရှိတာတွေ စီစဉ်ရဦးမယ်လေ"

"ဘာကို စီစဉ်ရမှာလဲ မေမေရဲ့"

"ဟဲ့ သမီးနဲ့ 'ခွန်' နဲ့လက်ထပ်ပွဲအတွက်လေ... ဒီကြားထဲ ဘာလိုတော့တာလိုက်လို့"

အို 'ဒေါ(န်)' မပြန်ချင်သေးပါဘူး။ မေမေပဲရန်ကုန်မှာ ပြောတော့ တစ်လလောက်နေမယ်ပြောခဲ့ပြီး။

'ဒေါ(န်)' ဘက်ကမလျှော့တော့ မေမေက မျက်စောင်းခဲသည်။

" 'မဦး' တို့ကိုလည်းကတိပေးပြီးပြီ... ဘာမှထပ်ပြင်လို့မရတော့ဘူးနော် 'အရဏ်ဦး'..."

" 'ဒေါ(န်)' ဘာပြောနေလို့လဲ မေမေရဲ့"





"အေးပါ ပြောရင်လည်းမေမေက လက်ခံမှာမဟုတ်လို့ သတိပေးနေတာ"

'ဒေါ(န်)' ကြက်ပေါင်းရည်ကိုမော့သောက်ပြီး အိပ်ရာပေါ်လှဲအိပ်နေလိုက်သည်။

ဒီလိုဆိုတော့ မေမေအလိုက်တသိ ပြန်ထွက်သွားသည်။ မေမေပြန်ထွက်သွားမှ 'ဒေါ(န်)' သက်ပြင်းချလိုက်မိသည်။

ဒီကြားထဲ 'ကိုနေညို' နဲ့တွေ့ခွင့်ရှိနေသေးတာပဲ။ 'ကိုနေညို' နဲ့တွေ့လျှင် သူမကိုအကူအညီပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောရပါဦးမည်။

လောလောဆယ်မှာတော့ ဆေးအရှိန်ဖြင့် လူကအိပ်ပဲ အိပ်ချင်နေတာကြောင့် 'ဒေါ(န်)' မျက်လုံးကိုအမှိတ် ချက်ချင်းကို အိပ်ပျော်ခဲ့လေပြီ။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



# ၁၅

"နေကောင်းသွားပြီလား 'ဒေါ(န်)' "

နောက်တစ်နေ့မနက် 'ဒေါ(န်)' နိုးလာတော့ အရာအားလုံးက တောက်ပကြည်လင်နေသည်။

အိပ်ရေးဝဝအိပ်လိုက်ရတာကြောင့် ခေါင်းလဲမနောက်တော့ပါ။

" 'ကိုခွန်ထွန်း' အလုပ်သွားတော့မလို့လား"

"ပထမ 'ဒေါ(န်)' နေမကောင်းရင် အလုပ်မဆင်းဘဲနေ





မလို့... အခုနေကောင်းလာပြီဆိုတော့ စက်ရုံသွားမလားလို့"

"သွားပါ... 'ဒေါ(န်)' နေကောင်းနေပါတယ်"

"မြင်းလည်းလျှောက်စီးမနေနဲ့ဦးနော်"

"အင်းပါ"

'ကိုခွန်ထွန်း' ကို တိုက်အပေါက်ဝအထိ လိုက်ပို့ပေးပြီး ပြန်ဝင်လာတော့ မေမေနဲ့ အန်တီ 'မေဦး' တို့လူတစ်ယောက်နဲ့ အလုပ်ရှုပ်နေတာ တွေ့ရသည်။

"ဘယ်သူလဲ 'ကြီးစော' "

'ဒေါ(န်)' နွားနို့သောက်ရင်းအမေး 'ကြီးစော' ကတိုးဖြေသည်။

"ဗေဒင်ဆရာနဲ့တွေ့တယ်... သမီးတို့လက်ထပ်ဖို့ရက်ရွေးမလို့တဲ့"

သူတို့ဘာသာအလုပ်ရှုပ်နေကြတာမို့ 'ဒေါ(န်)' ကိုလည်း ဂရုမစိုက်အားပါ။ သည်တော့ 'ဒေါ(န်)' ခြံထဲကိုဆင်းလာခဲ့မိသည်။

ခုချိန်ဆို 'ကိုနေညို'လည်း ပန်းခြံထဲရောက်နေရောပေါ့"

သည်အတွေးဖြင့် မြင်းဇောင်းတွင်းကိုအဝင် 'ဘလက်ဒ်' က 'ဒေါ(န်)'ကို အတွေ့ ဝမ်းသာအားရ အသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်(န်)'ကို မှတ်မိနေပုံပင်။ 'ဒေါ်(န်)' 'ဘလက်ကီ'၏ နှာနုနုကို ဖြည်းဖြည်းလေးသပ်ပေးရင်း တိုးတိုးကလေးပြောလိုက်မိသည်။

"နင်ကသာ ငါ့ကို သိနေတာ... သူကတော့ ငါ့ကို သိပုံတောင် မရပါဘူး... အလကားလူ မချစ်တတ်တဲ့လူ"

"ဘယ်သူ့ကိုပြောတာလဲ 'ဒေါ်(န်)' "

"ဟင်..."

အခန်းထဲက ထွက်လာတဲ့လူက 'ဒေါ်(န်)' အနားကိုလျှင်မြန်စွာရောက်နေသည်။

" 'ကိုနေညို' "

'ဒေါ်(န်)' ခြောက်သွေ့စွာ ခေါ်လိုက်သည်။

" 'ဒေါ်(န်)' ခုနက မချစ်တတ်တဲ့လူဆိုတာ ဘယ်သူ့ကို ပြောနေတာလဲ"

'ဒေါ်(န်)' ခေါင်းအငုံ့ 'ကိုနေညို' ရှေ့ကို ပိုတိုးလာသည်။

"ချစ်တတ်လွန်းလို့ ရင်တွေတောင် ကွဲတော့မယ်ဆိုတာ 'ဒေါ်(န်)' သိရဲ့လား"

'ဒေါ်(န်)' ဘာပြောရမှန်း မသိပါ။ နောက်ဆုတ်ရင်းဆုတ်ရင်းနဲ့လည်း နံရံနဲ့ကျောနဲ့ ထိနေပါပြီ။





" 'ဒေါ်(န်)' သတိလစ်သွားတဲ့နေ့ကဆိုရင် ကျွန်တော် လုံးဝတောင် အိပ်လို့မပျော်ခဲ့ဘူး"

ခုချိန်မှာ 'ဒေါ်(န်)' ဘာမှမသိချင်တော့ပါ။ ဒီမြင်းဖောင်းထဲက အမြန်ဆုံးပြေးထွက်ချင်ပါပြီ ခက်တာ 'ကိုနေညို'က 'ဒေါ်(န်)' ရှေ့မှာ ပိတ်ကာထားသည်။

"ပြောလေ 'ဒေါ်(န်)'... အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ဟင့်အင်း... မသိချင်ဘူး"

အရင်တုန်းက သိချင်စိတ်ဖြင့် တစ်ချိန်လုံးကို စိတ်ဝင်စားနေခဲ့သမျှ ခုတော့လည်း ဘာကိုပြောလို့ပြောမှန်း မသိ။ 'ဒေါ်(န်)' ရင်တွေအခုန်မြန်နေမိပါသည်။

ဒူးတွေဆိုတာ တဆတ်ဆတ်တုန်နေကာ ပြိုယိုင်လဲမတတ်ပါ။

နောက်ဘက်နံရံကို အားယူကာ အမှီ...

"ခင်ဗျားလေးကို ချစ်လို့ပေါ့... သိပ်ချစ်လို့"

မကြားခင်က ကြားချင်လိုက်တာ ကြားလိုက်မိတော့လည်း မကြားဝံ့သလို နားနှစ်ဖက်ကိုအပိတ်...

"သိပါတယ်... ခင်ဗျား ကျွန်တော့်ကို မချစ်ရဲဘူးမဟုတ်လား... ခင်ဗျား တကယ်တမ်း လက်ထပ်ချင်တာက 'ကိုခိုနိုထွန်း'



www.burmeseclassic.com

www.burmeseclassic.com



ပဲ မဟုတ်လား"

"အိုး... မဟုတ်ဘူး"

'ဒေါ(န်)'က အအော်...

"ဒါဖြင့် ခင်ဗျား ဘာလို့ နားပိတ်ထားရတာလဲ... ကျွန်တော့်ချစ်စကားကို မကြားချင်လို့လား"

"'ဒေါ(န်)'... 'ဒေါ(န်)' မကြားဝံ့တာပါ"

"ဒါဖြင့်... 'ဒေါ(န်)'... 'ဒေါ(န်)'... ကျွန်တော့်ကိုချစ်တယ်ပေါ့"

ကြောက်လန့်တကြား မျက်လုံးကိုအမှိတ် သူ့မျက်နှာကြီး 'ဒေါ(န်)' မျက်နှာပေါ်ကို ပိကျလာတာကိုပဲ 'ဒေါ(န်)' သိသည်။

သည်နောက်မှာတော့ 'ဒေါ(န်)' ဘာကိုမှ မသိချင်တော့ပါ။

'ဒေါ(န်)' သူ့ကိုချစ်သည်။ သူ့ရဲ့ ထွေးပိုက်မှုတွေကို မြတ်နိုးသည်။

'ဒေါ(န်)' သတိပြန်ရ၍ သူ့ရင်ခွင်ထဲမှ ရုန်းအထွက် သူက 'ဒေါ(န်)'ကို လွှတ်မပေးဘဲ ဆွဲထားသည်။

"မပြန်ပါနဲ့ဦး 'ဒေါ(န်)'ရယ်... ကိုယ် 'ဒေါ(န်)'နဲ့ မခွဲချင်သေးလို့ပါ"





"မေမေတို့ သိသွားလိမ့်မယ်"

"ကိုယ် 'လုံးတင်'ကို မှာထားတယ်"

"သိပ် လည်နေပါလား"

"'ဒေါ(န်)'ဆိုတဲ့ အလှမာဘုရားနဲ့တွေ့မှပါ... အရင်က 'နေညို'ဆိုတာ မချစ်တတ်တဲ့လူပါ"

"မယုံပါဘူး"

"တကယ်ပါ 'ဒေါ(န်)'ရယ်... ကိုယ့်ဘဝမှာ 'ဒေါ(န်)' ကသာ အချစ်ဦးပါ"

သူ့ရဲ့အနမ်းတွေအောက်မှာ 'ဒေါ(န်)' နှုတ်ဆိတ်ကာနေရသည်။ အတန်ကြာနမ်းပြီးမှ 'ဒေါ(န်)' လိုက်မောသံဖြင့် ပြောလိုက်သည်။

"'ဒေါ(န်)'နဲ့ 'ကိုခွန်ထွန်း' လက်ထပ်ရတော့မယ်"

"လက်ထပ်ရသေးတာမှ မဟုတ်တာ"

"'ဒေါ(န်)'... ဘယ်လိုလုပ်ရမလဲ"

"ကိုယ့်နောက် လိုက်ခဲ့လေ"

'ဒေါ(န်)' 'ကိုနေညို' မျက်နှာကိုငေးကြည့်နေမိသည်။

"'ဒေါ(န်)'ကို သူ ဘယ်လိုထားမှာလဲ"

"ကိုယ် ဒီလိုတိုက်ကြီးမျိုး မဟုတ်ရင်တောင် 'ဒေါ(န်)'



www.burmeseclassic.com

www.burmeseclassic.com



ကို တိုက်ခန်းနဲ့ထားနိုင်ပါတယ်”

“ကျွေးတော့ကော ဘယ်လိုကျွေးမှာလဲ”

“ဒီမှာနေမယ်ဆိုရင် ခြံစိုက်ကျွေးမယ်… ရန်ကုန်မှာနေချင်ရင် ကားမောင်းကျွေးမှာပေါ့”

“ရန်ကုန်ကို ရောက်ဖူးလို့လား”

“ ‘ဒေါ(န်)’… ဘယ်သွားချင်လဲ”

‘နေညို’က ‘ဒေါ(န်)’ မျက်နှာကိုပြုံးစေ့စေ့ဖြင့် ငေးကြည့်နေသည်။

ချစ်မိပြီဆိုတော့လဲ ချစ်သူ၏မျက်နှာက ကြည့်လို့ကောင်းလှပါသည်။

“ပြောလေ အချစ်လေး… ဘယ်သွားချင်လဲ… ဘာစားချင်လဲ”

‘ဒေါ(န်)’ မျက်စောင်းခဲရင်း…

“လူကိုများ… အချစ်လေး ဘာလေးနဲ့ သူ့ကိုဘယ်သူကချစ်တယ် ပြောသေးလို့လဲ”

“ဒီ မျက်လုံးလေးတွေက”

“မချစ်ပါဘူး… မုန်းနေတာ”

“လူတစ်ယောက်ကို အသာလွတ်မုန်းနေတာ အဲဒီလူကို





စိတ်ဝင်စားလို့ပဲပေါ့… ပြောပါဦး ‘ဒေါ(န်)’ ”

“ကိုယ့်ကို စတွေ့ကတည်းက မုန်းနေခဲ့တာ မဟုတ်ဘူးလား”

“ဟုတ်တယ်”

“အဲဒါဆို မိန်းကလေးတွေရဲ့ ရင်ထဲကဆန္ဒက… ပါးစပ်ကစကားနဲ့ ဆန့်ကျင်ဘက်ကိုယူရင် ‘ဒေါ(န်)’ ကိုယ့်ကိုစတွေ့ကတည်းက ချစ်နေခဲ့တယ်… ဟုတ်တယ် မဟုတ်လား”

“မဟုတ်ပါဘူး… သူ့ကိုယ်သူ အထင်ကြီးလိုက်တာ”

“ဒါဖြင့် ဘယ်အချိန်မှာ စ,ချစ်သွားတာလဲ”

“မသိဘူးကွာ”

‘ဒေါ(န်)’က အငြင်း၊ ‘နေညို’ ‘ဒေါ(န်)’ ကိုယ်ကို ခပ်တင်းတင်းဖက်ထားလိုက်မိသည်။

“လွှတ်ကွာ… ‘ဒေါ(န်)’ မနေတတ်တော့ဘူး”

“ဟင့်အင်း… ‘ဒေါ(န်)’ ဖြေမှလွှတ်မယ်”

ပြောရင်း ‘နေညို’ မျက်နှာက ‘ဒေါ(န်)’ မျက်နှာအနီးရောက်လာပြန်တာမို့…

“ဖယ်ကွာ… ဖြေမယ်”

“ဘယ်တုံးကလဲ”



www.burmeseclassic.com

www.burmeseclassic.com



"နာမည်လေးကို စကြားကတည်းက"

"ဘာဖြစ်လို့လဲ"

'နေညို' 'ဒေါ(န်)' မျက်နှာကို တအံ့တသြငေးကြည့်နေမိသည်။

"ဒီကို မလာခင်ကတည်းက 'တာရာ့'ဆီက 'ကိုနေညို' နာမည်ကို ကြားလာခဲ့ရတာ"

"'တာရာ' ဟုတ်လား"

"သိလို့လား"

'နေညို' မျက်ခုံးတွန့်ကာ စဉ်းစားနေဆဲ...

"'တာရာ'က ကျောက်မြောင်း သီတာလမ်းထဲမှာ နေတယ်လေ"

အသားဖြူဖြူကောင်မလေးကို အမှတ်ရမိသည်။ 'မေချို' ရဲ့ သူငယ်ချင်းမလေး။

"'တာရာ'က 'ကိုနေညို'ကို ငယ်ငယ်လေးကတည်းက သဘောကျနေခဲ့တာ"

"ပြီးခဲ့ပါပြီ"

'မေချို'နဲ့အတူ သူ့ဇာတ်လမ်းက အားလုံးကိုပြည်ဖုံးကားချခဲ့ပြီးပါပြီ။





"ဘာလို့ ဒီမှာ လာပုန်းနေတာလဲ ဟင်"

"ကိုယ်... ရန်ကုန်က လူတွေနဲ့ ပြန်မဆုံချင်တော့ဘူး"

ခါးသီးလှတဲ့အတိတ်ဆိုးကြီးကို 'နေညို' ပြန်သတိမရချင်တော့ပါ။

"ဒါဆို... 'ဒေါ(န်)'ပါ ဒီမှာ နေရတော့မှာလား"

"ဘာပြောလိုက်တာလဲ"

'နေညို' နောက်ကြောင်းများကို ပြန်သတိရနေသောမို့ 'ဒေါ(န်)' ပြောလိုက်တာကို မကြားမိလိုက်ပါ။

'ဒေါ(န်)' ပြုံးစေ့စေ့မျက်နှာဖြင့်...

"'ဒေါ(န်)' 'ကိုခွန်ထွန်း'ကို လက်ထပ်လိုက်ရမှာလားလို့ မေးနေတာ"

"'ဒေါ(န်)' သဘောပါပဲ"

"တကယ်"

'ဒေါ(န်)' ဒီလို ပြုံးစေ့စေ့လုပ်လာတော့ 'နေညို' မနေနိုင်တော့ပါ။ ချစ်သူကို အတင်းချုပ်ကာ မျက်နှာအနှံ့ အငမ်းမရ အနမ်း။

"အို... လွှတ်ပါကွာ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

နောက်ထပ်ကို နှုတ်ခမ်းလေးကို ထပ်ကာအနမ်း...

"'ဒေါ(န်)'ပြန်မှဖြစ်မယ် ကို... မေမေတို့ သိသွားရင် မကောင်းဘူး"

'ဒေါ(န်)' သူ့အကျီနဲ့ လုံချည်တို့တွင် ကပ်ငြိနေသော ကောက်ရိုးမှုင်တွေကိုဖယ်ရင်း ဆံပင်ကိုလက်နဲ့သပ်လိုက်သည်။

'ဒေါ(န်)' ဒီလိုဖြစ်နေတာကို မေမေသာသိရင် ဘယ်လောက်များ စိတ်ထိခိုက်လိုက်မလဲ။

ဒါကြောင့် ရန်ကုန်ကထွက်လာကတည်းက မေမေ ပြောခဲ့တာ။

သမီးကညာ အရွယ်ရောက်လာရင် အခါမလင့်ရဘူးတဲ့ အခါလင့်ရင် မဟုတ်သောသူနဲ့ ရတယ်တဲ့။

မေမေ့အဖို့ 'ကိုနေညို'က ယုတ်သောသူ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် 'ဒေါ(န်)' အမြင်မှာတော့ 'ကိုနေညို'က 'ဒေါ(န်)'ရဲ့ အချစ်ဦးပါ။

'ဒေါ(န်)' 'ကိုနေညို'ကို မဖြတ်ပါရစေနဲ့။

"ကိုယ်တို့ ဘယ်တော့တွေ့ဦးမှာလဲ... 'ဒေါ(န်)'"

"'ဒေါ(န်)'... ကြံပါဦးမယ်"





"ကိုယ်... 'ဒေါ(န်)' ကိုမတွေ့ရရင် သေလိမ့်မယ်"

မခွဲနိုင် မခွာရက်ဖြစ်နေသော ချစ်သူကို 'ဒေါ(န်)'လည်း မသွားချင်ပါ။

"'ဒေါ(န်)'... ကိုယ့်ကို ချစ်ပါတယ်"

'ဒေါ(န်)'အပေါက်ဝရောက်ခါနီးမှ 'ကိုနေညို'ကို လာ ပြန်ဖက်လိုက်မိသည်။

'ဒေါ(န်)' ဘဝမှာလည်း 'ကိုနေညို'ဟာ အချစ်ဦးပဲ မဟုတ်ပါလား။

"ကိုယ်... 'ဒေါ(န်)'ကို နေ့တိုင်းစောင့်နေမယ်နော်"

'ဒေါ(န်)' ကို နဖူးလေးကိုလှမ်းနမ်းကာ မြင်းဇောင်းထဲမှ ထွက်လာခဲ့လိုက်သည်။

'ဒေါ(န်)' တိုက်ထဲကို ပြန်ရောက်ချိန်အထိ မေမေတို့နဲ့ ဗေဒင်ဆရာနဲ့ဇာတ်လမ်းက မပြီးဆုံးသေးပါ။

'ဒေါ(န်)' အပေါ်ထပ်ကို ပြန်တက်လာကာ ခုတင်ပေါ် ခွေအိပ်ပစ်လိုက်မိသည်။

သည်တစ်ခါအိပ်တာက နှစ်နှစ်ခြိုက်ခြိုက်ပါ။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

'ဒေါ(န်)' နိုးလာတော့ ညနေစောင်းနေပါပြီ။ မျက်နှာသစ် ရေမိုးချိုးကာ မှန်းထဲကိုလှမ်းအကြည့် 'ဒေါ(န်)' လန့်သွားရသည်။

နဂိုနှုတ်ခမ်းထက်ကို 'ဒေါ(န်)' နှုတ်ခမ်းတွေ ထူအမ်းနေရသည်။

ဒါ 'ကိုနေညို' လက်ချက်မဟုတ်လို့ ဘယ်သူ့လက်ချက်ဖြစ်နိုင်မလဲ။





သိပ်ဆိုးတဲ့လူ၊ လူကိုကြည့်တော့လည်း အေးတိအေးစက်နဲ့ သူများ အသည်းနှလုံးကို ဖွဲ့ခြွေတတ်တဲ့လူ။

ဒါနဲ့များ သူ့ကိုယ်သူ မချစ်တတ်တဲ့လူတဲ့ ချစ်များချစ်တတ်ရင် ဒုက္ခ။

အတွေးဖြင့် မျက်နှာက ပြုံးအသွား...

"ဟဲ့ သမီး... မြန်မြန်လုပ်လေ ဖျားနေမှ ဒုက္ခ"

သူ့မကသာ ပူနေသည် သမီးဖြစ်သူက နှုတ်ခမ်းနီနှင့်။

"ဘယ်သွားမလို့လဲ"

"မသွားပါဘူး... 'ကိုခွန်ထွန်း' ပြန်လာတော့မှာမဟုတ်လား"

'ခွန်' ပြန်အလာကို ရေမိုးချိုးပြီး ကြိုစောင့်နေပုံပင်။

သူ့မမှာဖြင့် ဗေဒင်ဆရာ ဟောတာကိုနားထောင်ပြီး စိုးရိမ်နေပိုနေခဲ့မိတာ။

ဗေဒင်ဆရာက သမီးနဲ့ 'ခွန်'တို့ရဲ့ဇာတာကို တိုက်ကြည့်ပြီး ခေါင်းခါသည်။

ဘယ်လိုမှ မနီးနိုင်တဲ့...

မင်္ဂလာဆောင်ဖို့ ရက်ပင် ရွေးနေတဲ့ဥစ္စာ ဘာလို့မနီးစပ်ရမှာလဲ။ ပြောတော့ သူပြောလျှင် မှားခဲ့သည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'မဦး' မျက်နှာကလည်း ပျက်နေသည်။ ဒီ ဗေဒင်ဆရာ မှန်တယ်လို့ 'မဦး'ပဲပြောကာ ပင့်ခိုင်းတာဖြစ်သည်။

ခု ဘယ်လို လုပ်ကြမလဲ။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဗေဒင်ဆရာကိုတောင်းပန်ရသည်။

"ယတြာလေး ဘာလေး လုပ်လို့မရဘူးလားဆရာရယ်... ကျွန်မတို့ အရမ်းကိုသဘောတူထားကြလို့ပါ"

"သား ဘက်ကတော့ မဖြစ်နိုင်ပါဘူး 'စိုး'ရယ်... သူ သမီးလေးကို ဒီလောက်သဘောကျနေတာပဲ"

"'ဒေါ(န်)'မှာများ ရည်းစားသနာ ရှိနေလို့လား"

"အို... ဘယ်က ရှိရမှာလည်း 'မဦး' ရယ်"

"မရှိလို့သာ ဒီကိုလိုက်လာပြီး သဘောတူခေါင်းညိတ်ပြီးပြီပဲ ဆရာရယ်... အနှောင့်အယှက်ရှိနေလို့လား... ဆရာ ပြောသမျှ ကျွန်မလိုက်နာပါ့မယ်"

"ဒါဆို မိန်းကလေးက ဘာနေ့သမီးလဲ"

"တနင်္ဂနွေပါ ဆရာကြီး"

"ယောကျာ်းလေးကကော"

"တနင်္လာပါ"





"စနေသား ဘယ်သူရှိလဲ"

'ဒေါ်အိမ်စိုး' 'မဦး' ကိုလှမ်းကြည့်လိုက်သည်။

တစ်အိမ်လုံးမှာ စနေသားလုံးဝမရှိပါ။

"စနေသား အနှောင့်အယှက်ရှိတယ်"

"ဒီအိမ်မှာတော့ မရှိဘူး...'မစိုး' တို့အိမ်မှာကော"

"သူ့အဖေကလည်း ကြာသပတေး... ဒရိုင်ဘာ 'ကိုတုတ်ကြီး' ကလည်း 'ကိုလှမြင့်' ဆိုတော့ ဗုဒ္ဓဟူးသား... ဘယ်သူမှမရှိဘူး"

"အဲ့ဒါဆိုစနေသားကိုရှာပြီး အစာကျွေးပါ... အုန်းထမင်းနဲ့ကြက်သားဟင်းချက်ပြီး တနင်္ဂနွေသမီးကိုကျွေးခိုင်းပါ... မြန်မြန် လုပ်ပါ မလုပ်ရင် မင်္ဂလာပွဲပျက်လိမ့်မယ်"

'ဒေါ်အိမ်စိုး' သမီးဖြစ်သူကို လှမ်းကြည့်လိုက်သည်။

ဒီလိုလှပသောသမီးလေးကို လူ့လောကအလယ် တစ်ယောက်တည်း မထားခဲ့ရက်နိုင်ပါ။

'ခွန်' ဆိုတာကကိုယ့်ရှေ့မှာ ကြီးပြင်းလာသောကလေး။

'မဦး' တို့ရဲ့ကောင်းမွန်စွာ အုပ်ထိန်းမှုကိုလည်း သိထားပြီးသားမို့ အစစအရာရာစိတ်ချရသော ကလေးပါ။

ဒီကလေးနဲ့ကလွဲလျှင် ဘယ်သူနဲ့သဘောတူရတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။

'ဒေါ်အိမ်စိုး' တွေးနေဆဲ 'ဒေါ(န်)' အောက်ထပ်ကိုရောက်လာသည်။

"သမီးအိပ်ရေးဝသွားပြီလား"

"ဟုတ်ကဲ့ အန်တီ 'မေဦး'... သမီး 'ကိုခွန်ထွန်း' ကိုထွက်စောင့်နေလိုက်ဦးမယ်"

'ဒေါ(န်)' ဒန်းကလေးမှာထိုင်ပြီး မကြာခင် 'ကိုခွန်ထွန်း' ရောက်လာသည်။

" 'ဒေါ(န်)' နေကောင်းသွားပြီလား"

"ဟုတ်ကဲ့"

"ဘယ်သွားမလို့လဲ"

"ဘယ်သွားရမှန်းမသိလို့ 'ကိုခွန်ထွန်း' ကိုစောင့်နေတာ"

"အဲဒါဆို ခဏစောင့်... 'ကိုထွန်း' ရေမိုးချိုးပြီးပြန်ထွက်လာခဲ့မယ်"

'ဒေါ(န်)' စောင့်ရင်း 'ကိုနေညို' ရဲ့ခြံကို သွားဖို့စဉ်းစားနေမိသည်။

'ကိုခွန်ထွန်း' လိုက်ပို့လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။





ခဏနေတော့ 'ကိုခွန်ထွန်း' ပြန်ထွက်လာသည်။

ရေမိုးချိုးပြီးစ 'ကိုခွန်ထွန်း' အသွင်က သန့်ရှင်းသပ်ရပ်နေသည်။

အဝါနုရောင်တီရှပ်လက်တို၊ မီးခိုးနုရောင်ဘောင်းဘီရှည်ဖြင့် လူကြီးလူကောင်းပီသလှသည်။ 'ဒေါ(န်)' ကိုလည်းကြင်နာလှသည်။

ဒါပေမဲ့ 'ဒေါ(န်)' ဘာလို့များမနှစ်သက်မိတာပါ လိမ့်နော်။

" 'ဒေါ(န်)' ဘယ်သွားချင်လဲ"

" 'ကိုခွန်ထွန်း' ကြိုက်တဲ့နေရာသွားလေ"

" 'ကိုနေညို' တို့ခြံကိုသွားမလား"

"ဝေးလား"

"ဟင့်အင်း... ဒီဘက်ကဖြတ်သွားရင်ရောက်ပြီ"

'ကိုခွန်ထွန်း' ညွှန်ပြရာလိုက်ကြည့်နေဆဲ...

"နေဦး အပြန်ကျမိုးချုပ်နေမယ်... 'ဒေါ(န်)' အတွက်အနွေးထည်သွားယူလိုက်ဦးမယ်"

'ဒေါ(န်)' ဝတ်ထားတာ ရိုးလ်ကော်လံပါ စပို့ရှပ်လက်ရှည်နီညိုရောင်လေးပါ။ ဘောင်းဘီရှည်အနက်လေးနဲ့ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ(န်)' ပုံစံက ချစ်စဖွယ်သားနားနေရသည်။

နှုတ်ခမ်းကိုအနီရောင်ဆိုးကာ ဆံပင်ကောက်ကောက်ပွပွ လေးနဲ့မို့ ပိုလို့လည်းလှပနေရလေသည်။

'ကိုခွန်ထွန်း' က မေမေပေးလိုက်ပုံရသော အသားရောင် လည်သာလောင်းကုတ်အင်္ကျီကို ကမ်းအပေး၊ 'ဒေါ(န်)' လက်မှာ ပိုက်ကာ 'ကိုခွန်ထွန်း' နဲ့အတူ ထွက်လာခဲ့သည်။

'ကိုခွန်ထွန်း' ကအနက်ရောင် ဂျာကင်ကိုထပ်ဝတ်လာခဲ့ သည်။

'ဒေါ(န်)' တို့နှစ်ယောက်ထွက်လာတော့ မေမေကော အန်တီ 'မေဦး'ပါ နောက်ကနေငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

သူတို့၏ရင်ထဲမှာတော့ 'ဒေါ(န်)' နဲ့ 'ကိုခွန်ထွန်း' ကို အင်မတန်မှလိုက်ဖက်ညီသော စုံတွဲတစ်တွဲဟု ထင်နေကြမှာပင်။

မေမေတို့တင်မက ပတ်ဝန်းကျင်ကပါ 'ဒေါ(န်)' တို့ကို လိုက်လံငေးမောနေကြရသည်။

'ဒေါ(န်)' 'ကိုခွန်ထွန်း' ကို အလင်္ကာသက်သက်ဒုက္ခပေး သလိုများ ဖြစ်သွားပြီလား။

သက်ပြင်းမောကိုအရှိုက်...

"ဟိုဟာ 'ကိုနေညို' တို့ခြံပဲ 'ဒေါ(န်)'... ပန်းတွေမလှဘူး





လား"

"အို..."

'ဒေါ(န်)' ပင်အံ့ဩသွားလောက်အောင် ပန်းတွေစုံလင် လှပါသည်။

"အားအားရှိ 'ကိုနေညို' က သူ့ပန်းပင်တွေကိုပဲ သနေ တာလေ"

အဝါရောင်တစ်ကန့်၊ အညိုရောင်တစ်ကန့်၊ ပန်းနုရောင် တစ်ကန့်၊ ခရမ်းရောင်တစ်ကန့်ဖြင့် ပန်းခြံကြီးက ရှုမောမဆုံးနိုင် အောင်ပါ။

"ဒါ 'ကိုနေညို' တစ်ယောက်တည်း စိုက်ထားတာလား"

"ဘယ်ဟုတ်ပါ့မလဲ 'ဒေါ(န်)' ရဲ့... လူငှားပြီးစိုက်ထား တာလေ... 'ကိုနေညို' စရောက်တည်းက လခမယူဘူးဆိုတော့ တစ်လငါးသောင်းနဲ့ တစ်နှစ်ကိုခြောက်သိန်း... ငါးနှစ်စာဒီမြေ ကွက်ကို သိန်းသုံးဆယ်နဲ့ဝယ်ပေးထားတာ... ဒီပုံဆိုခဏကလေး နဲ့ အရင်းကြေသွားမှာ"

"'ကိုနေညို' က သူ့ပန်းခြံနဲ့သူ နေနိုင်ရဲ့သားနဲ့ 'ကိုခွန် ထွန်း' တို့ဆီမှာ ဘာလို့လာနေနေရတာလဲ"

"ဆွေမျိုးမရှိလို့နေမှာပေါ့ 'ဒေါ(န်)' ရယ်... လူဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းနေရရင် အရမ်းအထီးကျန်တယ်လေ"

'ဒေါ(န်)' 'ကိုနေညို' ဘဝကိုနားလည် စာနာမိပါသည်။

"'ကိုနေညို'..."

'ဒေါ(န်)' တို့ရောက်လာတာကိုမသိတဲ့ 'ကိုနေညို' က ပန်းခြံထဲတွင် တကုန်းကုန်းနှင့် ဘာတွေအလုပ်ရှုပ်နေမှန်း မသိပါ။

'ကိုခွန်ထွန်း' က လှမ်းအော်ခေါ်မှ လှည့်ကြည့်လာသည်။

"'ဒေါ(န်)' မရောက်ဖူးလို့ လိုက်ပြတာ"

"'ဒေါ(န်)' စိတ်ဝင်စားမယ်မထင်ပါဘူး"

'ကိုခွန်ထွန်း' နဲ့အတူတွဲလာ၍ သူ့ပုံစံမကြည်မလင်ဖြစ်နေပုံပင်။

'ဒေါ(န်)' ရဲ့လက်ရှိအခြေအနေကိုက 'ကိုခွန်ထွန်း' နဲ့ မပတ်သက်လို့မဖြစ်ဘူးဆိုတာ သူ မသိလေရော့သလား။

"'ဒေါ(န်)' က စိန်တွေကျောက်တွေပဲ အကဲခတ်တတ်တာ... ပန်းတွေကိုကော အကဲခတ်တတ်လို့လား"

'ကိုနေညို' စကားကြောင့် 'ဒေါ(န်)' ပြုံးကာ ပြန်နှုတ်လိုက်မိသည်။





"'ဒေါ(န်)' ကြားဖူးတာတော့ စိန်ကဲကျောက်ကဲထက် လူကဲခတ်ရတာ ပိုခက်တယ်လို့ ကြားဖူးတာ... တချို့လူတွေက ကွယ်ရာတစ်မျိုး ရှေ့တင်တစ်မျိုးလေ"

'ဒေါ(န်)' သူ့ကိုနှက်လိုက်ပြီဆိုတာသိပေမယ့် 'ကိုခွန်ထွန်း' ရှေ့မှာမို့ 'နေညို' ဟန်မပျက် ပြုံးနေလိုက်ရသည်။

ရင်ထဲမှာတော့ 'ကိုခွန်ထွန်း' နဲ့ 'ဒေါ(န်)' တို့နှစ်ယောက်တွဲကိုကြည့်ကာ ပူလောင်ပြင်းပြလှပါသည်။

'ဒေါ(န်)' သာ 'ကိုခွန်ထွန်း' ကိုလက်ခံလိုက်လျှင် သူ့အသည်းနှလုံးတွေ ကွဲကြေရပါတော့မည်။

"အခု 'ကိုနေညို' ဘာလုပ်နေတာလဲ... ဘာပင်တွေစိုက်နေတာလဲ"

ရောင်စုံပန်းလေးတွေဖြင့် DAWN ဆိုသောစာလုံးကိုပုံဖော်နေတာပါ။

'ကိုခွန်ထွန်း' မြင်သွားလို့မဖြစ်နိုင်တာမို့...

"အလကားပါ... ပေါင်းပင်တွေလျှောက်နှုတ်နေတာပါ... လာ 'ကိုခွန်ထွန်း'... တစ်ခုခုစားပါဦးလား"

"ထမင်းစားရဦးမှာမို့ မစားတော့ဘူး 'ကိုနေညို'... ကျွန်တော်နဲ့ 'ဒေါ(န်)' လည်း ရှေ့လထဲကျရင် လက်ထပ်ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

လက်ထဲမှလွတ်ကျသွားတော့မလိုဖြစ်တဲ့ ပေါက်တူးကို မြဲမြဲဆုပ်ကိုင်ထားရင်း 'နေညို' ခေါင်းညိတ်လိုက်မိသည်။

ဒီလိုပဲဖြစ်လာမယ်ဆိုတာ နဂိုတည်းက သူသိပြီးသားပါ။

ဒါနဲ့များ 'ဒေါ(န်)' ရယ်...။

သူ့ကိုလှည့်စားရက်တယ်။ ဝေ့ဝဲကျလာတော့မယ့် မျက်ရည်ကိုမကျအောင် အံကိုခဲရင်း 'ကိုခွန်ထွန်း' ကိုပြောလိုက်မိသည်။

"ဝမ်းသာပါတယ် 'ကိုခွန်ထွန်း'... ကျွန်တော်လည်းခွင့်ခဏယူမလားလို့"

" 'ကိုနေညို' က ဘယ်သွားမလို့လဲ"

'ခွန်ထွန်း' အံ့အားသင့်စွာမေးလိုက်သည်။ သူတို့ဆီကို ရောက်တည်းက 'ကိုနေညို' တစ်ခါမှခွင့်မယူဖူးပါ။

"ဘယ်ရယ်မဟုတ်ပါဘူး... အလုပ်ထဲမှာပဲ နစ်နေတာ ကြာပြီဆိုတော့ စိတ်ပြေလက်ပျောက် ခရီးထွက်မလားလို့ပါ"

"ခင်ဗျားမရှိရင် ဒီခြံကဘယ်လိုလုပ်မလဲ"

"ကျွန်တော်စိတ်ချရတဲ့ ကောင်လေးတွေအပ်ထားခဲ့လို့ရ





တယ်"

'ကိုနေညို့' စကားသံကိုနားထောင်ပြီး 'ဒေါ(န်)' ငိုချင်လာပါပြီ။ 'ဒေါ(န်)' ကိုထားခဲ့ပြီး သူဘယ်ကိုထွက်သွားမလို့လဲ။

'ဒေါ(န်)' ခွင့်မပြုနိုင်ပါဘူး။

'ဒေါ(န်)' ဘက်ကအငြိမ်ကြီးငြိမ်နေတော့ 'ကိုခွန်ထွန်း' က လှည့်မေးသည်။

" 'ဒေါ(န်)' ပြန်ချင်ပြီလား"

"ဟုတ်ကဲ့"

အပြန်လမ်းမတော့ 'ကိုခွန်ထွန်း'ကော 'ဒေါ(န်)'ပါ နှစ်ယောက်စလုံးငြိမ်သက်စွာ ပြန်လာကြသည်။ 'ကိုခွန်ထွန်း'က သူ့အတွေးနဲ့သူဖြစ်သလို 'ဒေါ(န်)' ကလည်း ကိုယ့်အတွေးနဲ့ကိုယ်ပါ။

နေ့လယ်ခင်းတွေတုန်းက အကောင်း ခုမှ သူဘယ်လိုဖြစ်သွားရတာလဲ။

'ဒေါ(န်)' သူနဲ့ နှစ်ယောက်တည်းတွေ့ချင်လှပါပြီ။ အပြောင်းအလဲမြန်တဲ့ သူ့ရဲ့စိတ်ကိုလည်း 'ဒေါ(န်)' ဘယ်လိုနားလည်ရမှာလဲ။

ထမင်းစားပွဲတွင် ထိုင်လို့သာထိုင်နေမိသည် 'ဒေါ(န်)'



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကိုစိတ်မဝင်စားလှပါ။

ညဘက် သူ ထမင်းစားလာမယ့်အချိန်ကို စောင့်နေမိသည်။

"မအိပ်သေးဘူးလား သမီး"

မေမေက ခါတိုင်းလိုမှတ်ကာ မေးလိုက်ပေမယ့်'ဒေါ(န်)' မအိပ်နိုင်သေးပါ။ စာအုပ်တစ်အုပ်ကိုဖတ်ရင်း သူ့ကိုမေးရမယ့် စကားတွေကိုပဲတွေးနေမိပါသည်။

သူဘာလို ခုလိုချက်ချင်းကြီး ပြောင်းလဲသွားရတာလဲ။ 'ကိုခွန်ထွန်း' ဘာပဲပြောပြော 'ဒေါ(န်)'က ကာယကံရှင်မဟုတ်ဘူးလား။

'ဒေါ(န်)' သဘောထားက အဓိကမဟုတ်ဘူးလား။

'ဒေါ(န်)' အောက်ထပ်ကိုဆင်းလာကာ 'အကြီးစော'ကို မေးလိုက်မိသည်။

"'ကိုနေညို' ထမင်း လာမစားဘူးလား 'အကြီးစော'"

"နေမကောင်းချင်လို့ ခေါက်ဆွဲပဲပြုတ်သောက်တော့မယ်လို့ 'အဘသန်း'ကို မှာလိုက်တယ်"

အဲဒါ သူ ညာတာ၊ တမင် သူ 'ဒေါ(န်)'နဲ့ဆုံရမှာစိုးလို့ သူ မလာတာ။





'ဒေါ(န်)'အပေါ်ကိုပြန်တက်လာခဲ့ပေမယ့် ရင်ထဲမှာလုံးဝနေလို့မရပါ။ အိပ်လို့လည်း လုံးဝမပျော်။

မနက်အစောကြီးထကာ မြင်းဖောင်းရှိရာထွက်လာခဲ့လိုက်သည်။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



# ၁၇

'ဒေါ(န်)' အရင်ဦးဆုံး တွေ့ရသူက 'ကိုနေညို' မဟုတ်ပါ။ 'အဘသန်း' ဖြစ်နေသည်။

" 'အဘသန်း' 'ကိုနေညို'ရော ဟင်"

"အစောလေးကပဲ ထွက်သွားခဲ့ပြီ"

"ဘယ်ကို ထွက်သွားတာလဲ"

'ဒေါ(န်)' ပါးပြင်ပေါ် မျက်ရည်များစီးကျလာခဲ့ပါသည်။

"သူ ဘယ်ကိုသွားမယ်ဆိုတာ 'အဘသန်း'ကိုလည်းပြောမသွားဘူးကွယ်"





'ဒေါ(န်)' သိပါသည်။ ဒါ သူ 'ဒေါ(န်)'ကို တမင်ရှောင်သွားခဲ့တာ။

ရှင် ရှောင်သွားလို့လည်း 'ဒေါ(န်)' 'ကိုခွန်ထွန်း' လက်ထပ်မှာမှ မဟုတ်တာ။

'ဒေါ(န်)' 'ကိုနေညို'ရဲ့ ပန်းခြံရှိရာဘက် ထွက်လာခဲ့လိုက်သည်။

သည်လောက်အပင်ပန်းခံပြီး စိုက်ထားတဲ့ပန်းပင်တွေကို ပစ်ကာ သူ ဘယ်ကိုထွက်သွားခဲ့တာလဲ။

'ဒေါ(န်)'တစ်ယောက်တည်း ခြံလယ်က အိမ်လေးတွင် ရှိုက်ခါငိုနေဆဲ...

" 'ဒေါ(န်)' "

"ဟင်"

'ဒေါ(န်)' အိမ်လေးက အလောတကြီးဆင်းလာကာ 'ကိုနေညို'ကို ပြေးဖက်လိုက်သည်။

"ကို 'ဒေါ(န်)' ကိုပစ်သွားတာ မဟုတ်လား... 'ဒေါ(န်)' ကို တမင် ထားသွားတာမဟုတ်လား"

" 'ဒေါ(န်)' ရယ်"

'နေညို' 'ဒေါ(န်)' တစ်ကိုယ်လုံးကို တင်းကျပ်စွာဖက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ခုလုံးကို တရှိုက်မက်မက်နမ်းရှိုက်ပစ်လိုက်သည်။

သူ 'ဒေါ(န်)' ကို ထားပြီး တကယ်ထွက်သွားခဲ့တာပါ။

'အဘသ :က သူ့ကိုပြောခဲ့သည်။ 'ဒေါ(န်)' ကိုဘယ်လောက်ပဲကြိုက်ငဲ့စေ 'ကိုခွန်ထွန်း' မျက်နှာတော့ ထောက်ထားသင့်သည်တဲ့။

သူလည်း နားလည်ပါသည်။ 'ကိုခွန်ထွန်း'ပေးတဲ့ အရိပ်အောက်မှာနေ 'ကိုခွန်ထွန်း' ကျွေးတဲ့ထမင်းကိုစားပြီး သူ 'ကိုခွန်ထွန်း'ရဲ့ အသည်းကို မခွဲသင့်ဘူးထင်ပါသည်။

ဒါကြောင့်လည်း သူ 'ဒေါ(န်)'ကို မချစ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါသည်။

ဒါပေမဲ့ သူ့စိတ်ကိုယ်သူ ဘယ်လိုမှမချုပ်တည်းနိုင်ခဲ့ပါ။ ခုလည်း လမ်းတစ်ဝက်ကိုရောက်ပြီးမှ 'ဒေါ(န်)'နာမည်နဲ့ပန်းလေးတွေစိုက်ထားတာသတိရပြီး ပြန်ဖျက်ဖို့အလာ 'ဒေါ(န်)'နဲ့ မမျှော်လင့်ဘဲ တွေ့နေရခြင်းပါ။

"ကို 'ဒေါ(န်)'ကို တကယ်မေ့ပစ်နိုင်ပြီလား"

"ဘယ့်နှယ် ပြောလိုက်တာလည်း 'ဒေါ(န်)'ရယ်... ကို့ရင်ထဲကို ဝင်ကြည့်စမ်းပါ"

ပြောရင်း 'နေညို' မျက်ရည်အကျ 'ဒေါ(န်)' 'နေညို'





မျက်နှာမှ မျက်ရည်တွေကိုသုတ်ပေးရင်း နေရာမှထလာသည်။

"လာ 'ဒေါ(န်)'တို့ မေမေတို့ကို သွားဖွင့်ပြောလိုက်မယ်"

"ဖြစ်မလား 'ဒေါ(န်)' ရယ်... 'ဒေါ(န်)' မေမေကကိုယ့်လိုကောင်နဲ့ ဘယ်သဘောတူပါ့မလဲ... 'ဒေါ(န်)' ပြန်လိုက်ပါ"

"မပြန်ဘူး... 'ဒေါ(န်)' ကို့ကိုပဲချစ်တယ်"

" 'ဒေါ(န်)'..."

'နေညို' 'ဒေါ(န်)' ကိုအော်ရင်း သူပါရှိုက်ငိုလိုက်မိသည်။ သူ့ကိုယ်သူတောင် မနည်းအားတင်းထားရတာ 'ဒေါ(န်)' ကိုပါပြောနေရတော့ သူ့ရင်ဘယ်လိုခံစားရတော့မှာလဲ။

" 'ကိုခွန်ထွန်း' မသိခင် ပြန်လိုက်ပါ 'ဒေါ(န်)' ရယ်နော်... လူကြီးတွေသိသွားရင် မကောင်းပါဘူး"

"ဟင့်အင်း 'ဒေါ(န်)' မပြန်ဘူး... 'ကိုနေညို' ကိုပဲချစ်တယ်... 'ကိုနေညို' ကိုပဲလက်ထပ်မယ်"

" 'ကိုနေညို' မှာဘာမှမရှိဘူး 'ဒေါ(န်)'... 'ဒေါ(န်)' ကိုချစ်တဲ့အချစ်တစ်ခုပဲရှိတယ်"

" 'ဒေါ(န်)' အဲ့ဒါကိုပဲလိုချင်တာ... အဲ့ဒါကိုပဲမက်မောတာ"

" 'ဒေါ(န်)' ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသားတင်းကျပ်စွာ ဖက်တွယ်ထားလိုက်မိသည်။ ခုချိန်မှာ ဘာလာလာ 'ဒေါ(န်)' ဘက်က လုံးစဂရုစိုက်တော့မှာ မဟုတ်တော့သလို 'နေညို' အတွေးထဲမှာလည်း ရဲရဲရင့်ရင့်ရင်ဆိုင်ဖို့ ဆုံးဖြတ်ရ ဂ်မိပါသည်။

သည်အသိဖြင့် တစ်ယောက်လက်ကိုတစ်ယောက် တင်းတင်းကျက်ကျပ် အတွဲ...

" 'မိဒေါ(န်)'..."

'ဒေါ(န်)' အသံလာရာကို လှည့်ကြည့်လိုက်သည်။

မေမေ။ မေမေနဲ့အတူ 'ကိုခွန်ထွန်း' မိဘတွေလည်းပါသည်။ 'ကိုခွန်ထွန်း' လည်းပါသည်။

"ညည်းမရှက်ဘူးလား..."

'ဒေါ(န်)' 'ကိုနေညို' လက်ကိုပိုပြီးဆုပ်ကိုင်လိုက်မိသည်။ ခုချိန်မှာရှက်တာထက် ချစ်တာကပိုအရေးကြီးသည်။

'ဒေါ(န်)' 'ကိုနေညို' ကိုခွဲရလျှင် သေမည်ထင်သည်။ ဒါကြောင့်လည်း မေမေ့ကိုရဲရဲရင့်ရင့် ရင်ဆိုင်လိုက်မိသည်။

" 'ဒေါ(န်)' 'ကိုနေညို' ကိုချစ်နေမိပြီ မေမေ"

"မပြောနဲ့ မကြားချင်ဘူး"

'ဒေါ်အိမ်စိုး' နားနှစ်ဘက်ကို စုံအုပ်လိုက်သည်။





ရှက်စရာကောင်းလိုက်တဲ့အဖြစ်။ ခံပြင်းစရာကောင်းလိုက်တဲ့အဖြစ်။

ဒါကြောင့်ဗေဒင်ဆရာက ပြောခဲ့တာ။ စနေသားအဖျက်ရှိတယ်တဲ့။ ခုတော့ဝေးဝေးပြေးရှာနေစရာမလို ကိုယ့်ခြံထဲကလူဖြစ်နေသည်။

" 'ဒေါ(န်)' ရယ် ပတ်ဝန်းကျင်ကို ငါဘယ်လိုမျက်နှာပြရမလဲ"

'ဒေါ်အိမ်စိုး' ရှိုက်ကာငိုလိုက်သည်။ သူ ဆတ်ဆော့ကာသမီးကိုဒီကိုခေါ်လာခဲ့တဲ့အတွက် ဖြစ်သွားရတာ။

"မေမေတောင်းပန်ပါတယ် သမီးရယ်... ပြန်လိုက်ခဲ့ပါနော်... 'မဦး' ကလည်း သိပ်နေကောင်းသေးတာမဟုတ်ဘူး"

"အန်တီ 'မေဦး' ကို'ဒေါ(န်)' ရှိခိုးပြီးတောင်းပန်ပါတယ် သမီး 'ကိုခွန်ထွန်း' ကိုလက်မထပ်ပါရစေနဲ့... သမီး 'ကိုနေညို' ကိုပဲလက်ထပ်ပါရစေ"

" 'ဒေါ(န်)'... အမိုက်မ... နင်မိဘကိုအရှက်ခွဲတာပဲ"

ပြောရင်း 'ဒေါ်အိမ်စိုး' စို့တက်သွားတာကြောင့်'ခွန်ထွန်း' 'ဒေါ်အိမ်စိုး' ကိုပွေ့ထူလိုက်ရသည်။

'နေညို' 'ဒေါ်အိမ်စိုး' ကိုကြည့်ရင်း 'ဒေါ(န်)' ကိုနှစ်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"'ဒေါ(န်)' ပြန်လိုက်သွားလိုက်ပါ... တော်ကြာအန်တီ တစ်ခုခုဖြစ်သွားရင် 'ဒေါ(န်)' ပဲ စိတ်မကောင်းဖြစ်နေရမှာ"

"ကိုကော..."

"ကိုယ်တို့ကိစ္စကို နောက်မှဆက်ပြီးဆွေးနွေးကြတာပေါ့"

"ကို 'ဒေါ(န်)' ကိုထားပြီး ထွက်မသွားပါဘူးနော်"

"ကိုယ်ဟာချည်တိုင်မှာချည်မိတဲ့ နွားတစ်ကောင်လို ဒေါ မှမဟုတ် 'ဒေါ(န်)' ဆိုတဲ့ညို့ကွင်းမှာမိထားတဲ့သားကောင်တစ်ကောင်လို 'ဒေါ(န်)' အပါးကဝေးဝေးကိုသွားနိုင်မယ်မထင်ပါဘူး 'ဒေါ(န်)' ရယ်..."

'နေညို' ရဲ့စကားကိုနားထောင်ကာ 'ခွန်ထွန်း' ပြုံးလိုက်မိပါသည်။

သည်အပြောတွေကိုပဲ မိန်းမတွေနှစ်သက်နေကြတာနဲ့ တူပါရဲ့။

'ဒေါ(န်)' မေမေ့ဆီကိုပြေးလာရင်း ပွေ့ထူလိုက်မိသည်။

"မေမေ... 'ဒေါ(န်)' လေ... မေမေ သတိရပါဦး"

'ဒေါ(န်)' မေမေ့ကိုယ်ကိုဘယ်လိုလှုပ်လှုပ် မေမေ သတိ





လည်မလာပါ။

"ဆရာဝန်ခေါ်မှဖြစ်မယ် 'ဒေါ(န်)'... အန်တီ့ကိုအိမ်ခေါ်သွားရအောင်"

"ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

'နေညို' 'ဒေါ(န်)' ၏မိခင်ကိုအပွေ့...

"ဟော့ကောင်... သားရေပေါ်အိပ် သားရေနားစားတဲ့ အကောင်... မင်း 'ဒေါ(န်)' ရဲ့အမေကို လာထိစရာမလိုဘူး... 'ကိုတုတ်ကြီး'... 'ဒေါ(န်)' အမေကိုမ,သွားလိုက်"

'ကိုခွန်ထွန်း' ဒေါသစကားကြောင့် ဒရိုင်ဘာ 'ကိုတုတ်ကြီး' 'ဒေါ်အိမ်စိုး' ကိုမ,ကာ သူတို့တိုက်ဘက် ပြန်ခေါ်လာခဲ့ရသည်။

'ဦးအောင်နိုင်' ရင်ထဲမှာလည်း သားနည်းတူခံစားနေရပေမယ့် 'ဒေါ(န်)' သူ့သားကိုမချစ်လို့ဖြစ်ရလေခြင်းဟူသော အတွေးနဲ့ ဖြေဖျောက်နိုင်ပေမယ့် သား 'ခွန်' ကတော့ 'နေညို' ကို အခဲကျေနိုင်ပုံမပေါ်ပါ။

တကယ်ဆို 'နေညို' ကိုခြံထဲမှာနေထိုင်ခွင့် ပြုထားတာ သူ့သဘောတစ်ခုတည်းနဲ့ပဲ မဟုတ်ပါလား။

သား 'ခွန်' က ခြံထဲမှာထားချင်တာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မင်းငှါခြံရိပ်ကို လာနင်းရဲနင်းကြည့်… ငါနဲ့တွေ့မယ်"

ချစ်သူဇော်ဖြင့် 'ခွန်ထွန်းနိုင်' ဘယ်သူ့ကိုမှ ငဲ့ညှာမနေနိုင်တော့ပါ။

'နေညို' ကော်လံကိုမကာ ဆောင့်တွန်းပြီး သူတို့ခြံဘက်ကို ခြေလှမ်းကျဲဖြင့် ထွက်လာခဲ့လိုက်သည်။

ရင်ထဲမှာတော့ မုန်တိုင်းထန်နေသည်။ တကယ်ဆို 'ဒေါ်(န်)'ဟာ သူ့ပါးစပ်နားကိုရောက်လာတဲ့ အစားတစ်လုပ်ပါ။ ခုတော့ 'နေညို' ကြောင့် ပြုတ်ကျရတော့မည်။ သူ 'ဒေါ်(န်)'ကို လက်လွှတ်မခံချင်ပါ။ ရအောင်ကိုယူပြမည်။

သည်ဘက်ခြံကို ပြန်ရောက်လာပြီဖြစ်တဲ့ 'ဒေါ်အိမ်စိုး' မှာတော့ သတိပြန်လည်လာခဲ့ရပါပြီ။

"မိုက်လိုက်တာ သမီးရယ်… 'မဦး'တို့ကို ကျွန်မ ဘယ်လိုမျက်နှာပြရမှန်း မသိတော့ပါဘူး"

ရှက်ရွံ့တဲ့စိတ်ဖြင့် 'ဒေါ်အိမ်စိုး' ငိုချလိုက်မိသည်။

ရန်ကုန်ကိုပြန်ရောက်လို့ ခင်ပွန်းသည်မေးလျှင်လည်း သူမ ဘယ်လိုဖြေရပါ့။

"ညည်းမို့လို့ လုပ်ရက်တယ် 'ဒေါ်(န်)'ရယ်"

'ဒေါ်(န်)' တစ်ကိုယ်လုံးကတော့ ထူပူကာ ဘယ်လိုနေရ





မှန်းပင် မသိတော့အောင်ပါ။ ခြံထဲမှာ တစ်ယောက်တည်း ရပ်ကျန်ရစ်ခဲ့တဲ့ ချစ်သူကိုလည်းစိတ်ပူသည်။

သူမရှေ့မှာ ငိုဟယ်ရယ်ဟယ်ဖြစ်နေတဲ့ မိခင်ဖြစ်သူကိုလည်း စိတ်ပူသည်။

'ဒေါ်(န်)' ဘာလုပ်ရမလဲ။

ထူထူပူပူစိတ်ဖြင့် ငုတ်တုတ်ကြီးထိုင်နေဆဲ ဆရာဝန်နဲ့အတူ 'ကိုခွန်ထွန်း' ပြန်ရောက်လာသည်။

"ဘာမှမဖြစ်ပါဘူး… အရမ်းစိတ်လှုပ်ရှားသွားလို့ဖြစ်သွားတာပါ… စိတ်ရှုပ်စရာတွေ ဘာမှမတွေးနဲ့ အေးအေးဆေးဆေး အနားယူလိုက်ပါ"

သမီးဖြစ်ပြီးတဲ့နောက် အမေဖြစ်သူကို ဆေးကုပေးနေသောဆရာဝန်က 'ဒေါ်(န်)'ကို လှမ်းကြည့်နေသည်။ 'ဒေါ်(န်)'တို့ထက် အခြေအနေပိုဆိုးတာက 'ဒေါ်ခင်မေဦး'ပါ။

"သား'ခွန်'… မေမေ့ကို အိပ်ရာပေါ်ပို့ပေးပါ"

ကိုယ်တိုင်ပင် လမ်းမလျှောက်နိုင်တော့ဘဲ သားဖြစ်သူပွေ့ခေါ်မှ ခုတင်ပေါ်ရောက်လာခဲ့သည်။

"မေမေရှက်လိုက်တာ"

ပတ်ဝန်းကျင်တစ်ခုလုံးတွင် 'ဒေါ်(န်)'ကို အားနဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မယ့်မိန်းကလေးအဖြစ် သတ်မှတ်ပြီးပါပြီ။

ခုလိုအဖြစ်မျိုးဖြစ်သွားတော့ သူတို့သည်ပတ်ဝန်းကျင်မှာ ဘယ်လိုမျက်နှာပြရမလဲ။

"သား ဒီကောင့်ကို နှင်ထုတ်လိုက်မယ် မေမေ"

"ဖြည်းဖြည်းဆေးဆေး စဉ်းစားပါ သားရယ်"

'ဦးအောင်နိုင်' သားဖြစ်သူကို ဘယ်လိုပင် နှစ်သိမ့်ပေမယ့် 'ခွန်ထွန်း'စိတ်က 'နေညို'အပေါ်တွင် အခဲမကြေဖြစ်နေမိသည်။

သူ့ထက် ဘာမှမသာတဲ့ကောင်ကို 'ဒေါ်(န်)'ဘယ်လိုများ နှစ်သက်သွားရတာပါလိမ့်။

ဧကန္တ ဒီကောင် အပြောကောင်းကောင်းနှင့် မြူဆွယ်တာပဲဖြစ်ရမည်။

" 'ဦးလှမောင်' "

'ကိုခွန်ထွန်း' အသံကျယ်ကျယ်ကြောင့် ခြံစောင့်ကြီး 'ဦးလှမောင်' ဧည့်ခန်းထဲကို ခပ်ရှိ့ရှိ့ဝင်လာသည်။

"နောက် ဒီကောင့်ကို ခြံထဲလုံးဝ ဝင်မလာစေနဲ့"

" 'အဘသန်း' "

'ကိုခွန်ထွန်း'ရဲ့ ဒေါသသံကြောင့် မာလီ 'ဦးသန်းမြင့်'





တိုက်ထဲကိုခေါင်းငုံ့ကာ ဝင်လာသည်။

"ဒီကောင့်အိပ်ရာ ဒီကောင့်အဝတ်အစားအားလုံး ခြံထဲကလွှင့်ပစ်လိုက်... ဒီကောင် ခြံထဲဝင်လာရင် ကျွန်တော့်ကိုပြော"

'ဒေါ်(န်)' ရှေ့မှာ ပြုံးနေတာ ကြင်နာနေတာတွေက ဟန်ဆောင်မှုတွေသာဖြစ်ကာ 'ကိုခွန်ထွန်း'ရဲ့ သရုပ်အမှန်က မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးဖြစ်မှန်း 'ဒေါ်(န်)'မျက်ဝါးထင်ထင်တွေ့လိုက်ရပါသည်။

"တစ်အိမ်လုံးကို ပြောထားမယ်... ခုချိန်ကစပြီး ဒီကောင်နဲ့ ကျွန်တော်တို့နဲ့ ဘာမှမပတ်သက်တော့ဘူး... ပတ်သက်တဲ့လူကိုယ့်အထုပ်ကိုယ်ပြင်ပါ"

အားလုံး 'ကိုခွန်ထွန်း' စကားကြောင့် ကိုယ့်နေရာကိုယ်ပြန်သွားခဲ့ကြပါပြီ။

'ဒေါ်(န်)' ခရီးဆောင်အိတ်ကိုချကာ အဝတ်အစားများကောက်ထည့်လိုက်သည်။ 'ဒေါ်(န်)'က ပတ်သက်မိသူဆိုတော့ ကိုယ့်အထုပ်ကိုယ်ပြင်တာ အကောင်းဆုံးပါ။

"မေမေလည်း ပြင်လေ"

"ဟဲ့... ငါ့ကို ပြောတာမှမဟုတ်တာ"

"ဒါပေမဲ့ 'ကိုခွန်ထွန်း' အကြောင်းကို မေမေလည်း ခု



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီပဲမဟုတ်လား… ‘ဒေါ(န်)’ကို လက်ထပ်ပြီးမှ အဲဒီလို ဆက်ဆံရင် မေမေဘယ်လိုနေမလဲ”

“ဒါကတော့အေ… သူ့ဘက်ကလည်း ညည်းဝင်ကြည့်ဦးမှပေါ့… သူကော မရှက်ဘဲနေမလား… သူနဲ့ပြိုင်ရတာ မြင်းထိန်းနဲ့ပြိုင်ရတဲ့ဥစ္စာ”

“‘ကိုနေညို’က မြင်းထိန်းအစစ်လည်း မဟုတ်ပါဘူး… သူ့ဘဝကိုသူ စိတ်နာပြီး ဒီကလောကိုရောက်လာတဲ့ လူတစ်ယောက်ပါ… အရင်တုန်းက ‘တာရာ’တို့နဲ့ ခြံချင်းကပ်ရက် နေလာခဲ့ဖူးတယ်”

“ဘယ်က ‘တာရာ’ လည်း”

“သမီး သူငယ်ချင်း ‘တာရာ’ လေ”

မေမေက ‘ဒေါ(န်)’ မျက်နှာကိုငေးကြည့်နေသည်။ တကယ်ဆိုတော့ မိဘဆိုတာ သားသမီးစိတ်ချမ်းသာတာကိုပဲ မြင်ချင်ကြတာပါ။

“ဒါဆို မေမေတို့ ဘာလုပ်ကြမလဲ”

“ရန်ကုန်ကိုပဲ ပြန်ကြတာပေါ့”

နောက်တစ်နေ့မနက်တွင် ‘ဒေါ(န်)’ တို့ ရန်ကုန်ကိုပြန်လာခဲ့ကြသည်။





## ၁၈

အသွားတုန်းက နှလုံးသားအသစ်နဲ့ပေမယ့် အပြန်လမ်းမှာတော့ ‘ဒေါ(န်)’ နှလုံးသားအက်ကွဲကြေမွနေသည်။

‘ကိုခွန်ထွန်း’ လက်ချက်ဖြင့် ‘ကိုနေညို’လည်း ကလောတွင်မရှိတော့ပါ။

ပြန်ကာနီး ‘ဒေါ(န်)’ ‘ကိုနေညို’ ခြံကိုသွားနှုတ်ဆက်တော့ ‘ကိုနေညို’ ခရီးထွက်သွားပြီတဲ့။

ဘယ်ကို ထွက်သွားသည်လည်း ပြောမသွားပါ။

‘ဒေါ(န်)’ နားထဲမှာတော့ ‘ကိုနေညို’ စကားသံက လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျက်မသွားသေးပါ။

"ချည်တိုင်မှာ ချည်မိတဲ့နွားတစ်ကောင်လို၊ ညို့ကွင်းမှာမိနေတဲ့ သားကောင်တစ်ကောင်လို 'ဒေါ(န်)' အပါးက ဝေးဝေးကိုသွားနိုင်မယ် မထင်ပါဘူးတဲ့"

'ဒေါ(န်)' သူ့အချစ်ကို ယုံပါသည်။ 'ဒေါ(န်)' ရှိတဲ့နေရာကို သူရောက်လာလိမ့်မယ်လို့ မျှော်လင့်ထားသည်။

ရန်ကုန်ကိုပြန်ရောက်ကာ ဆိုင်တွေဆီလျှောက်သွားပေမယ့် 'ဒေါ(န်)' စိတ်က အလုပ်ထဲမှာ မရှိလှပါ။

"ဘယ်လိုလည်း ငါမှာတာပါခဲ့ပြီလား"

'ဒေါ(န်)'ဘက်က လုံးဝငြိမ်နေတော့ 'တာရာ'ဘက်က ဖုန်းဆက်လာသည်။

"မင်္ဂလာကိစ္စ ပြင်နေပြီလား"

'ကိုခွန်ထွန်း'နဲ့ကိစ္စ အဆင်ပြေလာသည်ဟု ထင်ကာ 'တာရာ' မေးနေပုံပင်။

"ငါ သူနဲ့ လက်မထပ်ဖြစ်တော့ဘူး"

"ဘယ်လိုဖြစ်ရတာလဲ"

'ကိုခွန်ထွန်း'လို အစစအရာရာ အဆင်ပြေနေတဲ့လူတစ်ယောက်ကိုတောင် ငြင်းရလောက်အောင် 'ဒေါ(န်)' ဘာတွေဖြစ်





လာတာလဲ။

"ငါ လူတစ်ယောက်ကို ချစ်မိခဲ့ပြီ"

"တကယ်"

"ဟုတ်တယ်... အဲဒီလူက ငါ့နှလုံးသားကို တကယ်လှုပ်ရှားစေခဲ့ပြီ"

"ဘယ်သူလဲ"

'တာရာ့'အသံက စိတ်လှုပ်ရှားမှုနှင့်အတူ လှိုင်းထန်နေသည်။

"ခုတော့ သူ ငါ့အနားမှာ မရှိသေးဘူး... သူ ရောက်လာခဲ့ရင် ငါ နင့်ဆီကို ဖုန်းဆက်လိုက်မယ်"

'ဒေါ(န်)' ကျောက်တွေကို ပြန်စစ်နေလိုက်သည်။ ခုဆို ရန်ကုန်ကိုပြန်ရောက်တာ နှစ်လတိတိရှိခဲ့ပြီ။

သည်ကြားထဲ 'ကိုနေညို'ဆီက လုံးဝ အဆက်အသွယ်မရပါ။

'ကိုနေညို'ဆီကသာ မရပေမယ့် 'ကိုခွန်ထွန်း'ဆီက မင်္ဂလာဖိတ်စာကတော့ 'ဒေါ(န်)' ဆီကိုရောက်လာခဲ့သည်။

သူနဲ့ နိုင်ငံခြားတွင် ကျောင်းသွားတက်ရင်း ရင်းနှီးခဲ့တဲ့ မိန်းကလေးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်(န်)' ပြုံးလိုက်မိသည်။ဒါ ယောကျ်ားတစ်ယောက်ရဲ့ မြင့်မြတ်တဲ့စိတ်ထားလား။

'ဒေါ်(န်)' ကို မရလို့ နင့်ထက်သာတာ ငါ ယူပြမယ်ဆိုတဲ့ သဘောနဲ့လက်ထပ်ခဲ့တာကို 'ဒေါ်(န်)' မသိဘဲနေမလား။

မေမေကလည်း ခုမှ 'ကိုခွန်ထွန်း' စိတ်ကိုနားလည်ပုံနှင့် 'ဒေါ်(န်)' ကိုတီးတိုးပြောလာသည်။

"'ခွန့်' စိတ်က အရမ်းကိုနားလည်ရခက်တယ်နော်... သူ့ပုံစံကြည့်တော့ အေးသလိုလိုနဲ့"

အေးချင်ဟန်ဆောင်ပြီး ရင်ထဲမှာ မီးလိုပူနေတယ်ဆိုတာ 'ဒေါ်(န်)'က အစောကြီးကတည်းက သိထားပြီးပါပြီ။

"ဘာလိုလိုနဲ့ မနက်ဖြန် သမီး ဆိုင်သစ်ဖွင့်ဦးမယ်နော်"

သမ္မတရုံအနီးက လပြည့်ဝန်းပလာဇာတွင် 'ဒေါ်(န်)' ဆိုင်သစ်တစ်ဆိုင်ထပ်ယူထားပါသည်။

သည်ဆိုင်မှာတော့ လက်ဝတ်ရတနာတွေအပြင် ကျောက်စီပန်းချီကား၊ ဘုရားပုံ ပန်းပုရုပ်တွေပါတင်ထားမိသည်။

ကျောက်စီပန်းချီကားက 'ဒေါ်(န်)'ရဲ့ အိုင်ဒီယာပါ။

ကျောက်အကာ ကျောက်အဖြုန်းလေးတွေဖြင့် ရောင်စုံစီကာ ပန်းခင်းသဖွယ်ပြုလုပ်ထားသော ပန်းချီကားလေးတွေပါ။





ထိုအထဲထဲကမှ ရောင်စုံပန်းခင်းကြီးကို 'ဒေါ်(န်)'အရမ်းနှစ်သက်မိသည်။

'ကိုနေညို' တွေ့လျှင်လည်း အရမ်းနှစ်သက်လိမ့်မည်ဟု ထင်မိသည်။

ခုဆို 'ဒေါ်(န်)' 'ကိုနေညို' ကို မတွေ့ရတာ သုံးလပြည့်ပါတော့မည်။

'ကိုနေညို' 'ဒေါ်(န်)' ကိုမေ့သွားပြီလား၊ ဒါမှမဟုတ် ထားသွားပြီလား။

ပန်းချီကားကိုကြည့်နေရာမှ နောက်ဘက်ကိုအလှည့်...

"မမ... လူတစ်ယောက်က မမကိုတွေ့ချင်လို့တဲ့"

အရောင်းကောင်တာမှ ကောင်မလေးက လာပြောတာဖြစ်သည်။

"ဘယ်သူလဲ"

"ကျောက်ပြချင်လို့နဲ့တူတယ်"

'ဒေါ်(န်)' အပြင်ကိုထွက်အလာ လူတစ်ယောက်ရပ်စောင့်နေတာတွေ့ရသည်။

"ရှင်လား ကျွန်မကိုတွေ့ချင်တာ"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းလိုလူက ခေါင်းညိတ်ပြသည်။

"ကျွန်တော့်ဆရာက အစ်မကိုကျောက်ပြချင်လို့ပါ"

"ဒါဆို ခေါ်လာလေ ကျွန်မ ကြည့်ပေးမှာပေါ့"

"ကျောက်က အရမ်းလေးလို့ပါ"

တချို့ပန်းပုထုရတဲ့ကျောက်တွေက အရမ်းလေးတာကြောင့်...

"ကျွန်မ ဘယ်မှာ လိုက်ကြည့်ရမှာလဲ"

"ကားထဲမှာပါ"

ပလာဇာရှေ့တင်ဆိုတော့လည်း လိုက်ကြည့်ပေးဖို့ဆုံးဖြတ်ကာလိုက်အလာ...

"ဟိုရှေ့က ကားထဲမှာပါ"

ဆန်နီစူပါဆလွန်း အဖြူရောင်လေးကို ညွှန်ပြတာကြောင့် ကားနားကိုအရောက်...

"အမယ်လေး..."

'ဒေါ(န်)' လက်ကိုအကြမ်းပတမ်းဆွဲကာ ကားမောင်းထွက်လာတာကြောင့် 'ဒေါ(န်)' အလန့်တကြားအရုန်း...

"လူတကာခေါ်ပြရင် ဒီလိုပဲ လိုက်ကြည့်နေကြပဲလား"

"ဟင်"



BURMESE CLASSIC .com



ခပ်ငိုက်ငိုက်ဆောင်းထားတဲ့ ဦးထုပ်ကိုဖယ်ကာ အသံလာရာကို လှမ်းအကြည့်...

"ကို"

'ဒေါ(န်)' ဝမ်းသာအားရ အော်ခေါ်လိုက်တဲ့အသံက အတော်လေးကျယ်သွားရသည်။

"ကြည့်စမ်း... ဘယ်တုန်းက ရောက်နေတာလဲ"

"သုံးလရှိပြီ"

"ဟင်... ဒါဆို 'ဒေါ(န်)'တို့ ထွက်လာကတည်းပေါ့"

'နေညို' ခေါင်းညိတ်ပြလိုက်သည်။ သည်သုံးလအတွင်း မိန်းမတစ်ယောက်ကို တင့်တောင့်တင့်တယ်ထားနိုင်အောင် သူပြင်ဆင်ရသည်။

ခုဆို သူ 'ဒေါ(န်)' မေမေကို လိုက်တွေ့လို့ရပြီ။

"'ဒေါ(န်)' လွမ်းလိုက်တာ ကိုကိုရယ်"

"ကိုယ်ရော မလွမ်းဘူး ထင်လို့လား"

ကို့ မျက်လုံးက မျက်ရည်ကြည်နဲ့ အရောင်လက်နေသည်။

"ကိုယ် လွမ်းတိုင်း 'ဒေါ(န်)' သွားတတ်တဲ့နေရာတွေ ကိုယ် လိုက်ကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့တောင် မခေါ်ဘဲ နေနိုင်ရက်တယ်"

"အဲဒီလို နေနိုင်တာ နောင် တစ်သက်လုံး ပိုင်ဆိုင်ဖို့အတွက်ပဲ"

"သွားပါ... အလကား မချစ်တတ်တဲ့လူ"

"ထင်လို့ပါ... အခု အရမ်းချစ်တတ်နေပြီ"

ကားလေးက လူရှင်းသောလမ်းလေးတစ်လမ်းထဲတွင် တိခနဲ ထိုးရပ်သွားသည်။

ကားလေးထိုးအရပ် သစ်ပင်ထက်မှ ငှက်ကလေးနှစ်ကောင်၏ ဟိကနဲ ရယ်လိုက်သောအသံကို အခြားသစ်ပင်မှ ငှက်ကလေးတွေပါ ကြားကာ ထိုလမ်းလေး တစ်လမ်းလုံး ငှက်သံသာသာတွေဖြင့် ဆူညံလှုပ်ခတ်သွားပါတော့သည်။

ရှင်လန်းချမ်းမြေ့ပါစေ...

ဆက်လက်ပြီး ကြိုးစားပါဦးမည်...

ဝေဝေအောင်



www.burmeseclassic.com